# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ပြာသိုလဆန်း (၁)ရက် ၊ တနင်္လာနေ့ ၊ (30-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၄၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် ဒီဇင်ဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကို မောင်နှမများခင်ဗျာ**

ယနေ့ ခရစ်နှစ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် ကရင်သက္ကရာဇ် ၂၇၆၄ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ပြာသိုလဆန်း(၁)ရက်သည် ကရင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အမြတ်တနိုးတန်ဖိုးထားသည့် ကရင်နှစ်သစ်ကူးနေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ကရင်နှစ်သစ်ကူး အခါသမယတွင် ကရင်တိုင်းရင်းသားများအပါအဝင် မိဘပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်မင်္ဂလာနေ့ထူးနေ့မြတ်အချိန်အခါကို

စာမျက်နှာ ၁၈ ကော်လံ ၁

## ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအကြိုတေးဂီတဖျော်ဖြေပွဲ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကား




နေပြည်တော် ဒီဇင်ဘာ ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိဒေသခံပြည်သူများ၊ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများအပန်းပြေပျော်ရွှင်စေရန်နှင့် ၂၀၂၅ ခုနှစ် နှစ်သစ်ကို သာယာပျော်ရွှင်ချမ်းမြေ့စွာ ကြိုဆိုနိုင်ရန် ရည်ရွယ်၍ ကျင်းပသည့် နှစ်သစ်ကူးအကြိုတေးဂီတဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ် ၁ နှင့် ၂ ၌ ကျင်းပရာ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ မွန်းလွဲပိုင်းမှ စတင်၍

စာမျက်နှာ ၁၇ ကော်လံ ၁




ရတနာပုံ
၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# စစ်သည်သူရဲကောင်းများပေါ်ထွန်းစေလို လပြာသို မြင်းခင်းသဘင်ပွဲ

ပြာသိုလသည် မြန်မာ့ဆယ့်နှစ်လတွင် ဒသမမြောက်လဖြစ်ပြီး ဆောင်းဥတု၏အလယ်လလည်းဖြစ်သည်။ ပြာသိုလ၏ရာသီအမည်မှာ မကရရာသီ၊ စန်းပြည့်နက္ခတ်မှာ ဖုသျှ၊ စန်းယှဉ်တာရာမှာ ပုစ္စန်တာရာ၊ ရာသီရုပ်မှာ မကန်း(မိကျောင်း)၊ ရာသီပန်းမှာ ခွာညိုပန်းဖြစ်ပြီး ရာသီပွဲတော်မှာ မြင်းခင်းသဘင်ပွဲတော်ဖြစ်သည်။

ရှေးမြန်မာမင်းများလက်ထက်က ပြာသိုလရောက်လျှင် မြင်းခင်းသဘင်ပွဲတော်ကို ရာသီပွဲတော်အဖြစ် တစ်လလုံးကျင်းပကြသည်။ ထိုသို့ ကျင်းပခြင်းသည် မိမိနိုင်ငံတွင် စွယ်စုံပညာရှင်များပေါ်ပေါက်ထွန်းကားလာစေရေး၊ နိုင်ငံကာကွယ်ရေးတွင် စစ်ရေးစစ်ရာကျွမ်းကျင်လိမ္မာသော စစ်သည်သူရဲကောင်းများ အမြောက်အမြားပေါ်ပေါက်လာစေရေး၊ တိုင်းကားပြည်ရွာ စည်ပင်သာယာစေရေး စသောအကျိုးကိုမျှော်ကိုးလျက် ကျင်းပခြင်းဖြစ်ပေသည်။

ပြာသိုလ မြင်းခင်းသဘင်ပွဲသည် ကြည်းတပ်မတော်၏ ဆင်၊ မြင်းသူရဲကောင်း ရွေးချယ်ဖော်ထုတ်ပွဲဖြစ်သည်။ ခြေလျင်သူရဲနှင့် လေးသည်တော်စစ်သည်တို့၏ စစ်ရေးစွမ်းရည်အင်အားနှင့် စစ်ပညာအရည်အသွေးတို့ကို ထွန်းပြောင်လာအောင် မြေတောင်မြှောက်ပေးသောပွဲဖြစ်သည်။ ပြာသိုလတွင် ရွေးချယ်ခဲ့သောသူရဲကောင်းများကြောင့် မြန်မာ့စွမ်းရည်လျှမ်းလျှမ်းတောက်ခဲ့ရသည်။

ယခုအခါ မြင်းခင်းသဘင်ပွဲတော်မှာ မှေးမှိန်ပျောက်ကွယ်သွားပြီဖြစ်သည်။ သို့သော် စာရေးဆရာဒါရိုက်တာကြီး ဦးသုခ၏ကြိုးပမ်းလှုံ့ဆော်မှုဖြင့် ပြာသိုလတွင် အမေနေ့အခမ်းအနားများ ကျင်းပလာခဲ့ကြသည်။ မိခင်၏ကျေးဇူးကိုဆပ်သောအနေဖြင့် သတ်မှတ်ကျင်းပခဲ့ကြခြင်းဖြစ်ပြီး တရားဓမ္မပွဲများ၊ စာပေဟောပြောပွဲများလည်း ပူးတွဲကျင်းပကြပေသည်။

ကိုလိုနီနယ်ချဲ့တို့လက်အောက် သူ့ကျွန်ဘဝကျရောက်ခဲ့ရာမှ မြန်မာနိုင်ငံကို လွတ်လပ်ရေးရယူနိုင်ခဲ့သော ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်သည် ပြာသိုလဖြစ်သောကြောင့် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။ ထို့အတူ ပြည်ထောင်စုဖွားတိုင်းရင်းသား ကရင်လူမျိုးတို့၏ကရင်နှစ်သစ်ကူးပွဲတော်သည်လည်း ပြာသိုလဆန်း ၁ ရက်တွင် ကျင်းပလေ့ရှိသည့်အတွက် ပြာသိုလသည် မြန်မာနိုင်ငံ၏အထင်ကရ နေ့ရက်စုံလင်လှပေသည်။

လောကီရေးများတွင်သာမက လောကုတ္တရာရေးမှကြည့်လျှင်လည်း ပြာသိုလသည် ထူးမြတ်လှပေသည်။ အကြောင်းမှာ ဥရုဝေလကဿပညီနောင်သုံးဦး ဦးဆောင်သောရှင်တစ်ထောင်ကို မြတ်စွာဘုရားက ဥရုဝေလတောတွင် ချေချွတ်ရသည်။ မြတ်စွာဘုရားသည် ညတာရှည်သော ပြာသိုလ၏အချမ်းအအေးဒဏ်ကြံ့ကြံ့ခံကာ သီတင်းသုံးတော်မူပြီး ဥရုဝေလကဿပညီနောင်တို့ဦးဆောင်သော ရှင်တစ်ထောင်အား အာဒိတ္တပရိယာယသုတ္တန်တရားတော်ကို ဟောကြားတော်မူ၍ စည်းရုံးသိမ်းသွင်းချေချွတ်ခဲ့ပေသည်။

ရှေးအခါက ညအမှောင်ကိုဖြိုခွင်းနိုင်သောစွမ်းအင်ကို ဖယောင်းကိုသာ အားထားခဲ့ကြရသည်။ ဖယောင်းကိုရယူရာ၌လည်း ပျားများမှထုတ်ယူရရှိသောဖယောင်းကိုသာ အားထားကြရသည်။ ထို့ကြောင့် ပျားဖယောင်းများ အများဆုံးရရှိသော ပြာသိုလတွင် ဖယောင်းများစုဆောင်းကြရပေသည်။

မဟာအတုလမင်းကြီး၏ "မြူနှင်းစိုစို လပြာသို" ကဗျာတွင် လုံ့ရင်မြင်းခင်း၊ သဘင်ကျင်းလို့၊ ရာမင်းထွက်စံ၊ ဗိုလ်ညီလာခံသောအခါ"ဟုဆိုပေရာ ရှေးမြန်မာ့တပ်မတော်၏စစ်ရေးစစ်ရာကျွမ်းကျင်လိမ္မာကြသော သူရဲကောင်းတို့က ကိုယ်ရည်ကိုယ်သွေးကို မင်းပရိသတ်ရှေ့ချပြခွင့်ပေးသော ပွဲသဘင်လည်းဖြစ်သည်။ ထို့ကြောင့် ပြာသိုလ၏မြင်းခင်းသဘင်ပွဲတော်သည် မြန်မာစစ်သည် သူရဲကောင်းများပေါ်ထွန်းအောင် မွေးထုတ်ပေးသောလဟု ယုံကြည်ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အမှတ်(၂၇)အခြေခံပညာ အထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကြည့်ရှုအားပေး



**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိသူများ လိုက်ပါပြီး ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများအား မိုးသည်းထန်စွာရွာသွန်းချိန်တွင် ကျောင်းဝင်းအတွင်း ရေဝင်ရောက်မှုများ မဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်ရေး၊ ကျောင်းဥပမိရုပ်ကောင်းမွန်ရေး၊ ကျောင်းအင်္ဂါရပ်နှင့်အညီ အမြဲသန့်ရှင်းသပ်ရပ်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာပညာသင်ကြားရေးတို့ကိုအလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ရှင်းလင်းတင်ပြမှုများအပေါ်ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေး၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးကျော်**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၂၉၀၉၃ ဧက ရိတ်သိမ်းပြီးစီး

**ယင်းမာပင် ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၂၉၀၉၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း၂၉၀၉၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောပြောင်းခင်းများကို ယခုနှစ်ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၉၀၉၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၆၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဖူးစားပြောင်း ၂၉၀၉၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပြောင်းခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့တယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဖူးစားပြောင်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၀၉၇၁ ဧက၊ ကနီမြို့နယ်တွင် ၂၇၈၉ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၂၁၁၈ ဧက၊ ပုလဲမြို့နယ်တွင် ၁၃၂၁၅ ဧက စုစုပေါင်း ၂၉၀၉၃ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲရေးနှင့် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဖူးစားပြောင်း စိုက်ပျိုးရာတွင် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၆၀၀၀ ခန့်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း၊ ပြောင်းသီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံသာမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်သောကြောင့် အထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# သာပေါင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၄၃၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပုသိမ် ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၄၃၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၃၉၇၆ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မတ်ပဲ ၄၃၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မတ်ပဲများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ သာပေါင်းမြို့နယ်မှာ မတ်ပဲ ဧက ၄၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ဖို့ကျန်တဲ့ မတ်ပဲတွေကို ဆက်လက်စိုက်ပျိုးနေပါတယ်။ မတ်ပဲအပါအဝင် ဆောင်းသီးနှံတွေအားလုံး အခက်အခဲမရှိ စနစ်တကျရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တဲ့နည်းပညာတွေနဲ့ သွင်းအားစုတွေကို ချိတ်ဆက်ကူညီပံ့ပိုးပေးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

အဆိုပါ မတ်ပဲသီးနှံများ စနစ်တကျ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ မတ်ပဲသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေး၊ မတ်ပဲသီးနှံများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးလျက်ရှိကြောင်း၊ သီးနှံများအထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူထံမှ သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဖဖဲမြို့နယ် မင်းလွင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ဖဖဲ ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ဖဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မင်းလွင်ကျေးရွာအုပ်စု မင်းလွင်ကျေးရွာ၌ ဒသမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်မာနွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကိုရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ဖဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်မာနွယ်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မင်းလွင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို ရန်ပုံငွေကျပ် ၄၇၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဖဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။ **ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ မဟာမြိုင်(၂)နေ ကိုဇော်မင်းလတ်-မစောဝင်းနွယ်တို့က ဖခင်ဖြစ်သူ ဦးသာအေး အားရည်စူး၍ ရာသက်ပန်ဆွမ်းအလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့်ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၇၈၆၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၈၆၄ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၁၉၂ ကေနှင့် ဖူးစားပြောင်း ၆၃၄၇ ကေ စုစုပေါင်း ၈၅၃၉ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၂၁၀၉ ကေနှင့် ဖူးစားပြောင်း ၅၇၅၅ ကေ စုစုပေါင်း ၇၈၆၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၈၅၃၉ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၇၈၆၄ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းစိုက် တောင်သူများကို အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ကေလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ကေ စိုက်ပျိုးပါက ငွေကျပ်ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ကေ စိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# တွံတေးမြို့နယ် ခတ္တိယရွာသစ်ခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တွံတေး ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခတ္တိယကျေးရွာအုပ်စု၊ ခတ္တိယရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများ ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ခတ္တိယရွာသစ်ခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ ယခုထက် ပိုမိုအောင်မြင်အောင် အလေးထား၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ဦးရေ ၁၅၀ ကို အဋ္ဌမအကြိမ်မြောက် ရန်ပုံငွေကျပ် သိန်း ၄၅၀ သိန်းထိ ထုတ်ချေး ပေးထားကြောင်း သိရသည်။ **မောင်ခိုင်**

# ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ရာသီက စိုက်ပျိုးခဲ့သည့် စပါး ၂၂၁၅၆၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ပုသိမ် ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ်မိုးသီးနှံ စိုက်ရာသီက စိုက်ပျိုးထားသည့် စပါး ၂၂၁၅၆၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၅၀၇၈၂၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို ယခုနှစ်အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ စပါး ၂၂ ၁၅၆၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီမှာ ပုသိမ်ခရိုင် တစ်ခုလုံးအနေနဲ့ စပါးကေ ၅၀၀၀၀၀ ကျော်ထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိစပါး ၂၂၁၅၆၉ ကေထိ ရိတ်သိမ်းပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာန အနေနဲ့က စပါးတွေအခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေကြိုတင် လုပ်ဆောင်ပေးခဲ့ပါတယ်''ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်တွင် စိုက်ပျိုးထားသည့် မိုးစပါးများ ဖြစ်ထွန်းအောင်မြင်စေရန်၊ စပါးအရည်အသွေး ကောင်းမွန်စေရန်၊ စပါးအထွက်နှုန်း ကောင်းစေရန် စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# ဘဝ၏ကျေးဇူးရှင်များ

**ချစ်နိုင်(စိတ်ပညာ)**

မိမိဘဝတစ်သက်မှာ အပိုင်းအခြားသုံးရပ် ဖြတ်သန်းခဲ့တယ်ဆိုရပါမယ်။ ကျောင်းနေစ အရွယ်မှ ၂၂ နှစ်အထိက ကျောင်းသားဘဝပေါ့။ သူငယ်တန်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း တို့ကို တစ်နှစ်ပြီးတစ်နှစ် မြန်မာ၊ အင်္ဂလိပ် ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ သိပ္ပံ စတဲ့ကျောင်းသင်ဘာသာရပ်တွေ သင်ယူခဲ့တာ ကျောင်းသားဘဝပေါ့။ ဝလုံးကလေး ဝိုင်းဝိုင်းရေးတတ်အောင် သင်ပေးခဲ့တဲ့ မူလတန်းပြ ဆရာမဟာ အခုထိ အသက်ရှစ်ဆယ်ကျော်ရှိနေပါ သေးတယ်။ ကကြီး၊ ခခွေး သင်ပေးခဲ့တဲ့ **ဆရာမ မမခင်ရင်** ကျေးဇူးနဲ့သာ ကျွန်တော် ယခုလို စာအုပ်ပေါင်း ၁၃၀ ကျော် ရေးနိုင်လာခဲ့တာပဲ မဟုတ်လား။ မူလပထမ ကျေးဇူးတရားအကြီးမားဆုံးပေါ့။

ဒုတိယအသက်အပိုင်းအခြားကတော့ ၂၁ နှစ်မှာ ဘွဲ့ရ။ ၂၂ နှစ်မှာ ဗိုလ်ရွေးအဖွဲ့မှာ ဗိုလ်သင်တန်း တက်ခွင့်ဖြေဆို အစစ်ဆေးခံ။ အောင်တော့ မော်ဘီမှာရှိတဲ့ ဗိုလ်သင်တန်းကျောင်းကို သေတ္တာတစ်လုံး ထမ်းပြီး ရန်ကုန်-မော်ဘီခရီးသည်ကော၊ ကုန်တွေကော တင်တဲ့ကားနဲ့စီးပြီး သွားရတယ်။ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၃)ကို ကိုးလကြာ နေပူထဲ၊ ပြေးလိုက် လွှားလိုက်၊ ရွှံ့နွံဗွက်ထဲ လူးလိုက်လှိမ့်လိုက် စစ်ပညာတွေကို ဒူပေနာပေခံအောင် လေ့ကျင့်သင်ယူခဲ့ရတယ်။ သုံးလက စစ်သား၊ တပ်သားသစ်လိုမာအောင် အထုအထောင်းအမျိုးမျိုးနဲ့ လေ့ကျင့်ရတာပဲ။ စောစောထ၊ မိုးရွာရွာ၊ နှင်းကျကျ မနက်မိုးမလင်းခင် လေးမိုင်ပြေးလိုက် လျှောက်လိုက်။ သင်တန်းကာလ တစ်လျှောက်လုံး တစ်နေကုန်ချွေးသံတရွှဲရွှဲ အမောင်းခံခဲ့ရတာပဲ။ စစ်မြေပြင်ရဲ့ အသက်လုပွဲမှာ တက္ကသိုလ်ကျောင်းသားထိ လက်ဖဝါးနုနု ပန်းရောင်အသွေးဟာ အသားမာတက်လာတာပေါ့။ လက်ကျိုးတဲ့ကောင် ကျိုး၊ ခြေထောက်ကျိုးတဲ့ကောင် ကျိုး။ လူမာလူကြမ်း စစ်သားပီသအောင် ထုတာ မောင်းတာခံခဲ့။

ချွေးထွက်များမှ သွေးထွက်နည်းတယ်ဆိုသကိုး။ နေ့တိုင်း ချွေးထွက်အောင် လှုပ်ရှားနေရ။ ကျေးဇူးကြီးမားလှပါတယ်။

စစ်သားဘဝ၊ စစ်မြေပြင်မှာ သောင်းကျန်းသူ လက်နက်ကိုင်အဖွဲ့အမျိုးမျိုးနဲ့ သူသေသေ၊ ကိုယ်သေသေ စစ်တိုက်တမ်းကစားခဲ့တာ အနှစ် ၂၀ ကျော် ဖြတ်သန်းခဲ့ပေမယ့် အသက်မသေခဲ့ပါ။ ခလုတ်မထိ ဆူးမငြိခဲ့ပါ။ လူတစ်ယောက်နဲ့တစ်ယောက် နှာခေါင်း ပေါက်ပါတာချင်းအတူတူပေမယ့် အသက်ရှူတာချင်း ကွဲကြတယ်။ တကယ်တော့ အဲဒါက အလေ့အကျင့်၊ လေ့ကျင့်မှုကြောင့်ပါပဲ။

နိုင်ငံကို ချစ်မြတ်နိုးအောင်၊ လူမျိုးအတွက် အသက်ပေးပြီး ကာကွယ်ရဲအောင်၊ ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှု၊ အမျိုးသားအမွေအနှစ်များကို တန်ဖိုးထား ထိန်းသိမ်းချင်အောင်သင်တဲ့အပြင် စစ်သည်တော်ကောင်းတစ်ယောက်ဖြစ်လာအောင် လေ့ကျင့်သင်ကြားခဲ့ကြတယ်။

ကျွန်တော်စားတဲ့ စားဆောင်စားပွဲရှေ့က အထက်နံရံမှာ **"ဗိုလ်ချုပ်အောင်ဆန်းရဲ့ဩဝါဒစကား"** ရေးဆွဲထားတယ်။ နေ့စဉ် ဖတ်ရှုနေမိပါတယ်။

**"ဤကမ္ဘာ၌ ပြည်သူတို့၏လွတ်မြောက်ရေး၊ ငြိမ်းချမ်းရေး၊ တိုးတက်သာယာရေးတို့အတွက် တိုက်ပွဲဝင်ရင်း အသက်ကို ပေးလှူရခြင်းထက် ပို၍မွန်မြတ်သော အလုပ်နှင့် ကြီးမြတ်သောဂုဏ်သည် မရှိပြီ"**တဲ့။

ဘယ်ခုနှစ် ဘယ်ကာလဆီက ဘယ်မှာရေးခဲ့ ပြောခဲ့တာလဲ မသိပါ။ ဒီလောက်အဆီအနှစ်ပါတဲ့ ဩဝါဒကို ငါတို့ဖခင်၊ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ် သာလျှင် မှာကြားခဲ့မှာ သေချာတယ်လို့ ခုချိန်အထိ အခိုင်အမာ ယုံကြည်ပါတယ်။ ဗိုလ်ချုပ်အသက် ၃၀ တစ်ဝိုက်မှာပဲ ပြောခဲ့ ရေးခဲ့မှာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်ကို ချစ်ကြည်ညိုတော့ ကျွန်တော်တို့ ဗိုလ်လောင်း ၁၇၂ ယောက်ဟာ **ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၄၃)** ဂုဏ်ကိုဆောင်ကာ စစ်သားကောင်းပီသစွာ၊ ရောက်ရာနေရာ၊ ကျရာတာဝန်မှာ အကောင်းဆုံး ထမ်းဆောင်နိုင်ခဲ့ကြတာပဲ။

**ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးအောင်ထွန်း၊ ဗိုလ်မှူးပတ်ခန်းမွန်း၊ ဗိုလ်ကြီး တင်ဝင်း၊ ဗိုလ်ကြီး ထွန်းရွှေ (နောင်တိုင်းမှူး)၊ ဗိုလ်ကြီးမောင်သင့်(နောင်တိုင်းမှူး၊ ဝန်ကြီး)၊ ဗိုလ်ကြီးခင်မောင်၊ ဗိုလ်ကြီးအေးကို၊ ဗိုလ်ကြီးသန်းမြင့်၊ ဗိုလ်ကြီးလှမြင့်ကျော်(နောင်အခါ အား/ကာ ညွှန်ချုပ်)စတဲ့ ဆရာသမားများရဲ့** ကိုးလတာသွန်သင်ဆုံးမမှုနဲ့ အရာရှိကောင်းဘဝ ဖြစ်လာရပါတယ်။

ဆရာသမားကောင်းများရဲ့ သင်ကြားလေ့ကျင့်မှုနဲ့ ခြေလျင်၊ ခြေမြန်တပ်ရင်းအသီးသီးကို ရောက်ရှိသွားစ၊ ဒုတိယဗိုလ်ဘဝမှာပင် ဒုတိယဗိုလ်မောင်ကြိုင်၊ ဒုတိယဗိုလ်ငွေစိုး၊ ဒုတိယဗိုလ်သန်းစိုး စတဲ့အရာရှိငယ်များဟာ တိုက်ပွဲကြားမှာ အသက်ပေးလှူသွားခဲ့ကြရပါတယ်။ တိုက်ပွဲဆိုတာကတော့ တစ်ဖက်နဲ့တစ်ဖက် ပန်းနဲ့ပေါက်တမ်း ကစားနေတာမှမဟုတ်ဘဲ၊ ခြေ၊ လက်၊ မျက်စိတွေ စွန့်လွှတ်ခဲ့ရသူတွေလည်း ရှိပါရဲ့။ စစ်မြေပြင်မှာ အသက်စွန့်ခဲ့ရသူ သူငယ်ချင်း ၂၅ ယောက်ကျော် လောက်ရှိခဲ့ပါတယ်။ ဆုံးခန်းလမ်းပေပဲ။

**သူရဘွဲ့ရတဲ့ ဗိုလ်မှူးကြီးသန်းအောင်၊ သူရဲကောင်းဘွဲ့တံဆိပ်ရတဲ့ ဗိုလ်ခင်မောင်ဆင့်(ကျဆုံး)** စသဖြင့် သူရဲကောင်းအရာရှိတွေလည်း ဗသက(၄၃)က ထွက်ပေါ်ခဲ့ပါတယ်။ **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရတဲ့ ဗိုလ်တင်အုန်း**လည်းပါတာပေါ့။ ရဲဝံ့စွန့်စားဇာနည်များပဲ။

ဗိုလ်လောင်းကျောင်းသားအဖြစ် မော်ဘီတစ်ဝိုက် ရော်ဘာတောတွေ၊ လယ်ကွင်းတွေ၊ တောင်ကုန်းတွေ၊ ချောင်းတွေ၊ မြောင်းတွေ၊ ဝါးနက်ချောင်း၊ ပဲခူးရိုးမ အစပ်က ကျွန်းတောတွေထဲမှာ ခံ၊ ခွာ၊ ချီ၊ တိုက် စစ်ပညာလေ့ကျင့်ခဲ့လို့ စစ်မြေပြင်တိုက်ပွဲတွေ အနိုင်တိုက်တတ်ခဲ့တာပေါ့။ ဆံပင်ခေါင်းတုံးဆံတောက် (ထိပ်တည့်တည့်မှာသာ ဆံပင်လက်တစ်ဆစ်လောက်)နဲ့ ချွေးသံရွှဲရွှဲ၊ မိုးထဲလေထဲ လေ့ကျင့်ခဲ့တဲ့ သူငယ်ချင်းတွေဟာ ဗိုလ်သင်တန်းကျောင်း ဆရာကြီးများရဲ့ ကြီးမားတဲ့ ကျေးဇူးကြောင့် စစ်မြေပြင်ကို အနှစ် ၂၀ ကျော် ဖြတ်သန်းပြီးချိန်မှာတော့ ဗိုလ်ချုပ်၊ ညွှန်ချုပ်တာဝန်ထမ်းဆောင်ရသူတွေဘဝ အချို့က ရောက်ရှိလာကြပါတယ်။ နမူနာတချို့ ဖော်ပြရရင်-

၁။ **ဗိုလ်လောင်းကိုကိုကျော်ဟာ နိုင်ငံခြားရေးမှာ ညွှန်ချုပ်**

၂။ ဗိုလ်လောင်းကျော်ညွှန့် အလုပ်သမားရေး ညွှန်ချုပ်

၃။ ဗိုလ်လောင်းခင်မောင် ပြည်ထဲရေး၊ ရဲမှူးချုပ်

၄။ ဗိုလ်လောင်း ခင်မောင်ကြည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးချုပ်

၅။ ဗိုလ်လောင်း ခင်မောင်တင့် ကကလုံ ဗိုလ်ချုပ်

၆။ ဗိုလ်လောင်း ခင်မောင်အေး မွေးရေ ညွှန်ချုပ်၊ ဒုဝန်ကြီး

၇။ ဗိုလ်လောင်းချစ်နိုင် ပြန်ကြားရေးညွှန်ချုပ်၊ ဝန်ကြီး

၈။ ဗိုလ်လောင်း စစ်မြိုင် လူကယ်ပြန်ညွှန်ချုပ်၊ ဒုဝန်ကြီး

၉။ ဗိုလ်လောင်းငွေထွန်း ယဉ်ကျေးမှုညွှန်ချုပ်

၁၀။ ဗိုလ်လောင်းဒွေးဦး တိုင်းမှူး၊ ဝန်ကြီး

၁၁။ ဗိုလ်လောင်းတင်စိုး ရန်ကုန်တိုင်းမြို့တော်စည်ပင် အတွင်းရေးမှူး

၁၂။ ဗိုလ်လောင်း တင်လှိုင် စက်မှုညွှန်ချုပ်

၁၃။ ဗိုလ်လောင်းတင့်ဆွေ ဒုတိုင်းမှူး၊ မှူးချုပ်

၁၄။ ဗိုလ်လောင်းမင်းဆွေ မီးရထား ဦးဆောင်ညွှန်မှူး

၁၅။ ဗိုလ်လောင်းမြင့်အုန်း ကကထောက် မှူးကြီး

၁၆။ ဗိုလ်လောင်းရဲချစ်ဖေ ကကလေ မှူးချုပ်

၁၇။ ဗိုလ်လောင်းသန်းထွန်း နိုင်ငံခြားရေး ညွှန်ချုပ်

၁၈။ ဗိုလ်လောင်းသန်းမြင့် သတ္တုတွင်း ညွှန်ချုပ်

၁၉။ ဗိုလ်လောင်းသိန်းအောင် စက်မှု ညွှန်ချုပ်

၂၀။ ဗိုလ်လောင်းသိုက်ထွန်း စက်မှု ညွှန်ချုပ်

၂၁။ ဗိုလ်လောင်းသိန်းလွင် နိုင်ငံခြားရေး သံအမတ်ကြီး

၂၂။ ဗိုလ်လောင်းဝင်းမြင့် နိုင်ငံခြားရေးသံအမတ်ကြီး

၂၃။ ဗိုလ်လောင်း ဝင်းနောင် ကကထောက် မှူးကြီး

၂၄။ ဗိုလ်လောင်းမြင့်စိုး စဗဟ မှူးကြီး

၂၅။ ဗိုလ်လောင်းအေးကြွေ တိုင်းမှူး၊ ဗိုလ်ချုပ်

၂၆။ ဗိုလ်လောင်းအောင်နိုင်ထွန်း လယ်/ဆည် မွေးရေ အမြဲတမ်းအတွင်းဝန်

စိတ်ထဲပေါ်ရာ မှတ်မိတာပဲ ဖော်ပြလိုက်ရတာမို့ ကျန်ခဲ့ရင် ခွင့်လွှတ်ပါ သူငယ်ချင်းရာ။ (လွဲရင်ပြင်ပေးနော်) တစ်ပတ်စဉ်ထဲ အတူဆင်းတော့ တစ်မိဝမ်းတွင်းမှ အတူဆင်းခဲ့သလိုပါပဲ။ ရဲဘော်ရဲဘက်သံယောဇဉ်။

**❖စစ်သားဘဝ၊ စစ်မြေပြင်မှာ သောင်းကျန်းသူ လက်နက်ကိုင်အဖွဲ့အမျိုးမျိုးနဲ့ သူသေသေ၊ ကိုယ်သေသေ စစ်တိုက်တမ်းကစားခဲ့တာ အနှစ် ၂၀ ကျော် ဖြတ်သန်းခဲ့ပေမယ့် အသက်မသေခဲ့ပါ။ ခလုတ်မထိ ဆူးမငြိခဲ့ပါ။ လူတစ်ယောက်နဲ့တစ်ယောက် နှာခေါင်းပေါက်ပါတာချင်း အတူတူပေမယ့် အသက်ရှူတာချင်းကွဲကြတယ်။ တကယ်တော့ အဲဒါက အလေ့အကျင့်၊ လေ့ကျင့်မှုကြောင့်ပါပဲ။ နိုင်ငံကို ချစ်မြတ်နိုးအောင်၊ လူမျိုးအတွက် အသက်ပေးပြီး ကာကွယ်ရဲအောင်၊ ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှု၊ အမျိုးသားအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းချင်အောင် သင်တဲ့အပြင် စစ်သည်တော်ကောင်း တစ်ယောက်ဖြစ်လာအောင် လေ့ကျင့်သင်ကြားခဲ့ကြတယ်။ ❖**

မိမိတို့ကို အလားတူကျေးဇူးပြုမွေးမြူလေ့ကျင့်ပျိုးထောင်ပေးခြင်းအားဖြင့် ထောက်ကူခဲ့ကြသူများမှာ ကကကျင့်အောက်က လေ့ကျင့်ရေးကျောင်းကြီးတွေလည်း ပါတာပေါ့။ တိုက်ခိုက်ရေးကျောင်း၊ စစ်ဦးစီးတက္ကသိုလ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်။ စစ်သားဘဝ ၂၈ နှစ်အတွင်း ထောက်လှမ်းရေးသင်တန်းအတွေ့အကြုံတွေကလည်း စာတွေ့လက်တွေ့ အမြင်ကျယ်စေခဲ့ပါတယ်။ အရေးကြီးလှတဲ့ ပညာတွေ ရခဲ့ပါတယ်။ ဗထလ ကျေးဇူးများ။

ပထမဆုံး မိခင်တပ်ရင်းက လားရှိုးမှာရှိတဲ့ ခြေလျင်တပ်ရင်းပါ။ ခုနစ်နှစ်ကြာ အဲဒီတပ်မှာ တာဝန်အမျိုးမျိုး ထမ်းဆောင်ခဲ့ရတယ်။ ရန်သူအမျိုးမျိုးနဲ့ အနီးကပ် စစ်ကစားခဲ့ရပါတာပဲ။ တပ်ရင်းမှူး ဆရာ၊ မိဘ သုံးဦး (သုံးဆက်)တွေ့ခဲ့ရပါတယ်။ **ဗိုလ်မှူးကြီး ကျော်ဝင်း**(နောင် တွဲဘက်စစ်ရေးချုပ်၊ ကကရေး)၊ **ဗိုလ်ချုပ်အေဘယ်**(နောင် ကကဝယ်ညွှန်မှူး)၊ စီမံဘဏ္ဍာ၊ ကုန်သွယ်ရေး၊ ဟိုတယ်ခရီးဝန်ကြီး)၊ တပ်ရင်းမှူး ဗိုလ်မှူးအေဘယ်ရဲ့ ထောက်လှမ်းရေးအရာရှိဘဝမှာဗြိတိန် ဆင်းဒဟတ်စ်စစ်တက္ကသိုလ်က ဆင်းခဲ့သူရဲ့ မူဝါဒဆောင်ပုဒ်ကို အမွေရခဲ့တယ်။ သုံးချက်ကောင်းနေရမယ်။ **(၁)စိတ်ဓာတ် (၂) စည်းကမ်းနဲ့ (၃) စေတနာ။** ပြည်သူအပေါ် ရဲဘော်ရဲဘက်ချင်းအပေါ် မိမိက စံနမူနာပြဖြစ်ပါစေ။ ဗိုလ်ချုပ်အေဘယ်က ဗိုလ်ချုပ်ကြီးစန်းယုရဲ့ ကိုယ်ရေးအရာရှိလုပ်ခဲ့သူပေကိုး။ ဆေးကျောင်းသားဘဝကနေ တော်လှန်ရေးတပ်မတော်ထဲပါဝင်ခဲ့တဲ့ ဗိုလ်စန်းယုရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ စေတနာနဲ့ စွမ်းဆောင်ရည်ကတော့ ဘာမှအထူးပြောစရာမလိုပြီ။ နောက်တစ်ဦးက **မှူးကြီးထွန်းဦး** (နောင် လူကယ်ပြန်ညွှန်ချုပ်)၊ ခြေမြန်တပ်ရင်းတစ်ရင်းမှာ ငါးနှစ်ကြာ ရှေ့တန်းနောက်တန်းတာဝန်တွေ ထမ်းဆောင်ခဲ့ရတယ်။ တပ်ရင်းမှူး သုံးယောက်ကြုံခဲ့တယ်။ **ဒုမှူးကြီးတင်ထွန်း** (နောင်အခါ) ဖောင်ကြီး ဗဝတကျောင်းအုပ်ကြီး)၊ **မှူးမောင်ဒွေး၊ မှူးကြီးသန်းအောင်**(စစ်သံမှူးကြီး)၊ တပ်ရင်းမှူး သုံးဦးစလုံး မိမိကို သားသမီးလို ညီအရင်းလို ချစ်ခင်စောင့်ရှောက်ခဲ့ကြပါတယ်။ ဗိုလ်မှူးကြီးတင်ထွန်းနဲ့ ယနေ့ထိ မိဘလိုပဲ ဆက်ဆံမြဲပါ။ အဲဒီခြေမြန်တပ်ရင်းက နောင်ချိုမှာပါ။

တပ်မတော်ဗိုလ်ရွေးအဖွဲ့၊ မင်္ဂလာဒုံ ငွေယားတောင်မှာ ခြောက်နှစ်ကျော် တာဝန်ထမ်းခဲ့ဖူးသေးတယ်။ မိမိက စိတ်ပညာနဲ့ ဘွဲ့ရခဲ့တော့ ကိုယ်ရည်ကိုယ်သွေးစစ်ဆေးခြင်း၊ ဉာဏ်ရည်စစ်ဆေးခြင်း၊ အုပ်စုအခက်အခဲ ဖြတ်ကျော်မှု လက်တွေ့လုပ်ငန်းစဉ်မှာ အကဲဖြတ်ခြင်း၊ သဲမြေပုံအခြေအနေပေး ဆွေးနွေးပွဲစစ်ဆေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးခြင်းတွေ လုပ်ရတယ်။

ရန်ကုန်တက္ကသိုလ် **ပါမောက္ခချုပ် ဒေါက်တာကျော်စိန်၊ ဒေါက်တာညီဝင်းမှန်၊ ဆရာမကြီး ဒေါ်အေးသန်း၊** တံတားကလေး စိတ္တဇဆေးရုံ ဒေါက်တာ **ဒေါ်ထူးဘု၊ ဒေါက်တာမျိုးသိန်း(ဒေါက်တာစိန်မြင့်)၊ ဗိုလ်မှူးအုန်းလှိုင်**တို့ထံမှာ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးမှု ဒီပလိုမာသင်တန်း ၁၈ လကြာ ရန်ကုန်တက္ကသိုလ်နဲ့ စိတ်ရောဂါအထူးကုဆေးရုံတို့မှာ တက်ခဲ့ကြရတယ်။ သင်ယူခဲ့ရပါသေးတယ်။

ရတနာသုံးပါးနဲ့ မိဘဆရာသမားများအဖြစ် တပ်မှူးအဆက်ဆက်က မိမိကို ချစ်ခင်အားကိုးစွာ စောင့်ရှောက်ပျိုးထောင်ပေးခဲ့ကြတယ်။

တပ်မတော်ဗိုလ်ရွေးအဖွဲ့မှာ မိမိရဲ့ ဆရာသမားငါးဆက်ကတော့ **ဗိုလ်မှူးကြီးကျော်စွာ၊ ဗိုလ်မှူးကြီးမင်းဒင်၊ ဗိုလ်မှူးကြီးနေမျိုး၊ ဗိုလ်မှူးကြီးအုန်းငွေနဲ့ ဗိုလ်မှူးကြီးမြင့်သူ။** ရန်ကုန်တိုင်းစစ်ဌာနချုပ်ရဲ့ ကွပ်ကဲမှုအောက်မှာဆိုတော့ ထိုအချိန်က မြစိမ်းရောင် စစ်ဆင်ရေး၊

စာမျက်နှာ ၅ သို့ ➤

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မင်းကင်းမြို့နယ်တွင် မိုးသီးနှံ ပဲတီစိမ်း ၅၅၂၅ ဧက ရိတ်သိမ်းပြီးစီး



**မင်းကင်း ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၅၅၂၅ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၈၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မင်းကင်းမြို့နယ်မှာ ပဲတီစိမ်း ၅၅၂၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အခုလက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းတွေအထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မိုးပဲတီစိမ်းစိုက်ပျိုးရာတွင် စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြကြောင်း၊ ပဲသီးနှံများ အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ရွှေဝါမြေစစ်ဆင်ရေးဆိုပြီး ခရမ်း၊ သုံးခွ၊ ကျောက်တန်း စတဲ့လယ်စိုက်ရာကျေးရွာများသို့ အထွက်တိုးရေးလုပ်အားပေး သုံးပတ် လေးပတ်လောက်နှစ်စဉ်လိုက်ရပါတယ်။ မြန်မာနိုင်ငံ ဆန်တိုးတက်တင်ပို့နိုင်အောင် မိမိတို့လည်း ကျရာတာဝန်ကပါဝင်ထမ်းဆောင်ခဲ့ဖူးတယ်။ မိုးရွာရွာ နေပူပူ ရွှံ့ဗွက်ထဲဆင်းခဲ့ရ။ ပြည်ပမှဆန်တင်သွင်းရမယ့်အခြေအနေမှ လွတ်မြောက်အောင် တွန်းတင်ရုန်းထွက်နိုင်ခဲ့ပါတယ်။

ကကကျင့်လက်အောက်ရှိ စစ်ဦးစီးတက္ကသိုလ်မှာ ငါးနှစ်ကြာနည်းပြမှူးကြီးအဖြစ် သင်တန်းသား တပ်ရင်း မှူး ဒုမှူးကြီး ၄၀ မှ ၆၀ထိ အမှတ်စဉ် (၄၁) မှ (၄၅) ထိ ငါးနှစ်မှာ ငါးပတ်တာ သင်ကြားပို့ချခဲ့ရပါတယ်။ ဆရာအလုပ်ကို စာအုပ်လုံးဝမကိုင်ဘဲ သင်တန်းသားများနားရှင်းစွဲမြဲမှတ်သားနားလည်အောင် သင်ပြတတ်ခဲ့ပါတယ်။ မနက်ဖြန်သင်မဲ့ သင်ခန်းစာကို ညတစ်နာရီ နှစ်နာရီထိ ကျေညက်အောင်ဖတ်၊ မှတ်၊ လေ့ကျင့်၊ ပြင်ဆင်ခဲ့ပါတယ်။ သင်တန်းအမှတ်စဉ် (၄၁)မှ (၄၅) အတွင်း စစ်ဦးစီးတက္ကသိုလ်ဆင်းတဲ့အရာရှိကြီး ၂၀၀ ကျော်ကို မေးသာကြည့်ပေတော့။ ကျွန်တော်ဟာ စိတ်ဓာတ်၊ စည်းကမ်း၊ စေတနာ၊ စစ်စွမ်းရည် ဘယ်လိုဘယ်ပုံရှိသလဲ၊ လေးစားလောက်ရဲ့လား။ ကြိုးစားမှုရလဒ်အဖြစ် နိုင်ငံခြား တစ်နှစ် စစ်ဦးစီးတက္ကသိုလ်တက်ရောက်ဖို့ (မိမိတစ်ဦးတည်း) ရွေးချယ်စေလွှတ်ခြင်းခံရပါတယ်။ ဟိုမှာ အင်္ဂလိပ်လိုရေးရ၊ ပြောရ၊ ဆွေးနွေးရတယ်။ အင်္ဂလိပ်လိုမေးခွန်းကို စာမေးပွဲဖြေရတယ်။ အင်္ဂလိပ် လိုဘွဲ့ယူသုတေသနစာတမ်းတင်ရတယ်။ အဆင့်မြင့်နဲ့ အောင်မြင်ခဲ့ ပါတယ်။ ကံကောင်းလို့ဗျာ။ ဗိုလ်ရွေးအဖွဲ့မှာ စိတ်စစ်ဆေးရေးပညာ **ဒီပလိုမာသင်တန်းမှာ ဒေါက်တာကျော်စိန်**က မိမိတို့ကို ဘွဲ့ရပြီးသူတွေမို့ သင်ခန်းစာဘာသာရပ်အားလုံး အင်္ဂလိပ်လိုပဲသင်တယ်။ မေးတယ်။ ဆွေးနွေးတယ်။ (ဆရာကြီးက သိပ်ပြီး စာအုပ်ကြီးဆန်တာပဲ ထင်မှားခဲ့မိ) အင်္ဂလိပ်စာ 4 Skill အကျင့်ရအောင် နေ့စဉ် Working People Daily ဖတ်ရတယ်။ ခေါင်းကြီးတွေ နေ့စဉ်ကူးရေးပြီး တိုးတက်လာအောင် ကြိုးစားခဲ့တယ်။ နိုင်ငံခြားပညာသင်ရွေးတော့ ဟောဗျာ၊ မိမိကအရည် အချင်းမီလို့ အရွေးခံရတယ်။ သင်တန်းမှာလည်း စာကြိုးစားမှု၊ (စစ်ဦးစီး တက္ကသိုလ်နည်းပြကလာတာလေ) စာတော်မှုကြောင့် ဆရာကော၊ သင်တန်းဖော် အင်္ဂလန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ကိုရီးယား၊ အာဆီယံနိုင်ငံမှ နိုင်ငံခြားသင်တန်းသား မိတ်ဆွေ တပ်အရာရှိအားလုံးမှာ မိမိဟာ ခေါင်းဆောင်မှုရခဲ့တယ်။ ဒါတွေဟာ **မျိုးစေ့မှန်ပြား ရှင်သန်ထွား၏။ ပွင့်ကားသီးမှည့်၊ ဩဇာပြည့်တာ၊ ဆရာများကျေးဇူးပါ။**

စစ်ဦးစီးတက္ကသိုလ်မှာ နည်းပြကောင်း၊ ဆရာကောင်းပီပီသသဖြစ်အောင် ဖိဖိစီးစီး မောင်းခဲ့သူကတော့ မိမိကိုချစ်လည်းချစ် အားလည်းကိုးတဲ့ **ဗိုလ်ချုပ်စန်းအောင်**ဆိုတဲ့ ကျောင်းအုပ်ကြီးပါ။ စစ်ဦးစီးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၄၀) ထဲမှ မိမိကို သူကရွေးပြီးခေါ်ခဲ့တာလေ။ နိုင်ငံခြားကို ယုံယုံကြည်ကြည်လွှတ်တာလည်း သူပါပဲ။ ပြီးတော့ ကျောင်းအုပ်ကြီးများအဖြစ် **မှူးကြီးသိန်းအောင်**(သံအမတ်ကြီး)၊ **မှူးကြီးစိုးမြင့်**(ဦးပိုင်)၊ **မှူးချုပ် စိုးတင့်**စတဲ့ အကြီးအကဲများနဲ့ ကြုံတွေ့ခဲ့ပါတယ်။ ငါးနှစ် ဆရာလုပ်ခဲ့ဖူးပြီ။

ဒုတိယဗိုလ်မှူးကြီးအဆင့် မြဝတီစာပေတိုက်မှာ စာတည်းမှူးချုပ်၊ ထုတ်ဝေသူ၊ တပ်မှူးတာဝန်ထမ်းဆောင်ဖို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခေါ်တွေ့ပါတယ်။ မင်းလုပ်နိုင်ရဲ့လား။ လုပ်နိုင်ပါတယ် ဖြေလိုက်တယ်။ ကကပြည် ညွှန်မှူး **ဗိုလ်ချုပ်အောင်သိန်း** လက်အောက်မှာ ကွပ်ကဲကြပ်မတ်ရခြင်းအနည်းဆုံးနဲ့ ဖန်တီးဆန်းသစ်မှု၊ တိုးတက်မှုများရရှိအောင် ထမ်းဆောင်နိုင်ခဲ့ပါတယ်။ ဝန်ကြီး **ဗိုလ်ချုပ်ကြည်အောင်**၊ ဒုဝန်ကြီး **ဗိုလ်ချုပ် အောင်သိန်း**တို့လက်အောက်မှာ ၁၉၉၀ ပြည့်နှစ် လွတ်လပ်ရေးနေ့မှာ စာရေးသူက "စီမံထူးချွန်(ပထမအဆင့်)"ရွေးချယ်ချီးမြှင့်ခံရတဲ့ အသက်အငယ်ဆုံး ညွှန်ကြားရေးမှူးချုပ်တစ်ယောက်ပေါ့။ တစ်ရံရောအခါက အတိတ်တွေပါ။

## ပျော်ပျော်ရွှင်ရွှင် လမ်းလျှောက်ကြပါစို့

– ကမ္ဘာမှာ မြန်မာဟေ့
ခလေ့နှင့်အစဉ်အလာ၊
လျှင်မြန်ကာ သန်မာကြောင်း
ကောင်းမြတ်ပေတာ၊
အားကစားမှာလည်း တို့မြန်မာ
ဂုဏ်ရှိန်ဝါမြင့်မားရေး၊
ကြိုးစားကာ စွမ်းဆောင်လျက်
ထက်မြက်တယ်လေး။

– လူတိုင်းမှာ စိတ်ဆန္ဒ
သက်ရှည်လှ ရှိစေချင်၊
ကျန်းမာခြင်းသည် လာဘ်တစ်ပါး
ဆိုစကားပင်၊
အသိတရားနှင့်အမြဲယှဉ်
နေ့စဉ်ပင် လမ်းလျှောက်လို့၊
ခန္ဓာကိုယ်
အဆီပို အသားကျ
လှပစေဖို့။

– ပတ်ဝန်းကျင် ရှုခင်းကောင်း
စုပေါင်းလို့ လမ်းလျှောက်မည်၊
ဆောင်းနှင်းလေ အေးမြမြ
သန့်လှပေသည်၊
နှလုံးနှင့်အဆုတ်ဆီ
ပို့ဆောင်မည် လေနုအေး၊
စိတ်ကြည်လင် လန်းဆန်းမှုက
အားပြုတယ်လေး။

– အသက်ရှည်ကြာ အနာမဲ့
တိုးချဲ့လို့ တွေးဆလျှင်၊
စောစောထကာ လမ်းလျှောက်ပေး
နှပျိုဆေးပင်၊
ကျန်းမာကြ ပြည်တစ်ခွင်
ဒီဇင်ဘာ အားကစားအရေး၊
နာတာရှည် ရောဂါမဖြစ်အောင်
တွေးစစ်ကြလေး။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

## နိုင်ငံတကာ သတင်းများ

# အီရန်သမ္မတ ပီဇက်ရှ်ကီရမ် ရုရှားနိုင်ငံသို့ သွားရောက်ဖွယ်ရှိ

**မော်စကို ဒီဇင်ဘာ ၂၉**

အီရန်သမ္မတ ပီဇက်ရှ်ကီရမ်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ရုရှားနိုင်ငံ မော်စကိုမြို့သို့ရောက်ရှိမည်ဖြစ်ကြောင်း ရုရှားမီဒီယာများက ဒီဇင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံ ခရီးစဉ်အတွင်း အီရန်သမ္မတ ပီဇက်ရှ်ကီရမ်သည် ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေး၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ရုရှားနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီးက ရုရှားမီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

ရုရှားနိုင်ငံသည် ယူကရိန်းစစ်ပွဲစတင်ခဲ့ပြီးနောက်ပိုင်း အီရန်နှင့် မြောက်ကိုရီးယားအပါအဝင် အမေရိကန်နိုင်ငံ၏ရန်ဘက်နိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်ခဲ့သည်။

အီရန်သမ္မတ၏ ရုရှားခရီးစဉ်သတင်းနှင့်ပတ်သက်၍ အီရန်နှင့် ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာနများက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

ကာကွယ်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုပိုမိုချဲ့ထွင်ရေးလည်း ပါဝင်မည့် နှစ်နိုင်ငံသဘောတူညီချက်တစ်ရပ်ရယူရန် ရုရှားနှင့် အီရန်တို့က စီစဉ်ထားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂေး လက်ဗရော့ဗ်က ယခုနှစ် အောက်တိုဘာလတွင် ပြောကြားထားသည်။

ယူကရိန်းစစ်ပွဲတွင် အသုံးပြုရန် တာတိုပစ်ဒုံးကျည်အမျိုးမျိုးကို ရုရှားနိုင်ငံသို့ အီရန်နိုင်ငံက ပေးပို့ပေးနေကြောင်း အမေရိကန်အစိုးရက စွပ်စွဲထားပြီး ယင်းစွပ်စွဲချက်ကို အီရန်နိုင်ငံက ငြင်းပယ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# မက္ကဆီကို၌ ခရီးသည်တင်ဘတ်စကားနှင့် ကုန်တင်ယာဉ်ဝင်တိုက်မှုကြောင့် လူ ရှစ်ဦး သေဆုံး

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၂၉**

မက္ကဆီကိုနိုင်ငံ မက္ကဆီကို ပင်လယ်ကွေ့ကမ်းရိုးတန်း၌ ဒီဇင်ဘာ ၂၇ ရက်က ခရီးသည်တင်ဘတ်စကားတစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီးတို့ ဝင်တိုက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုအတွင်း လူ ရှစ်ဦး သေဆုံး၍ ၂၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မက္ကဆီကို တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယင်း ယာဉ်မတော်တဆမှုသည် ဗီရာခရုဇ်ပြည်နယ် ဆာလာပါမြို့အနီး အဝေးပြေးလမ်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေဆုံးသူနှင့် ဒဏ်ရာရသူအများစုမှာ ခရီးသည်တင်ဘတ်စကားပေါ်တွင် လိုက်ပါလာသူခရီးသည်များ ဖြစ်ကြကြောင်း ဗီရာခရုဇ်ပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယာဉ်တိုက်မှုအတွင်း ဒဏ်ရာရရှိသူ ၂၇ ဦးကို နီးစပ်ရာဆေးရုံများသို့ခွဲ၍ တင်ဆောင်ထားကြောင်း ပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ယာဉ်တိုက်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို မက္ကဆီကိုတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



# တောင်ကိုရီးယား၌ ခရီးသည်တင်လေယာဉ်ပြေးလမ်းချော် မီးလောင်ပေါက်ကွဲမှုကြောင့် လူပေါင်း ၁၇၉ ဦး သေဆုံး



**ဆိုးလ် ဒီဇင်ဘာ ၂၉**

တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်း ဖူအန်မြို့လေဆိပ်၌ ယနေ့တွင် ခရီးသည်တင် လေယာဉ်တစ်စင်းလေဆိပ်အဆင်းလမ်းချော်ခဲ့ပြီးနောက် လေဆိပ်နံရံတစ်ခုကို ဝင်တိုက်ခဲ့ရာ ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ရကြောင်း သိရသည်။

အဆိုပါခရီးသည်တင်လေယာဉ် မီးလောင် ပေါက်ကွဲမှုကြောင့် လေယာဉ်ပေါ် လိုက်ပါလာသူ ၁၈၁ ဦးအနက် ၁၇၉ ဦးသေဆုံးခဲ့ရပြီး နှစ်ဦးကိုသာ ကယ်တင်နိုင်ခဲ့ကြောင်း ဖူအန်မြို့မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဂျီဂျူ လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်သည် ဖူအန်လေဆိပ်သို့ အဆင်းဘီးများမချနိုင်ဘဲ ဆင်းသက်ရန်ကြိုးစားစဉ် ပြေးလမ်းချော်ထွက်၍ လေဆိပ်စည်းရိုးတစ်ခုကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

ခရီးသည်နှင့် လေယာဉ်အမှုထမ်း ၁၈၁ ဦးလိုက်ပါလာသည့် ယင်းလေယာဉ်သည် ဗန်ကောက်မြို့မှ ဖူအန်မြို့သို့ပျံသန်းလာသည့် လေယာဉ်ဖြစ်သည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် ဘိုးအင်း ၇၃၇-၈၀၀ အမျိုးအစားခရီးသည်တင်လေယာဉ်ဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် တည်ဆောက်ခဲ့သော လေယာဉ်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ခရီးသည်တင်လေယာဉ်ပျက်ကျမှု အကြောင်းရင်းကို တောင်ကိုရီးယားတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

အဆိုပါလေယာဉ်မတော်တဆမှုသည် တောင်ကိုရီးယားနိုင်ငံအတွက် နှစ်ပေါင်း ၃၀ နီးပါးကာလအတွင်း အသေအပျောက်အများဆုံး လေကြောင်းမတော်တဆမှု ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# မော်လ်ဒိုဗာသို့ သဘာဝဓာတ်ငွေ့ပေးပို့မှု လာမည့်နှစ် ဇန်နဝါရီ ၁ရက်မှစ၍ ရုရှားရပ်ဆိုင်းမည်

**မော်စကို ဒီဇင်ဘာ ၂၉**

မော်လ်ဒိုဗာနိုင်ငံသို့ သဘာဝဓာတ်ငွေ့များပေးပို့မှုကို ၂၀၂၅ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ရုရှားအစိုးရပိုင် ဂက်ဇ်ပရွမ် စွမ်းအင်ကုမ္ပဏီက ဒီဇင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

မော်လ်ဒိုဗာအနေဖြင့် သဘာဝဓာတ်ငွေ့ဖိုး ကြွေးကျန်များပေးရန်ကျန်ရှိနေမှုကြောင့် ယင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ပေးပို့မှုရပ်ထားရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ဂက်ဇ်ပရွမ်ကုမ္ပဏီ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ဂက်ဇ်ပရွမ်၏ အဆိုအရ မော်လ်ဒိုဗာနိုင်ငံသည် ယခင်ပေးပို့ထားသော သဘာဝဓာတ်ငွေ့များအတွက် အမေရိကန်ဒေါ်လာ ၇၀၉ သန်း ကြွေးကျန်ရှိနေသည်။

သို့ရာတွင် ဂက်ဇ်ပရွမ်၏ထုတ်ပြန်ချက်ပါ ကြွေးကျန် ငွေကြေးပမာဏကို မော်လ်ဒိုဗာနိုင်ငံက ငြင်းဆိုထားပြီး အမှန်တစ်ကယ်ရှိသည့် ကြွေးကျန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ သန်းသာရှိကြောင်း ပြောကြားထားသည်။

ရုရှားနိုင်ငံသည် မော်လ်ဒိုဗာနိုင်ငံအတွက် နှစ်စဉ် သဘာဝဓာတ်ငွေ့ ကုဗမီတာ နှစ်ဘီလီယံထိ ပေးပို့ပေးခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် စွမ်းအင်ကို လက်နက်အဖြစ် အသုံးချနေကြောင်း ဥရောပသမဂ္ဂကိုလိုလားသည့် မော်လ်ဒိုဗာအစိုးရက စွပ်စွဲထားသည်။

Ref : RT

Trs : KKO

# ယခုနှစ် နောက်ဆုံးသုံးလတာအတွင်း မက္ကဆီကိုတာဝန်ရှိသူများ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ၄၇၅၀၀၀ခန့်ကို ဖမ်းဆီး

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၂၉**

ယခုနှစ် အောက်တိုဘာလမှစ၍ မက္ကဆီကိုလုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ၄၇၅၀၀၀ ခန့်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဒီဇင်ဘာ ၂၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယခုနှစ်အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၂၆ ရက်ထိ မက္ကဆီကိုလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ ၄၇၅၀၀၀ ခန့်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း မက္ကဆီကိုအစိုးရက ဒီဇင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အောက်တိုဘာ ၁ ရက်နှင့် ဒီဇင်ဘာ ၂၆ ရက်ကြား ဖမ်းဆီးခံခဲ့ရသည့် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူအရေအတွက်သည် မက္ကဆီကိုအစိုးရအနေဖြင့် တရားမဝင်ဝင်ရောက်မှုတားဆီးရေးလုပ်ငန်းစဉ်များအား နှစ်ကုန်ပိုင်း၌ အရှိန်မြှင့်တင်ပြုလုပ်လာသည့် သဘောကို ပြသလျက်ရှိသည်။

မက္ကဆီကို လုံခြုံရေးတာဝန်ရှိသူများအနေဖြင့် ယခုနှစ်စပိုင်းမှစ၍ ဒီဇင်ဘာ ၂၆ ရက်ထိ ဖမ်းဆီးထိန်းသိမ်းခဲ့သော တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူအရေအတွက်မှာလည်း ၉၀၀၀၀၀ထိရှိကြောင်း သိရသည်။

လက်တင်အမေရိကမှ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများ မက္ကဆီကို နယ်စပ်မှတစ်ဆင့် အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်မှုကိုတားဆီးရန် အမေရိကန်သမ္မတရွေးကောက်ပွဲအနိုင်ရသမ္မတလောင်း ဒေါ်နယ်ထရန့်က တိုက်တွန်းထားသည်။


အကယ်၍ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများကို ထိန်းချုပ်နိုင်မှုမရှိပါက မက္ကဆီကိုပို့ကုန်များကို အခွန်စည်းကျပ်မည်ဖြစ်ကြောင်း ဒေါ်နယ်ထရန့်က သတိပေးထားသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ဘလူးအော်ရီဂျင်ကုမ္ပဏီက New Glenn ဒုံးပျံကို မလွှတ်တင်မီ ပထမဆုံးအကြိမ်အဖြစ် ဒုံးအင်ဂျင်များ စမ်းသပ်



ဝါရှင်တန် ဒီဇင်ဘာ ၂၉

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Glenn ဒုံးပျံကို မလွှတ်တင်မီ ပထမဆုံးအကြိမ်အဖြစ် ဒုံးအင်ဂျင်များ စမ်းသပ်လည်ပတ်ခဲ့ကြောင်း ဒီဇင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

New Glenn ဒုံးပျံသစ်ကို စမ်းသပ်ပစ်လွှတ်ခွင့်ပေးရန် အမေရိကန်အစိုးရ ဖက်ဒရယ်လေကြောင်း ပျံသန်းရေးအေဂျင်စီ (FAA) က သဘောတူခဲ့ပြီး နာရီပိုင်းအကြာမှာပင် ဘလူးအော်ရီဂျင် ကုမ္ပဏီက New Glenn ဒုံးပျံသစ် ဒုံးအင်ဂျင်များကို စမ်းသပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Glenn ဒုံးပျံ ဒုံးအင်ဂျင် စမ်းသပ်မှုကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်း၌ ဒီဇင်ဘာ ၂၈ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

New Glenn ဒုံးပျံ ဒုံးအင်ဂျင် ခုနစ်လုံး စက်နိုးစမ်းသပ်မှုသည် ၂၄ စက္ကန့်ကြာမြင့်ခဲ့ကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားထားသည်။

New Glenn ဒုံးပျံသစ်ကို ၂၀၂၄ ခုနှစ်မကုန်မီ လွှတ်တင်ရန် စီစဉ်ထားသည်ဟု ဘလူးအော်ရီဂျင်ကုမ္ပဏီက ကြေညာထားကြောင်း သိရသည်။

၎င်းမစ်ရှင်အတွင်း New Glenn ဒုံးပျံသည် ဂြိုဟ်တုယာဉ်ပို့ နေရာချမှု စမ်းသပ်အာကာသယာဉ်တစ်စင်းကို သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## နှစ်ပေါင်း ၁၉၃ သန်းက ရှင်သန်ခဲ့သည့် အပင်စားဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း၌ တူးဖော်တွေ့ရှိ

ပေကျင်း ဒီဇင်ဘာ ၂၉

လွန်ခဲ့သောနှစ်ပေါင်း ၁၉၃ သန်းက ရှင်သန်ခဲ့သည့် အပင်စားဒိုင်နိုဆော မျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ တူးဖော်တွေ့ရှိထားကြောင်း ဒီဇင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းကို Archaeocursor Asiaticus ဟူ၍ တရုတ်နိုင်ငံ ယူနန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Archaeocursor Asiaticus ဒိုင်နိုဆောသည် Ornithischian ခေါ် အပင်စားဒိုင်နိုဆောမျိုးရင်းဝင် မျိုးစိတ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

Archaeocursor Asiaticus ဒိုင်နိုဆောသည် အာရှတိုက်၌ တွေ့ရှိခဲ့ဖူးသမျှ Ornithischian မျိုးရင်းဝင် ဒိုင်နိုဆောများအနက် သက်တမ်းအားဖြင့် ရှေးအကျဆုံး ဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။



Archaeocursor Asiaticus ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းကို လေ့လာခြင်းဖြင့် အာရှတိုက်၌ အပင်စားဒိုင်နိုဆောများ မည်သို့ဆင့်ကဲ ပြောင်းလဲလာသည်ကို လေ့လာရာတွင် အထောက်အကူပြုနိုင်သည်ဟု တရုတ်သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Archaeocursor Asiaticus ဒိုင်နိုဆောသည် ကိုယ်ခန္ဓာအရွယ်အစားအားဖြင့် အလျား ၃ ဒသမ ၃ ပေရှိပြီး ကြီးကောင်ဝင်ခါစအရွယ် ဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**

**Trs : KKO**

## Space-X ကုမ္ပဏီက အက်စထရားနစ်ဂြိုဟ်တုကုမ္ပဏီ၏ MicroGEO ဆက်သွယ်ရေးဂြိုဟ်တုလေးစင်း လွှတ်တင်ရန်စီစဉ်ထား

ဝါရှင်တန် ဒီဇင်ဘာ ၂၉

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် အက်စထရားနစ်ဂြိုဟ်တုကုမ္ပဏီ၏ Micro-GEO ဆက်သွယ်ရေးဂြိုဟ်တုလေးစင်းကို ဒီဇင်ဘာ ၃၀ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဒီဇင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဆက်သွယ်ရေး ဂြိုဟ်တုငယ်လေးစင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် Space-X ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

ဒီဇင်ဘာ ၃၀ ရက် မစ်ရှင်သည် MicroGEO ဂြိုဟ်တုများကို လွှတ်တင်ရေးအတွက် ဒုတိယမြောက် ကြိုးပမ်းမှုဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ဒီဇင်ဘာ ၂၂ ရက်တွင် အထက်ပါ ဂြိုဟ်တုလေးစင်းကို လွှတ်တင်ရန် ကြိုးပမ်းခဲ့သော်လည်း မလွှတ်တင်မီ နောက်ဆုံးစက္ကန့်အလိုတွင် အစီအစဉ် ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

ဒီဇင်ဘာ ၂၂ ရက် မစ်ရှင်ဖျက်သိမ်းခဲ့ရမှု၏ နောက်ခံအကြောင်းတရားကို Space-X ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ဒီဇင်ဘာ ၃၀ ရက်တွင် စတားလင့်ခ် ဂြိုဟ်တုသစ် ၂၂ စင်းကိုလည်း ကိပ်ကာနေဗာရယ် အာကာသစခန်းမှပင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## ရောင်ရမ်းမှုတိုက်ဖျက်ရေးဆေးတစ်မျိုးက အူမကြီးရောင်ရမ်းမှုရောဂါကြောင့် ပေါ်ထွက်လာသည့် နောက်ဆက်တွဲပြဿနာများကို လျှော့ချနိုင်

နယူးယောက် ဒီဇင်ဘာ ၂၉

ရောင်ရမ်းမှု တိုက်ဖျက်ရေးဆေးတစ်မျိုးသည် Crohn's Disease ခေါ် အူမကြီးရောင်ရမ်းမှုရောဂါကြောင့် ပေါ်ထွက်လာသည့် နောက်ဆက်တွဲ ပြဿနာများကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၂၈ ရက်သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ မစ်ချီဂန် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Anti-TNF (Tumor Necrosis Factor) ခေါ် ဆေးတစ်မျိုးသည် Crohn's Disease ကလေးလူနာများ၌ Anal Fistulas ပြဿနာ တစ်မျိုး ပေါ်ထွက်လာနိုင်ခြေကို ၈၂ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

Anal Fistulas ပြဿနာပေါ်ထွက်ခဲ့ပါက စအိုဝန်းကျင်၌အရည်ထွက်ပေါက်များ ပွင့်လာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Anal Fistulas ပြဿနာဖြင့် ရင်ဆိုင်ရသည့် ကလေးများအနက် ၇၀ ရာခိုင်နှုန်းမှာ အနည်းဆုံးခွဲစိတ်ကုသမှုတစ်ကြိမ် ခံယူရန်လိုအပ်သည့် လူနာများဖြစ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ Anti-TNF အုပ်စုဝင်ဆေးများသည် Crohn' Disease လူနာကလေးများ၌ Anal Fistulas ပြဿနာ ပေါ်လာနိုင်ခြေကို ထိထိရောက်ရောက် လျှော့ချပေးနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ပိုတက်စီယမ်ဖြည့်စွက်ဆေးကြောင့် ဘေးထွက်ဆိုးကျိုးများ ပေါ်ထွက်လာနိုင်

လန်ဒန် ဒီဇင်ဘာ ၂၉

အအေးမိရောဂါကို ကာကွယ်ရေးအတွက် အသုံးများသည့် ပိုတက်စီယမ် ဖြည့်စွက်ဆေးကြောင့် ဘေးထွက်ဆိုးကျိုးများ ပေါ်ထွက်လာနိုင်ကြောင်း ဒီဇင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

ပိုတက်စီယမ် ဖြည့်စွက်ဆေးများ သုံးစွဲမှုလွန်ကဲပါက အစာအိမ်အောင့်ခြင်း၊ အော့အန်ခြင်း၊ ဝမ်းပျက်ခြင်းများ ဖြစ်ပွားနိုင်ကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် ပိုတက်စီယမ် ဖြည့်စွက်ဆေးလွန်ကဲပါက သက်ကြီးပိုင်းများ၌ ဘေးထွက်ဆိုးကျိုးများပေါ်ထွက်နိုင်ခြေ ပို၍မြင့်မားလာနိုင်ကြောင်း သိရသည်။


ပိုတက်စီယမ်ဓာတ်သည် သစ်သီးခြောက်၊ ငှက်ပျောသီး၊ ပဲအမျိုးမျိုးနှင့် ငါးတို့တွင်တွေ့ရတတ်သည့် တွင်းထွက်ဓာတ် တစ်မျိုးဖြစ်သည်။

ပိုတက်စီယမ်ဓာတ်သည် ကိုယ်တွင်းရှိ အရည်ဓာတ်ကို ထိန်းညှိပေးရေးနှင့် သွေးဖိအားကို ပုံမှန်အတိုင်း ထိန်းထားနိုင်ရေးတို့အတွက် အထောက်အကူပြုကြောင်း သိရသည်။

သို့ဖြစ်ရာ ပိုတက်စီယမ်ကို တုပ်ကွေးရောဂါနှင့် အအေးမိရောဂါတို့ကို ကာကွယ်ရာတွင် အထောက်အကူရယူရေးအတွက် သုံးစွဲလေ့ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## United Cup တင်းနစ်ပြိုင်ပွဲ Group E တွင် ဂျာမနီအသင်းက ဘရာဇီးအသင်းကို (၃-၀)ရလဒ်ဖြင့် အနိုင်ရရှိ

ကင်ဘာရာ ဒီဇင်ဘာ ၂၉

သြစတြေးလျနိုင်ငံတွင် ကျင်းပနေသည့် United Cup တင်းနစ်ပြိုင်ပွဲ၏ Group E အုပ်စုအတွင်း အုပ်စုပွဲစဉ် တစ်ပွဲအဖြစ် ဂျာမနီအသင်းနှင့် ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျာမနီအသင်းက(၃-၀)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျာမနီအသင်းအတွက် အုပ်စုတွင်း ပထမပွဲစဉ်ဖြစ်ပြီး ဘရာဇီးအသင်းအတွက် ဒုတိယမြောက်ပွဲစဉ်တစ်ပွဲဖြစ်သည်။

ဘရာဇီးအသင်းအနေဖြင့် နှစ်ပွဲဆက်တိုက် ရှုံးနိမ့်ခဲ့ရပြီးနောက် ပြိုင်ပွဲမှ ထွက်ခွာရတော့မည့် အခြေအနေဖြင့် ရင်ဆိုင်နေရသည်။

ဂျာမနီအသင်းအတွက် ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် ဇီရက်ဖ်က အကောင်းဆုံးလက်စွမ်းပြသွားနိုင်ခဲ့ပြီး ဘရာဇီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဦးချင်းပွဲစဉ်အဖြစ် ဇီရက်ဖ်က ဘရာဇီးအသင်းမှ အကောင်းဆုံးကစားသမားဖြစ်သည့် မွန်တီရိုနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဇီရက်ဖ်က (၆-၄ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

တစ်ဦးချင်းဒုတိယပွဲစဉ်အဖြစ် ဂျာမနီအသင်းမှ စီဂျမန်နှင့် ဘရာဇီးအသင်းမှ ဟက်ဒက်မိုင်ယာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စီဂျမန်က (၆-၃၊ ၁-၆ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပွဲစဉ်အဖြစ် ဂျာမနီအသင်းမှ စီဂျမန်နှင့် တင်မ်ပွက်တို့အတွဲက ဘရာဇီးအသင်းမှ ကာရိုလီနာနှင့် မက်တိုစ်တို့အတွဲအား (၇-၆ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဂျာမနီအသင်းမှ (၃-၀) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်းသိရသည်။

Ref : RT

Trs : AZL



## (၇၇)ကြိမ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသားတံခွန်စိုက် အလွတ်တန်း အမျိုးသား၊အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ




ရန်ကုန် ဒီဇင်ဘာ ၂၉

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၇၇)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အမျိုးသားတံခွန်စိုက် (5x5)အလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် 3 x 3 (U-20)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဦးစွာဗိုလ်လုပွဲအဖြစ် ( 5 x 5 ) အလွတ်တန်း အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် Sam Par Oo အသင်းနှင့် Z & D အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Z & D အသင်းက ပထမရရှိခဲ့သည်။

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲကို ကျင်းပပြုလုပ်ရာ ( 3 x 3 )အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ၊ ( 3 x 3 ) အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ၊ ( 5 x 5 ) အလွတ်တန်း အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ၊ ( 5 x 5) အလွတ်တန်း အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယရရှိခဲ့သော အားကစားသမားများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်နှင့်အတူ ငွေသားဆုများအပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆုရအသင်းတစ်သင်းလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၁၂ သင်းအတွက်(၁၂)သိန်းတို့အား ထပ်ဆောင်းချီးမြှင့်ခဲ့သည်။

ထို့နောက် ( 5x5 ) အလွတ်တန်း အမျိုးသားပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသော Sam Par Ooအသင်းမှ ဇော်ခွန်နော်နှင့် ( 5 x 5 ) အလွတ်တန်း အမျိုးသမီးပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသော MO-HA အသင်းမှ စန္ဒာအေးတို့အား မြန်မာနိုင်ငံ ဘက်စကက်ဘောအဖွဲ့ချုပ်နာယကကြီး ဒေါ်နီမှ ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက U-20 (3x3)အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရရှိသော Taunggyi Club ( A ) အသင်း၊ U -20 (3 x 3 ) အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရရှိသော မအူပင်အသင်း၊(5x5) အလွတ်တန်း အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရရှိသော MOHAအသင်းနှင့် (5 x 5) အလွတ်တန်း အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရရှိသော Z&D အသင်းတို့အား တံခွန်စိုက်ဆုဖလားများ အသီးသီး ချီးမြှင့်ခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

STA

## ပူလီဆစ်အနေဖြင့် ဒဏ်ရာထပ်မံရရှိခဲ့သောကြောင့် လာမည့်ပွဲစဉ်များကိုလည်း လွဲချော်ဖွယ်ရှိနေ

ရောမ ဒီဇင်ဘာ ၂၉

အေစီမီလန်အသင်း ကွင်းလယ်ကစားသမား ပူလီဆစ်သည် ဒဏ်ရာ ထပ်မံရရှိခဲ့သောကြောင့် တနင်္ဂနွေနံနက်တွင် ကစားရမည့် ရိုးမားအသင်းနှင့် ပွဲစဉ်အပြင် လာမည့်ပွဲစဉ်များကိုလည်းလွဲချော်ဖွယ်ရှိကြောင်း အေစီမီလန်အသင်းက ထုတ်ပြန်ခဲ့သည်။



အေစီမီလန်အသင်းသည် ပူလီဆစ်အပါအဝင် ကစားသမားရှစ်ဦးထိ ဒဏ်ရာကြောင့် လက်လွတ်ခဲ့ရသဖြင့် ရလဒ်ပိုင်းကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၂၀ ရက်က ကစားခဲ့သည့် ဗီရိုနာအသင်းနှင့် ပွဲစဉ်တွင် မိုရာတာ ပါဝင်လာသဖြင့် တစ်ဂိုးဂိုးမရှိဖြင့် ပြန်လည်အနိုင်ရခဲ့သည်။

နည်းပြဖွန်စီကာက "ပူလီဆစ်အနေနဲ့ ခြေသလုံးကြွက်သားဒဏ်ရာက ပြန်သက်သာလာလို့ လာမယ့်ပွဲမှာအသုံးပြုဖို့ မျှော်လင့်ထားတာပါ။ ပြီးခဲ့တဲ့နှစ်ရက်က သူ့အနေနဲ့ ခြေချင်းဝတ်ဒဏ်ရာ ထပ်မံရရှိခဲ့ပါတယ်။ ဒါကြောင့် ရိုးမားနဲ့ပွဲကို ပါဝင်နိုင်မှာမဟုတ်ပါဘူး။ မိုရာတာ၊ဘန်နာဆာ၊ လော့တပ်ချိခ်တို့ကတော့ ပါဝင်မှာပါ။ မူဆာနဲ့လီယိုတို့ကတော့ လာမယ့်တစ်ပတ် သောကြာနေ့မှာ ကစားမယ့် စူပါဖလားပွဲစဉ်မှာတော့ ပါဝင်မှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

## အတ္တလန်တာအသင်းဂိုးသမား ကာနီဆက်ချီကိုခေါ်ယူရန် အာဆင်နယ်အသင်းကြိုးပမ်း

လန်ဒန် ဒီဇင်ဘာ ၂၉

အာဆင်နယ်အသင်းက အတ္တလန်တာအသင်းဂိုးသမား ကာနီဆက်ချီကို ပြောင်းရွှေ့ကြေးယူရိုသန်း ၄၀ ဖြင့်ခေါ်ယူရန်ပစ်မှတ်ထားနေသည်။

နည်းပြအာတီတာက အသင်းမှ ဦးစားပေးဂိုးသမားနေရာတွင် အစားထိုးနိုင်ရန် စီစဉ်နေပြီး လက်ရှိတွင် ရာယာနောက် ဒုတိယဦးစားပေးဂိုးသမားအဖြစ် တာဝန်ပေးသွားမည်ဖြစ်သောကြောင့် ကာနီဆက်ချီကို ပီအက်စ်ဂျီအသင်းနှင့်အပြိုင် ခေါ်ယူရမည်ဖြစ်သည်။

အာဆင်နယ်အသင်းသည် နွေရာသီ အပြောင်းအရွှေ့ကာလက အရန်ဂိုးသမား ဘီတိုကို အငှားချခဲ့ပြီးနောက် အက်စ်ပန်ညိုအသင်းမှ ဂိုးသမားဂါစီယာကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့သော်လည်း အောင်မြင်မှုမရခဲ့သဖြင့် လာမည့်အပြောင်းအရွှေ့တွင် ကာနီဆက်ချီကို ထပ်မံခေါ်ယူမည်ဖြစ်သည်။

ဂိုးသမား ကာနီဆက်ချီသည် အတ္တလန်တာအသင်းသို့ ၂၀၁၈ ခုနှစ်က ရောက်ရှိခဲ့ပြီးနောက် အသင်းတွင် ပွဲထွက်ခွင့်ရရှိရန် စိတ်ရှည်စွာ စောင့်ဆိုင်းခဲ့ရကာ ၂၀၂၃ ခုနှစ်မှ အသင်းနှင့် ပွဲထွက်ခွင့်စတင်ရရှိသည်။

၎င်းသည် လက်ရှိအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိနေကာ အသင်းအနေဖြင့်လည်း ဆုဖလားလမ်းကြောင်းပေါ် ရောက်ရှိနေသဖြင့် ထွက်ခွာရန် ဆန္ဒမရှိသေးသော်လည်း အာဆင်နယ်အသင်းက စံချိန်တင်ကြေးဖြင့်ခေါ်ယူပါက အတ္တလန်တာအသင်းက ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## အားကစားသတင်းအတိုအထွာများ

- နည်းပြအာမိုရင်က ခံစစ်ပိုင်းတွင် ခြေစွမ်းပြသရန် ရုန်းကန်နေရသည့် မက်ဂွဲယားကို စာချုပ်သက်တမ်းတစ်နှစ်တိုးရန် ဘုတ်အဖွဲ့နှင့် ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။
- စပါးအသင်းက လက်စတာအသင်းတွင် အငှားလာရောက်ကစားနေသည့် တောင်ပံကစားသမား ဘွန်နာနိုတီကို ဆွန်ဟောင်မင်နေရာတွင် ကာလရှည်အစားထိုးရန်အတွက် စတာလင်ပေါင် ၃၇ သန်းဖြင့် ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။
- ဘာစီလိုနာအသင်းတွင် ကစားသမားမှတ်ပုံတင်ရန် ခက်ခဲနေသည့် အိုမိုကို ပီအက်စ်ဂျီအသင်းကလည်းခေါ်ယူရန် မန်ယူအသင်းနှင့်အပြိုင် ကြိုးပမ်းလျက်ရှိသည်။
- နည်းပြဂွါဒီယိုလာက ဂိုးသမားအီဒါဆန်၊ ခံစစ်ကစားသမားဝေါ်လ်ကာ၊ ကွင်းလယ်ကစားသမားရိုဒရီ၊ အသင်းမှ ထွက်ခွာသွားသည့် တိုက်စစ်မှူး အယ်ဗာရက်ဇ်တို့နေရာတွင် အစားထိုးရန် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားခြောက်ဦးထိ ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ML

# WBO Inter-Continental လိုက်ဝိတ်တန်းချန်ပီယံဆုကို တရုတ်လက်ဝှေ့ကစားသမား ရန်ယန်းချင်ဆွတ်ခူး



**ဟိုင်းခို ဒီဇင်ဘာ ၂၈**

WBO Inter-Continental လိုက်ဝိတ်တန်းချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ်တရုတ်လက်ဝှေ့ကစားသမား ရန်ယန်းချင်နှင့် ကာဇက်စတန်လက်ဝှေ့သမား ကူဆိုင်နော့ဗ်တို့ ဒီဇင်ဘာ ၂၈ ရက်တွင် တရုတ်နိုင်ငံ ဟိုင်းခိုမြို့၌ ထိုးသတ်ခဲ့ရာ ရန်ယန်းချင်က အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရှုံးပွဲမရှိသေးသည့် ရန်ယန်းချင်သည် အိမ်ရှင်ပရိတ်သတ်များ ရှေ့မှောက်တွင် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ပြီး လစ်လပ်နေသော ချန်ပီယံနေရာဖြင့် ထိုက်တန်ကြောင်း ပြသနိုင်ခဲ့သည်။

ရန်ယန်းချင်သည် ကူဆိုင်နော့ဗ်နှင့် ထိုးသတ်ခဲ့သည့်ပွဲစဉ်တွင် ပထမအချီကတည်းက ကူဆိုင်နော့ဗ်ကို အကောင်းဆုံးဖိအားပေးထိုးသတ်နိုင်ခဲ့သလို ပြိုင်ဘက်ကစားသမား၏ အတင်းကပ် ဝင်လုံးမှုကို ရှောင်နိုင်ခဲ့ပြီး အဝေးမှ ထိန်းချုပ်ကာ ဖိအားပေးနိုင်ခဲ့သည်။

သို့သော်လည်း ကူဆိုင်နော့ဗ်သည်လည်း ရန်ယန်းချင်ကို ပြန်လည်ဖိအားပေးနိုင်ခဲ့ပြီးတစ်ဦးနှင့်တစ်ဦးအပြန်အလှန်ဖိအားပေးနိုင်ခဲ့ကြသည်။

ရန်ယန်းချင်က "ကျွန်တော့်ရဲ့ အဓိကဦးစားပေး ရည်မှန်းချက်ကတော့ တရုတ်လက်ဝှေ့လောကအဖက်ဖက်ကနေ ဖွံ့ဖြိုးတိုးတက်လာစေဖို့ပါပဲ။ ကျီလီကျန်းနဲ့ ကျူကန်တို့လဲ တရုတ်လက်ဝှေ့လောကအတွက် ဂုဏ်ယူစရာကောင်းလောက်တဲ့ စွမ်းဆောင်ရည်မျိုးပြနိုင်ခဲ့တယ်။ တရုတ်လက်ဝှေ့လောက ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် အခက်အခဲအတားအဆီးတွေအများကြီးပါ။ ဒါတွေကိုကျော်ဖြတ်ပြီး တရုတ်လက်ဝှေ့လောကအတွက် ကျွန်တော်တတ်နိုင်တဲ့ဘက်ကနေ အကောင်းဆုံးကြိုးစားပေးသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ဒီဇင်ဘာလအတွက် စပိန်လာလီဂါ တစ်လတာအကောင်းဆုံးကစားသမားဆုကို ဘယ်လင်ဟမ်ဆွတ်ခူး

**မက်ဒရစ် ဒီဇင်ဘာ ၂၈**

စပိန်လာလီဂါပြိုင်ပွဲ၏ ဒီဇင်ဘာလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ရီးရဲလ်မက်ဒရစ် အသင်းကွင်းလယ်ကစားသမား ဘယ်လင်ဟမ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဘယ်လင်ဟမ်သည် ဒီဇင်ဘာလအတွင်း ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ စပိန်လာလီဂါပြိုင်ပွဲတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအတွက် အရေးပါသည့် သွင်းဂိုးများကို သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပြိုင်ဘက်အသင်းကစားသမားများကိုကျော်ဖြတ်ကာ စပိန်လာလီဂါပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘယ်လင်ဟမ်သည် ဒီဇင်ဘာလအတွင်း ရီးရဲလ်မက်ဒရစ်အသင်းနှင့် စပိန်လာလီဂါပွဲစဉ်များအဖြစ် ဂီတာဖေးအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်၊ ဘီလ်ဘာအိုအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး၊ ဂျီရိုနာအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်၊ ဗယ်လ်ကာနိုအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ငါးပွဲကစားခဲ့ရာ လေးဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု နှစ်ကြိမ် ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA




# MFF Vita Max Futsal League-I ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပွဲစဉ်(၁)ပွဲစဉ်များ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Vita Max Futsal League-I ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် ပွဲစဉ်(၁)ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadiumတွင် ကျင်းပခဲ့ကြောင်း သိရသည်။



Vita Max Futsal League-I ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ ဖူဆယ်လီဂ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်းနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကလပ်အသင်းများမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသည့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပြီးနောက် အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

Vita Max Futsal League-I ပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီက MIU FC အသင်းနှင့် YRG FC အသင်းတို့ကစားခဲ့ရာ MIU FC အသင်းက သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀နာရီခွဲက Futsal Chit Thu FCအသင်းနှင့် MH Dream Team အသင်းတို့ ကစားခဲ့ရာ MH Dream Team အသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂နာရီက VUC FC အသင်းနှင့် SGFFCအသင်းတို့ကစားခဲ့ရာ VUC FCအသင်းက လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁နာရီခွဲက Generations FC အသင်းနှင့် YCDC Marga FCအသင်းတို့ကစားခဲ့ရာ Generations FC အသင်းက အနိုင်ရရှိခဲ့ပြီး ညနေ ၃နာရီက Winner Soccer FC အသင်းနှင့် M2K FC အသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီသရေကျလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

STA

# Guinness World Records အသင်းက ဒူဘိုင်းမာရသွန်အပြေးပြိုင်ပွဲဖြင့် လက်တွဲသွားမည်ဖြစ်ကြောင်း ထုတ်ပြန်

**လန်ဒန် ဒီဇင်ဘာ ၂၈**

လန်ဒန်မြို့တွင် အခြေစိုက်သည့် Guinness World Records အသင်းသည် ဒူဘိုင်းမာရသွန်အပြေးပြိုင်ပွဲဖြင့် လက်တွဲသွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပသွားမည့် ဒူဘိုင်းမာရသွန် အပြေးပြိုင်ပွဲတွင် ဂရင်းနစ်စံချိန် မှတ်တမ်းအတွက် စောင့်ကြည့်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဒူဘိုင်းမာရသွန် အပြေးပြိုင်ပွဲတွင် ဂရင်းနစ်စံချိန် မှတ်တမ်းတင်သွားမည့် ကဏ္ဍအသစ်များကို ဖန်တီးပေးသွားမည်ဖြစ်ပြီး အာရပ်စော်ဘွားများ ပြည်ထောင်စုရှိ ပြည်တွင်းပြေးခုန်ပစ် အားကစားသမားများ စိတ်ဝင်စားတက်ကြွလာစေရေးအတွက် အာရပ်စော်ဘွားများပြည်ထောင်စု တာဝန်ရှိသူများနှင့် Guinness World Records အသင်းမှ တာဝန်ရှိသူများအကြား ဆွေးနွေးကာ သဘောတူညီချက် ရရှိခဲ့ခြင်းဖြစ်သည်။

Guinness World Records အသင်းသည် ဒူဘိုင်းမာရသွန် အပြေးပြိုင်ပွဲတွင် ထူးခြားသည့် မှတ်တမ်းကဏ္ဍများ ဖန်တီးကာ ဂရင်းနစ်စံချိန်တင်နိုင်ရေးအတွက် စီစဉ်ပေးသွားမည်ဖြစ်ပြီး အခြားသော မာရသွန်အပြေးပြိုင်ပွဲများတွင် အမြန်ဆုံးစံချိန်မှတ်တမ်းကိုသာ မှတ်တမ်းယူခဲ့သော်လည်း ဒူဘိုင်းမာရသွန် အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲအတွင်း ပိတ်ဖြင့် မျက်စိဖုံးကာ ဝင်ရောက်ယှဉ်ပြိုင်သည့် မှတ်တမ်း၊ ကျောင်းသား၊ ကျောင်းသူဝတ်စုံသို့မဟုတ် ဆရာဝန်ဝတ်စုံတို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သည့်မှတ်တမ်း၊ ခါးအဆီချသည့် လေ့ကျင့်ခန်းတွင် အသုံးပြုသည့် Hula Hoop ကွင်း သို့မဟုတ် ကြက်ဥနှင့် ဇွန်းများကိုကိုင်၍ ပြိုင်ပွဲဝင်ခြင်းစသည့် ထူးခြားသည့် ကဏ္ဍများဖြင့် ဂရင်းနစ်မှတ်တမ်းတင်ပေးသွားမည်ဖြစ်ကြောင်း Guinness World Records အသင်းမှ စီနီယာဈေးကွက်မန်နေဂျာဖြစ်သူ ရက်ဒီဂိတ်က အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# နယူးကာဆယ်အသင်းက အစ်ဆက်အတွက် ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၅၀ သတ်မှတ်

**လန်ဒန် ဒီဇင်ဘာ ၂၈**

နယူးကာဆယ်အသင်းသည် ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန် ပစ်မှတ်ထားခံနေရသည့် အသင်းမှ တိုက်စစ်ကစားသမား အစ်ဆက်အတွက်ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၅၀သတ်မှတ်ပြီး အသင်းတွင် ဆက်လက်ထိန်းသိမ်းထားရန် ကြိုးပမ်းနေကြောင်း သိရသည်။

အစ်ဆက်သည်ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ဆိုစီဒက်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၃သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီးအသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသလျက်ရှိနေသည့်အတွက် နယူးကာဆယ်အသင်းက လက်မလွှတ်လိုသောကြောင့် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်သတ်မှတ်ပြီး ထိန်းသိမ်းရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိအစ်ဆက်နှင့် နယူးကာဆယ်အသင်းတို့ စာချုပ်သက်တမ်းမှာ လေးနှစ်ထိ ကျန်ရှိသေးသည့်အတွက် နယူးကာဆယ်အသင်းက ထိပ်တန်း အသင်းကြီးများ၏ ခေါ်ယူမှုကို ဟန့်တားနိုင်ရန် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၅၀ ပေးချေမှသာလျှင် အစ်ဆက်ကို လက်လွှတ်သွားမည်ဟု ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင်အစ်ဆက်ကို အာဆင်နယ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသည့်အတွက် နယူးကာဆယ်အသင်းက ထိပ်တန်းပြိုင်ဘက်အသင်းထံ ၎င်းတို့အဓိကကစားသမားကို လက်မလွှတ်လိုသောကြောင့် မြင့်မားသည့် ပြောင်းရွှေ့ကြေး သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# မြင့်မြတ်သူတို့ စံမြန်းအပ်သောနေရာအသွင်ပလ္လင်

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ပလ္လင်သည် မြင့်မြတ်သော အခင်းနေရာဖြစ်သည်။ ကျမ်းဂန်များတွင် ပလ္လင်ခြောက်ပါးရှိကြောင်း ပြဆိုသည်။

**မြတ်စွာဘုရားပွင့်တော်မူရာအပရာဇိတပလ္လင်**

မြတ်စွာဘုရားပွင့်တော်မူရာပလ္လင်သည် အလိုအလျောက် ဘုရားရှင်တန်ခိုးတော်အားဖြင့် မြေမှ ပေါ်ထွက်လာသည်။ "မာရ်နတ်စစ်သည်များသည် ပလ္လင်တော်၏ ရှေ့နောက်ဝဲယာတို့မှ တက်ရောက်မည်ပြုသည်" ဟူသောစကားကိုထောက်၍အပရာဇိတ ပလ္လင်သည် လေးမျက်နှာပြန့်ပလ္လင်လုံးဖြစ်ကြောင်း သိရသည်။ ဂေါတမမြတ်စွာဘုရား၏ အပရာဇိတ ပလ္လင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် ပေါ်ထွန်း၍ ဗောဓိပင်၏ အရှေ့မျက်နှာလေးထောင့်တွင် တည်သည်။ တစ်ဆယ့်လေးတောင်အပြန့်ကျယ်သည်။

**ဖြဟ္မာမင်းတို့ထိုင်သော ကမလာသနခေါ်ကြာပလ္လင်**

ဖြဟ္မာတို့ထိုင်သောပလ္လင်နှင့်စပ်လျဉ်း၍ အရွယ်အစားနှင့် ပုံသဏ္ဌာန်ကို ဖော်ပြထားခြင်းမျိုးမတွေ့ရချေ။ ပုဂံရှိ နန်းဘုရား၌ ကျောက်ဆစ်ပန်းတမော့လက်ရာဖြင့် ကြာရိုးကြာစွယ်ပါသော ကြာပလ္လင်ကို တွေ့ရသည်။ ၁၂၅၆ ခုနှစ် ကဆုန်လဆန်း ၁၅ ရက်သောကြာနေ့တွင် ဖြည့်စွက်ရေးကူးပြီးစီးသည့် ရွှေနန်းသုံးပုရပိုက်များ၌လည်း ဖြဟ္မာထိုင်သော ကြာပလ္လင်ကိုတွေ့ရသည်။

**နတ်တို့ထိုင်သောဒိဗ္ဗာသနပလ္လင်**

ဒိဗ္ဗာသနပလ္လင်သည် ရတနာတို့ဖြင့်ပြီးသောကြောင့် ရတနာပလ္လင်ဟု ဖော်ပြကြသည်။ ပလ္လင်၏ အမြင့်သည် တစ်ယူဇနာရှိ၍ အကျယ်သည်လည်း တစ်ယူဇနာရှိသည်။ အဝန်းသုံးယူဇနာရှိသည့် ထီးဖြူကြီးကို ဆောင်းထားသည်။

**လူမင်းတို့ထိုင်သောရာဇပလ္လင်**

လူမင်းတို့ထိုင်သောရာဇပလ္လင်သည် ရှစ်မျိုးရှိကြောင်း ခွဲထွက်သွားပြန်သည်။ သို့အတွက် ပလ္လင်ရှစ်ခန်း၊ ရွှေနန်းကိုးဆောင်ဟု ဆိုကြသည်။ ၎င်းပလ္လင်ရှစ်မျိုးမှာ–

(၁)သီဟာသနပလ္လင် (ယမနေသားဖြင့် ထုလုပ်ထားပြီးခြင်္သေ့အရုပ်ခံသည်။ မင်းတို့ပူဇော်ခံရာ မြေနန်းတော်၊ လွှတ်တော်တို့တွင် ထားရှိသည်။)

(၂) ဘမယာသနပလ္လင် (ကရဝေးသားဖြင့် ထုလုပ်ထားပြီး ပိတုန်းအရုပ်ခံသည်။ စက်တော်ခေါ်ရာ မှန်နန်းဆောင်တွင် ထားရှိသည်။)

(၃)ပဒုမာသနပလ္လင်(သရက်သားဖြင့် ထုလုပ်ထားပြီး ပဒုမ္မာကြာပွင့်ခံသည်။ ဘုရင်မင်းတို့ ကန်တော့ခံရာ အနောက်ဇေတဝန်တွင် ထားရှိသည်။)

(၄)ဟံသာသနပလ္လင်(သင်္ကန်းသားဖြင့် ထုလုပ်ထားပြီး ဟင်္သာရုပ်ခံသည်။ ဘုရင်မင်းတရားဝတ်ပြုရာ အရှေ့ဇေတဝန်ဆောင်တွင် ထားရှိသည်။)

(၅)ဂဇာသနပလ္လင်( စံကားသားဖြင့် ထုလုပ်ထားပြီး ဆင်ရုပ်ခံသည်။ လက်ဆောင်တော်ခံယူရာ ဖြဲတိုက်ဆောင်တွင် ထားရှိသည်။)

(၆)သင်္ခါသနပလ္လင်(တောင်ပိန္နဲသားဖြင့် ထုလုပ်ထားပြီး ခရုသင်းရုပ်ခံသည်။ တရားစီရင်ရာ လေသာဆောင်တွင်ထားရှိသည်။)

(၇) မိဂါသနပလ္လင်(ရေသဖန်းသားဖြင့် ထုလုပ်ထားပြီး သမင်ရုပ်ခံသည်။ အလှူတော်ရေစက်ချရာ တောင်စမုတ်ဆောင်တွင် ထားရှိသည်။)

(၈) မယုရာသနပလ္လင်(ပေါက်သားဖြင့် ထုလုပ်ထားပြီး ဥဒေါင်းရုပ်ခံသည်။ ကန်တော့ပန်းသိမ်းရာ မြောက်စမုတ်ဆောင်တွင် ထားရှိသည်။)

ရွှေနန်းကိုးဆောင်ဟုဆိုပြန်သဖြင့် ပလ္လင်ကိုးမျိုးရှိနိုင်ရာ၏ဟု တွေးဆနိုင်သည်။ သီဟာသနပလ္လင်ကို မြေနန်းတော်(မြေနန်းပြာသာဒ်ဆောင်)နှင့် ဘုရင်မင်းမြတ်လွှတ်တက်သည့်အခါ စံမြန်းရန် လွှတ်တော်တွင်ပါ ထားရှိသဖြင့် ရွှေနန်းကိုးဆောင် တိုင်းတွင် ပလ္လင်ထားရှိကြောင်းသိရသည်။

ရာဇပလ္လင်မှာ မာရဘင်တံခါးကိုကပ်လျက် တစ်ခြမ်းသာရှိသောပလ္လင်မျိုးဖြစ်သည်။ ပလ္လင်လုံးကိုလည်း အလယ်ထက်ဝက်မာရဘင်ကန့်နိုင်သည်။ အနိမ့်အမြင့်ပမာဏကိုလိုက်၍ ရာဇပလ္လင်သုံးမျိုး သုံးစားခွဲခြားနိုင်သည်။ ၎င်းတို့မှာ ၁၆ တောင်ရှိသော မဟာပလ္လင်၊ ရှစ်တောင်ရှိသော မဇ္ဈိမပလ္လင်၊ လေးတောင်ရှိသော စူဠပလ္လင်ဟူ၍ ဖြစ်သည်။

❖ပလ္လင်အထက် စံမြန်းနိုင်သည့် ပုဂ္ဂိုလ်ထူးမြတ်သည်လည်း ခြောက်ပါးရှိကြောင်း သိရသည်။ တစ်ဖန်ဆွမ်းတော်တင်ပြီး စွန့်ပစ်ရာ သင်ပုတ် (သမုတ်) ပလ္လင်ဟူ၍လည်း ရှိသေးသည်။ သင်ပုတ်ဟူသောဝေါဟာရမှာ ပုဂံခေတ်ကတည်းက အသုံးပြုလာသော စကားလုံးဖြစ်သည်။ တချို့က သင်ပုတ်ဟူသည် လှူဒါန်းဖွယ်ဆွမ်းတော်ပွဲဟုလည်း ဆိုကြသည်။ ဆွမ်းကို ပလ္လင်ပေါ်တင်၍ လှူဒါန်းရင်း ဆွမ်းတော်ရော ဆွမ်းဆက်ကပ်သည့်နေရာကိုပါ သင်ပုတ်ပလ္လင်ဟု ခေါ်လာခြင်းလည်းဖြစ်နိုင်သည်။ ❖

မင်းတို့သည် မိမိနှစ်သက်ရာအရွယ်ကို ပြုလုပ်ကြသည်။ ပလ္လင်တစ်ခုလျှင် ခြင်္သေ့၊ ဆင်ပျံ၊ လောကနတ်၊ ဒေါင်းမြီးယပ်၊ ဆင်နား၊ တံခါးတိုင်၊ သိကြား၊ ကိန္နရာ၊ သမ္မာဒေဝ၊ ခြူး၊ ကြာ၊ ဦးဆောက်ပန်းဟူ၍ ၁၂ နေရာပါမြဲဖြစ်သည်။ ခြင်္သေ့ရုပ်ကို ပလ္လင်အောက်ခုံတွင် ထုလုပ်ရသည်။ ကေသရာဇာခြင်္သေ့မင်း၏ သန်မြန်ခြင်း၊ ဝင့်ဝင့်ကြွားကြွားရှိခြင်းစသောဂုဏ်ကို ယူ၍ ထုလုပ်သည်။

ခြင်္သေ့ရုပ်ကို ရာဇပလ္လင်ဥကင်၏ လက်ဝဲလက်ယာ၌လည်း ထုလုပ်သည်။ ဆင်ပျံနှင့် လောကနတ်ရုပ်တို့ကိုလည်း ဥကင်၏ လက်ဝဲလက်ယာ၌ပင် ထုလုပ်သည်။ အကြောင်းမှာ ခြင်္သေ့မင်းသည် ရွှေဂူမှအထွက်တွင် ကောင်းကင်ပျံဆင်နှင့်တွေ့၍ အစာဖြစ်သော တိမ်ညွှန့်ကြောင့် အချင်းဖြစ်ရာ ဆင်ပျံဦးကင်းကို ခြင်္သေ့မင်းက နင်းလျက် နှာမောင်းကို စုတ်ယူစဉ် လောကနတ်သည် ခြေတွင် စည်းဆုပ်တီးလျက် သီချင်းဆိုသောအခါ သာယာသဖြင့် ဆင်ပျံနှင့် ခြင်္သေ့တို့နာခံလျက် ရန်ငြိမ်းကြသည်ကိုစွဲ၍ ထိုသုံးရုပ်ကို ပုံမပျက်ထုလုပ်ရကြောင်း ဆိုသည်။

ရာဇပလ္လင်ဥကင်လက်ဝဲလက်ယာ၌ ဒေါင်းမြီးယပ် ထားရှိခြင်းမှာ မြတ်စွာဘုရားအလောင်း ဥဒေါင်းမင်းကို တင့်တယ်လှသဖြင့် မင်းခြောက်ဆက်တိုင်ကြော့ကွင်းထောင်ပြီး ဖမ်းယူရသည့် ရှေးနိမိတ်ကို စွဲ၍ အမြီး၏တင့်တယ်ဟန်ကိုယူကာ ထုလုပ်ထားရှိခြင်းဖြစ်သည်။ ရာဇပလ္လင်ဥကင်လက်ဝဲလက်ယာ၌ ဆင်နားဇာပေါက်ထုလုပ်ထားရှိခြင်းမှာ မြတ်သောဆဒ္ဒန်ဆင်မင်းကိုစွဲ၍ ၎င်း၏နားနှင့် သဏ္ဌာန်တူစွာ ထုလုပ်ထားခြင်းဖြစ်သည်။

တံခါးတိုင်ထုလုပ်ထားရှိခြင်းမှာ ဥကင်၌ မုတ်တံခါးဦးရှိသည်က တစ်ကြောင်း၊ တစ်ရာ့ရှစ်ကွက်စကလက္ခဏာတော်တွင်လည်း တံခါးတိုင်ပါရှိသည်က တစ်ကြောင်း ထိုအကြောင်းများကြောင့် ထုလုပ်ထားရှိခြင်းဖြစ်သည်။

သိကြားရုပ် ထုလုပ်ထားခြင်းမှာ မင်း၏တုရင်ဗိမာန်တွင် သိကြား ၃၃ ပါးတို့ စောင့်ရှောက်ဟန်ကိုရည်ရွယ်၍ ထုလုပ်ထားရှိခြင်းဖြစ်သည်။ ပဒုမ္မာကြာပွင့်ခံ၍ သားမြီးယပ်စွဲလျက် လက်ဝဲ ၁၆ ရုပ်၊ လက်ယာ ၁၆ ရုပ်၊ တုရင်ဗိမာန်တွင် တစ်ရုပ်၊ ပေါင်း ၃၃ ရုပ် ထုလုပ်ရသည်။

ကိန္နရာရုပ် ထုလုပ်ထားရှိခြင်းမှာ ကိန္နရာတို့သည် နူးညံ့သောအမူအရာရှိ၍ ပန်းဝတ်ဆံကို စားလေ့ရှိပြီးလျှင် မြတ်စွာဘုရားပွင့်တော်မူသောနေ့၌ ကခုန်တတ်ကြသောရှေးနိမိတ်ကိုစွဲ၍ ထုလုပ်ထားခြင်းဖြစ်သည်။

သမ္မာဒေဝနတ်ရုပ်မှာ သမ္မာဒေဝနတ်စောင့်ရှောက်ဟန်ကို ရည်ရွယ်၍ ထုလုပ်ထားရှိသည်။ ခြူးရုပ်မှာ ဘီလူးတို့ကြောက်ရွံ့တတ်သဖြင့် ခြူးပန်းခြူးနွယ် ထုလုပ်ထားရှိခြင်းဖြစ်သည်။ ကြာမှာလည်း ကျက်သရေပွင့်လန်းခြင်းကိုရည်၍ ထုလုပ်ထားရှိခြင်းဖြစ်သည်။ ဦးဆောက်ပန်းမှာ ခြူးပန်းခြူးနွယ်တို့၏ အလယ်တွင် တစ်ပင်လျှင် တစ်ခက်ဖြင့် တစ်ပွင့်စီ ဆွဲလျက် မင်္ဂလာပန်းအဖြစ် အဦးအထွတ်ပြုကာ ထုလုပ်ထားခြင်းဖြစ်သည်။ ပလ္လင်ရှစ်ခန်းကို မြဝတီမင်းကြီးဦးစက သီချင်းဖြင့် ဖွဲ့ဆိုသီကုံးထားသည်မှာ "ဥကင်ဘုံမြင့် သီဟာဗွေ၊ စိန်ကြောင်ရောင်လင်းသစ်မင်းယမနေ။ မှန်ရဝေငယ်မှာလေ၊ ကြိုင်သင်းပျံ့မွှေး၊ ဘမယာသန၊ တောက်ပဝင်သဝဏ်ငယ်လေ၊ မုနောတင့်လွန်၊ သစ်မွန်ကရဝေးငယ်နှင့်လေး။ ဆက်စဉ်မည်ရှေး၊ ဖြဲတိုက်မှာ၊ ဂဇာငွေသား၊ စကားသစ်မြတ်စွာ။ တောင်လေသာမှာ၊ တောင်ပိန္နဲ။ သင်္ခငယ်သိင်္ဂါ၊ ရစ်လက်ကျာ၊ မြင့်ကြာတုလွတ်ကဲပါလို့လေး။ မျက်မြွာပုလဲခြယ်စီကာ၊ ဇေတဝန်နန်း၊သင်္ကန်းမြတ်ဟံသာ။ ရွှေမိဂါငယ်လေ။ မြသဖန်း။ စမုတ်ကယ်ဘုံမော်၊ လကျာတော်၊ ရှုမျှော်အံ့မခန်းသည်နှင့်လေး။ နောက်ဝေယန်နန်း၊ ဇေတဝန်။ ပဒုံကြာရွက်၊ သရက်မြတ်သစ်မွန်။ မြောက်လေသွန်မှာ၊ စမုတ်ဦး။ ပေါက်သစ်ငယ်လျှံဝါ၊ မယုရာ၊ ရှစ်ဖြာထိန်ဝင်း၊ မြူးသည်နှင့်လေး။ စံပျံ့ပျူးပါလို့၊ ရည်ကျူးငယ်၊ သက်တော်၊ ရာကျော်ဖြိုးရလေ၊ ဆောင်ဆောင်နန်းငယ်နှင့်၊ လေးခန်းငယ်ဒီပါ၊ ချုပ်ကာနီးရလေ" ဟူ၍ ဖြစ်သည်။

**တရားသူကြီးမင်းတို့ထိုင်သောအတ်ကရနပလ္လင်**

တရားရုံးများတွင် အမြင့်မြတ်ဆုံး၊ အရေးပါဆုံး၊ အထွတ်မြတ်ဆုံးဖြစ်သည်နှင့်အညီ တရားသူကြီးများကို ဂုဏ်ဒြပ်နှင့်ဟပ်မိအောင် နေရာပေးထားသည့် ထိုင်ခုံမြင့်ဖြစ်သည်။ မြန်မာ့ရိုးရာ ပဋ္ဌမာသိပ္ပံကျမ်း၌ ဗုဒ္ဓမြတ်စွာ၏ဖြစ်တော်ပေါင်းချုပ် ၅၅၀ ဇာတကများအနက် ဇဝနဟံသဇာတ်၊ စူဠဟံသဇာတ်၊ မဟာဟံသဇာတ်လာ ဘုရားလောင်းဟင်္သာမင်း၏ တရားမျှတမှု၊ အကျင့်သိက္ခာ၊ ဉာဏ်ပညာထက်မြက်မှုတို့ကို အတုယူစေလိုသောသဘောနိမိတ်ဖြင့် တရားသူကြီးမင်းများ တရားစီရင်ရာပလ္လင်ကို ဟံသာသနဖြင့် အသုံးပြုကြကြောင်း ဆရာစပ်ထွန်းမှတ်ဝင်းက ဖော်ထုတ်ရေးသားသည်ကို တွေ့ရသည်။

**ဓမ္မကထိကတို့ထိုင်သောဓမ္မာသနပလ္လင်**

တရားဓမ္မများဟောကြားသည့် ပုဂ္ဂိုလ်များထိုင်ရာနေရာဖြစ်သည်။ ရတနာသုံးပါးတွင် ဓမ္မဟူသည် တရားတော်မြတ်ပါဝင်သဖြင့် အလေးအမြတ်ပြုခြင်းဖြစ်သည်။ ဓမ္မာသနပလ္လင်စီရင်ခင်းကျင်းခြင်းနှင့် ပတ်သက်၍ အဇာတသတ်မင်းလက်ထက် မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်ပြီးနောက် ပထမအကြိမ်ဓမ္မဝိနယသင်္ဂါယနာတင်သဘင်ပွဲဝယ် ပုစ္ဆကမထေရ်သီတင်းသုံးနေထိုင်ရမည့် တောင်အရပ်ကို အမှီပြု၍ မြောက်ဘက်သို့ မျက်နှာမူသော ထေရာသနဓမ္မပလ္လင်ကို ခင်းထားစေသည်။ မဏ္ဍပ်၏အလယ်၌ အရှေ့ဘက်ကို မျက်နှာမူကာ မြတ်စွာဘုရားရှင်ထိုင်နေတော်မူထိုက်သော ဝိသဇ္ဇနကဖြေဆိုမည့်မထေရ်ထိုင်ရန် ဓမ္မာသနပလ္လင်ကို ခင်းကျင်းထားသည်။ ထိုပလ္လင်ထက်၌ ဆင်စွယ်ယပ်ဝန်းကို တင်ထားသည်။ ထို့ကြောင့် ဓမ္မာသနပလ္လင်တို့သည် တရားဟောသူတို့အတွက် တရားနာသူတို့က ၎င်းတို့၏ စိတ်ကြိုက်ပြင်ဆင်ခင်းကျင်းခွင့်ရသည့် မြင့်မြတ်သောနေရာပင်ဖြစ်တော့သည်။

ထို့ကြောင့် ပလ္လင်အထက် စံမြန်းနိုင်သည့်ပုဂ္ဂိုလ်ထူးမြတ်သည်လည်း ခြောက်ပါးရှိကြောင်း သိရသည်။ တစ်ဖန်ဆွမ်းတော်တင်ပြီး စွန့်ပစ်ရာ သင်ပုတ် (သမုတ်) ပလ္လင်ဟူ၍လည်း ရှိသေးသည်။ သင်ပုတ်ဟူသောဝေါဟာရမှာ ပုဂံခေတ်ကတည်းက အသုံးပြုလာသော စကားလုံးဖြစ်သည်။ တချို့က သင်ပုတ်ဟူသည် လှူဒါန်းဖွယ်ဆွမ်းတော်ပွဲဟုလည်း ဆိုကြသည်။ ဆွမ်းကို ပလ္လင်ပေါ်တင်၍ လှူဒါန်းရင်း ဆွမ်းတော်ရော ဆွမ်းဆက်ကပ်သည့်နေရာကိုပါ သင်ပုတ်ပလ္လင်ဟု ခေါ်လာခြင်းလည်းဖြစ်နိုင်သည်။ သီတင်းကျွတ်လ၌ ရွာသောမိုးသည် သင်ပုတ်ပလ္လင်ကို ဆေးကြောခြင်းပင်ဖြစ်သည်။ ပလ္လင်သည် ဆွမ်းတော်တင်ရင်း ပေကျံနေနိုင်သည်မို့ ရွာသောမိုးက ဆေးကြောခြင်းသဖွယ် တင်စားခြင်းဖြစ်သည်။

ပလ္လင်သည် မြင့်မြတ်သူတို့ စံမြန်းရာနေရာ အခင်းအကျင်းတစ်ခုဖြစ်၍ မြန်မာ့ယဉ်ကျေးမှုအနုသုခုမပညာတို့ဖြင့် မွမ်းမံထားသောအရာလည်းဖြစ်သည်။ မြန်မာတို့၏ အမှတ်အသားလည်းဖြစ်သည်။ တစ်ဖန်အချုပ်အခြာအာဏာကိုလည်း ပြဆိုနေရာတစ်ခုအဖြစ် ညွှန်းဆိုနိုင်သည်။ ၎င်းကို မြန်မာ့ဇာတ်သဘင်၏ နန်းစီးခန်း တစ်နည်းအားဖြင့် နန်းညီလာခံခန်းများ၌ ပလ္လင်ကို မပါမဖြစ်ထည့်သွင်းခင်းကျင်းကြခြင်းဖြင့် သိနိုင်သည်။ ထို့ကြောင့် ပလ္လင်သည် တန်ဖိုးများစွာရှိသည်။ တန်ဖိုးများစွာကြီးသည်။ တန်ဖိုးရှိရာကို တန်ဖိုးထားနိုင်ကြခြင်းသည် မိမိယဉ်ကျေးမှုကို တန်ဖိုးထားခြင်းသာ ဖြစ်ပါတော့သည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်းအတွဲ(၇)
- မြန်မာမှုနယ်မှပလ္လင်အလှ မောင်ယဉ်လှိုင်း (ပျဉ်းမငြိုင်)

# State Administration Council Chairman Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends a message to the ceremony to mark the Kayin National New Year Day

## 30 December 2024

**Esteemed ethnic national people,**

Today, 30 December 2024, the 1st waxing of Pyatho 1386 Myanmar Era, is a significant day designated as the auspicious Kayin New Year Day. On this occasion of the Kayin New Year, may all Kayin brethren alongside national people enjoy physical and mental well-being, prosperity, and abundant blessings, wishing everyone a joyful and meaningful celebration.

The Kayin ethnic people merrily celebrate their New Year Festival every year on the 1st waxing of Pyatho. The government officially recognizes this day as a public holiday throughout Myanmar, honouring its significance. The Kayin New Year is regarded as a day of great virtue, marking the transition from the old year to the new. It is a time for the Kayin people to embrace the New Year with renewed energy, optimism, and a fresh spirit, symbolizing a new beginning.

**Esteemed ethnic national brethren,**

The national races residing together in the Republic of the Union of Myanmar have diverse customs and traditions. However, they all have fostered a spirit of family and the Union spirit, respecting and valuing one another as they live together. Despite differences in birthplace, region, language, literature, culture, religion, traditions, and customs, they have coexisted harmoniously as siblings within the Union, sharing the same land and resources.

The Kayin ethnic group is one of the indigenous peoples of Myanmar and, as such, they are spread across the entire country beyond Kayin State. Moreover, they reside in regions such as Mon State, Taninthayi Region, Bago Region, and Ayeyawady Region. Throughout history, the Kayin people have lived in harmony and unity side by side with other ethnic groups. Moreover, during the period when the country was under colonial rule, the Kayin people, driven by patriotism and a strong sense of national pride, joined hands with all other ethnic groups to fight for the country’s independence, sacrificing their lives, blood, and sweat. This historical contribution remains a source of great pride and respect.

The Kayin ethnic people are inherently honest, peaceful, and humble by nature. However, they are also courageous, resolute, and highly committed to their promises. With a deep sense of patriotism, they have united the nation during critical times. I encourage the Kayin people to continue preserving and passing down their language, literature, culture, arts, traditional customs, and historical heritage that have been safeguarded throughout generations by their ancestors.

In Myanmar, the Kayin ethnic group, as well as all national brethren from various regions, should always preserve and uphold their noble traditions. If everyone stands united, in harmony and solidarity, the Union will remain stable, strong, and enduring with unity.

**Esteemed ethnic national brethren,**

Peace is fundamental for the economic development of the nation, the improvement of the social lives of its citizens, national peace, prosperity and the rule of law. After regaining independence, the legacy of colonialism and its divisive governance have led to misunderstandings among ethnic groups, resulting in ongoing armed conflicts and instability. It is crucial to acknowledge this. The State Administration Council emphasizes efforts to stabilize internal peace and results from peace as an actual natural essence of the State. Mutual respect among ethnic groups, cooperation between individuals, and reducing misunderstandings and conflicts through dialogue and discussions are keys to resolving issues.

The State Administration Council has been holding meetings and discussions with political parties and ethnic armed groups to achieve durable peace. It has also been able to record the views obtained from these discussions, which will be further deliberated and confirmed in future parliamentary sessions. Invitations for continued dialogue are always open, and the door remains open for further engagement. In the future, efforts will continue to be made to work towards peace.

**Esteemed ethnic national brethren,**

The State Administration Council has established and is carrying out the prosperity of the nation and food security as a national vision. The prosperity of the nation refers to the ability of all citizens to live in tranquillity and peace under the rule of law, to pursue education, and to engage in employment opportunities.

To ensure food security, it is necessary to not only engage in traditional agricultural and livestock practices but also to innovate and implement modern methods for food production. During the tenure of the State Administration Council, we made efforts to preserve natural resources as much as possible and focused on exporting only the surplus products from agriculture and livestock. Economic prosperity is essential for national development, and we are working to promote economic growth and development.

All national people need to prioritize and actively support the enhancement of domestic production for food security. It is essential to focus on increasing the production of export goods to generate more foreign income. As the national economy improves, the social and economic lives of the people will also progress, and in alignment with the country's economic policies, regions and states will develop and grow equally.

**Esteemed ethnic national brethren,**

Currently, to ensure the necessary peace and stability, rule of law, and socioeconomic development, all ethnic people, including the Kayin ethnic group residing in Kayin State, must unite and work together. To reduce the occurrence of conflicts and violent unrest in relevant regions, including Kayin State, they must work in unity to bring about peace and harmony, with all ethnic groups joining together to contribute to a peaceful and prosperous Union. It is hoped that this will lead to greater stability and development. Wishing for the well-being and prosperity of the Kayin people, I send this New Year’s greeting message with best wishes.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers grow more than 1,200 acres of onion in Kalay Township


An onion plantation.

**Kalay December 29**

According to the statistics of Kalay Township Department of Agriculture, local farmers have planted 1,279 acres of onion in Kalay Township of Sagaing Region.

They started cultivation of onion on 1,279 acres of croplands in October 2024 against the target of 2,319 acres of on in 2024-25 cultivation season.

U Naing Tun Win, Head of Kalay Township Agriculture Department, commented: “Local authorities earmarked cultivation of more than 2,000 acres of onion in Kalay Township this year but farmers have so far planted more than 1,000 acres of onion against the target cultivation. Now, they are trying hard to meet the target. Our department helps local farmers seek market linkages for selling their crops.”

Officials of the Township Agriculture Department provide techniques to preserve onion for long term storage, grow crops in GAP system and produce quality onion.

Farmers need to cost some K1.8 million per acre of growing onion, yielding some 5,000 viss of onion per acre.

Onion is planted in Sagaing Region. Of them, Monywa, Yinmabin, ChaungU, Shwebo and Myinmu townships emphasize cultivation of onion on vast areas of croplands. 206

# 20 killed in paramilitary attacks on displacement camps in W. Sudan: local official

**Khartoum December 29**

At least 20 civilians were killed and 17 others injured in two attacks by the paramilitary Rapid Support Forces (RSF) on two displacement camps in El Fasher city in western Sudan, a local government official said on Saturday.

"Last night (Friday), a RSF militia drone dropped four bombs on Qoz Bena school, a camp hosting hundreds of displaced people in El Fasher, killing 19 civilians and injuring 16 others," Ibrahim Khatir, director-general of North Darfur State's health department, told Xinhua.

"This morning, the militia launched artillery shelling on Abu Shouk displacement camp, north of El Fasher, killing a civilian and injuring a girl," he added.

The RSF has not yet commented on the two incidents in El Fasher.

Fierce clashes have been raging in El Fasher, the capital city of North Darfur State, between the Sudanese Armed Forces (SAF) and the RSF since May 10.

Sudan has been gripped by a devastating conflict between the SAF and the RSF since mid-April 2023, which claimed at least 29,683 lives and displaced over 14 million people, either inside or outside Sudan, according to the latest estimates by international organizations. Xinhua

# Myaung Township finishes cultivation of more than 2,000acres of green gram

**Myaung December 29**

Statistics of Sagaing District Agriculture Department stated that a total of 2,187 acres of green gram has been planted in Myaung Township of Sagaing Region this cold season.

Reportedly, local authorities earmarked cultivation of 2,184 acres of green gram in the township in 2024-25 cold season growing period but local farmers exceeded the target cultivation with 2,187 acres of crops.

Daw Thida Lwin, Head of Sagaing District Agriculture Department said: “Township authorities set plans to grow 2,184 acres of green gram in Myaung Township but farmers planted 2,187 acres of crops. They will expand sown acreage of green gram in the township. Our department helped local farmers use quality seeds of crops for boosting per-acre yield of crops.”

This year, the Township Agriculture Department raises farmer awareness to use quality seeds of crops, use correct agricultural techniques and prevent pests in addition to systematically broadcast fertilizers for high yield of crops.

Officials of the Township Agriculture Department cooperate with local farmers to boost production of crops and provide quality seeds, agricultural inputs and post-harvest technology to local farmers.

206


A green gram plantation.

# 3,062 acres of mung beans successfully harvested in Myaung Township with record yields

**Myaung December 29**

In Sagaing Region, Sagaing District, Myaung Township, it has been reported by the Sagaing District Department of Agriculture that the harvesting of 3,062 acres of mung beans cultivated during this year’s monsoon planting season has been completed.

In Myaung Township, a total of 3,062 acres of mung beans were cultivated during this year’s monsoon season. Harvesting began in August and has now been fully completed, with an average yield of 16.82 baskets per acre.

“This year, 3,062 acres of mung beans were cultivated in Myaung Township during the monsoon planting season. All the cultivated fields have now been fully harvested. The cultivation exceeded the planned acreage, and efforts were made to ensure the acreage met the planned target. During the planting season, necessary technologies, quality seeds, and pest control methods were provided on the ground,” said Daw Thida Lwin, Head of the Sagaing District Department of Agriculture.

This year, the Department of Agriculture in Myaung Township provided support to mung bean farmers by ensuring access to high-quality, region-appropriate seeds, proper cultivation techniques, pest-free fields, and systematic use of fertilizers to achieve high yields.

During this year’s monsoon season, the township’s agriculture department collaborated with farmers to provide essential resources, including quality seeds, fertilizers, and post-harvest techniques, to ensure good output and quality for various types of pulses and beans.

206

# All 179 people aboard crashed S. Korean jet confirmed dead except 2 rescued

**Seoul December 29**

All the 179 people aboard a passenger jet that crashed while landing at an airport in southwest South Korea were confirmed dead except only two rescued, multiple media outlets said Sunday, citing the fire authorities.

It was reported at about 9:03 a.m. local time that the airplane with 175 passengers, including 173 South Koreans and two Thais, together with six flight attendants on board crashed while attempting to land at the Muan International Airport, some 290 km southwest of the capital Seoul.

The Jeju Air flight 7C2216 from Bangkok, Thailand landed without wheels, skidded off the runway, and hit the outer wall of the runway, with its fuselage broken in half and catching fire.

Only two crew members were rescued at the rear of the ill-fated aircraft, most parts of which were severely damaged, and the remaining 179 people were confirmed dead.

The fire authorities believed that a bird strike that led to landing gear failure may have caused the accident. Xinhua


This photo shows the site of an airplane crash at an airport in Muan, southwest South Korea, on Dec. 29, 2024.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## PDW ကုမ္ပဏီက အမေရိကန်ကြည်းတပ်အတွက် C100 အသေးစားဒရုန်းများကို ပံ့ပိုးပေးသွားမည်



အမေရိကန်နိုင်ငံအခြေစိုက် Performance Drone Works (PDW) ကုမ္ပဏီသည် C100 အသေးစားဒရုန်းများကို အမေရိကန် ကြည်းတပ်အတွက် ပံ့ပိုးပေးရန် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ သန်းကျော် ကန်ထရိုက်စာချုပ်တစ်ရပ်ကို လက်ခံရရှိထားကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အလာဘားမားပြည်နယ် အခြေစိုက် PDW ကုမ္ပဏီ၏ အဆိုအရအဆိုပါဒရုန်းများသည် အင်ဒို-ပစိဖိတ်ဒေသ၊ ဥရောပနှင့် ဗဟိုကွပ်ကဲမှုစစ်ဌာနချုပ်များရှိ တပ်စခန်းနေရာများတွင် အများစုတပ်ဖြန့် အသုံးပြုသွားမည်ဖြစ်ပြီး အဆင့်မြင့် စစ်နယ်ဝန်းဌာနချုပ်များရှိ တပ်ရင်း၊ တပ်ဖွဲ့များ၏ ရည်မှန်းချက်တာဝန် ထမ်းဆောင်မှုများကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အသေးစားဒရုန်းများ၏စွမ်းရည်များသည် တာလတ်ပျံသန်းကင်းထောက်မှုနှင့် နည်းဗျူဟာမြောက်လေကြောင်းပံ့ပိုးပေးနိုင်မှုတို့ ပြုလုပ်ပေးနိုင်ရန် မျှော်မှန်းထားသည်။

C100 ဒရုန်းများသည် စစ်မြေပြင်တွင် လျင်မြန်မှုနှင့် စစ်ဆင်ရေးဆိုင်ရာ သက်ရောက်မှုများအတွက် စံသစ်တစ်ခု သတ်မှတ်ထားပြီး စစ်သည်များကို ပြင်ပမှ ပစ်ကူစစ်ကူမလိုအပ်ဘဲ အလိုအလျောက် တိုက်ပွဲဝင်လုပ်ဆောင်နိုင်မှုစွမ်းရည်ကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်ကြောင်း၊ အမေရိကန်တပ်မတော်၏အရေးကြီးသောရည်မှန်းချက်များကို ပံ့ပိုးပေးရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပြီး စစ်ဆင်ရေးတပ်ဖွဲ့ကို ဗဟိုချုပ်ကိုင်မှုလျှော့ချကာ ကိုယ်တိုင်ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်နိုင်သည့် စွမ်းရည်များဖြင့် လေ့ကျင့်ပေးနိုင်မည့် အဖြေတစ်ခုကို ပေးအပ်ရခြင်းအတွက် ဂုဏ်ယူကြောင်း PDW ကုမ္ပဏီ ပူးတွဲတည်ထောင်သူနှင့် CEO ဖြစ်သူ Ryan Gury က ပြောကြားခဲ့သည်။

PDW ကုမ္ပဏီနှင့် ကန်ထရိုက်သဘောတူစာချုပ်သည် တပ်ခွဲအဆင့်ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းမှု၊ ပစ်မှတ်ဖော်ထုတ်မှုနှင့် ကင်းထောက်မစ်ရှင်များအတွက် အသေးစားဒရုန်းများကို တီထွင်ထုတ်လုပ်နိုင်ရေးကြိုးပမ်းနေသည့် အမေရိကန်ကြည်းတပ်၏ Directed Requirement for Company-Level sUAS အစီအစဉ်အတွက် ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ချုပ်ဆိုနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

C100 ဒရုန်းသည် အလေးချိန် ၂၂ ပေါင်ရှိပြီး ဝန်တင်ဆောင်နိုင်မှု ၁၀ ပေါင်ခန့်ရှိသည်။ ဒရုန်းတွင် ဆူညံသံနည်းပါးပြီး ညကြည့်လမ်းညွှန်စနစ်၊ အတားအဆီးများရှောင်ကွင်းနိုင်မှုစနစ်နှင့် ရွေးချယ်အသုံးပြုနိုင်သော AI နည်းပညာသုံး တွက်ချက်မှုစနစ်တို့နှင့်အတူ အဆင့်မြင့် အလိုအလျောက် ပျံသန်းလုပ်ဆောင်နိုင်စွမ်းတို့ ပေါင်းစပ်အသုံးပြုထားသည်။ ၎င်းသည် အပူချိန် အနုတ် 20 မှ 57 ဒီဂရီစင်တီဂရိတ်အတွင်း ပျံသန်းလုပ်ဆောင်နိုင်ပြီး ရေစိုခံနိုင်စေရန် ဒီဇိုင်းထုတ်ထားသည်။ C100 ဒရုန်းသည် အကွာအဝေး ခြောက်မိုင်၊ အမြန်နှုန်းတစ်နာရီမိုင် ၄၀၊ အများဆုံးအမြင့်ပေ ၁၂၀၀၀ ဖြင့် လေထဲတွင် ၇၄ မိနစ်ကြာ ပျံသန်းနိုင်သည်။ C100 ဒရုန်းများသည် တပ်မတော်သားများအတွက် အဆုံးအဖြတ်ဖြစ်စေနိုင်သည့် အားသာချက်တစ်ရပ်ဖြစ်ပြီး ယနေ့ခေတ် ပတ်ဝန်းကျင်အခြေအနေများတွင် ပြိုင်ဘက်ကင်းသော ပြောင်းလွယ်ပြင်လွယ်ရှိစွာ စစ်ဆင်နိုင်စွမ်းနှင့် ရပ်တည်ရှင်သန်နိုင်စွမ်းတို့ကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**PDW to Supply C100 Small Drones for US Army ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရတ်နိုင်ငံက Surion သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်များကို တောင်ကိုရီးယား KAI ကုမ္ပဏီထံမှ မှာယူခဲ့

အီရတ်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ Korea Aerospace Industries (KAI) ကုမ္ပဏီထံမှ KUH-1 Surion သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်များ မှာယူခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တောင်ကိုရီးယားဝမ် ၁၃၆ ဘီလီယံတန်ဖိုးရှိသော သဘောတူညီချက်တွင် အီရတ်နိုင်ငံနှင့်KAI ကုမ္ပဏီတို့ကြား ပထမဆုံး Surion သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်နှစ်စင်းဝယ်ယူရေးအတွက် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါရဟတ်ယာဉ်များကို ၂၀၂၉ ခုနှစ်တွင် အပြီးသတ်ပို့ဆောင်ပေးသွားနိုင်လိမ့်မည်ဟု တောင်ကိုရီးယားနိုင်ငံပိုင် ယွန်ဟတ် သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အရှေ့အလယ်ပိုင်းနိုင်ငံနှင့် အရှေ့အာရှ စက်မှုလုပ်ငန်းမိတ်ဖက်ကုမ္ပဏီတို့ကြား ပူးပေါင်းဆောင်ရွက်မှုကို အတည်ပြုနိုင်ရန်အတွက် အီရတ်နိုင်ငံ ဝန်ကြီးချုပ် Mohammed Shia'Al Sudani နှင့် KAI ကုမ္ပဏီမှ ကိုယ်စားလှယ်များ ယခုနှစ် ဒီဇင်ဘာလတွင် တွေ့ဆုံခဲ့ပြီးနောက် သဘောတူလက်မှတ် ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့များသည် Al-Suwaira မြို့တော်ရှိ အီရတ်လေတပ်အခြေစိုက်စခန်းတည်ဆောက်ရေးအတွက် အပြီးသတ်လုပ်ဆောင်ရန်နှင့်ရဟတ်ယာဉ် တပ်စွဲထားမည့်နေရာတွင် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် လုပ်ဆောင်ဖွယ်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

"ဒီအစီအစဉ်ဟာ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုနဲ့ တပ်ဖွဲ့ဝင်တွေရဲ့ စွမ်းဆောင်ရည်ကို အဆင့်မြှင့်တင်ဖို့ ရည်ရွယ်တဲ့ အစိုးရရဲ့ ရည်မှန်းချက်တွေနဲ့ ကိုက်ညီပါတယ်" ဟု အီရတ်နိုင်ငံ ဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံနှင့် သဘောတူစာချုပ် ထုတ်ပြန်ကြေညာချက်တွင် KAI ကုမ္ပဏီသည် တောင်ကိုရီးယား ကမ်းခြေစောင့်တပ်နှင့်ကိုရီးယား သစ်တောဌာနတို့အတွက် ရဟတ်ယာဉ်များပံ့ပိုးပေးရန် တောင်ကိုရီးယားအစိုးရထံမှ သီးခြားစီမံကိန်းတစ်ခုကို လက်ခံခဲ့ကြောင်း ဖော်ပြခဲ့သည်။ ထိုရဟတ်ယာဉ်များထဲတွင် မျိုးဆက်သစ် Active Electronically Scanned Array ရေဒါ၊ အီလက်ထရွန်နစ်အနီအောက်ရောင်ခြည်ကင်မရာ၊ ရေခဲဒဏ်ခံ၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးမစ်ရှင်များအတွက် နောက်ထပ်အစိတ်အပိုင်းများ တပ်ဆင်အသုံးပြုထားသည့် Surion ရဟတ်ယာဉ်မော်ဒယ်တစ်မျိုး ပါဝင်လာမည်ဖြစ်သည်။ အဆိုပါရဟတ်ယာဉ်များကို ၂၀၂၇ ခုနှစ်တွင် လက်ခံရရှိရန် မျှော်မှန်းထားသည်။

"Surion ရဟတ်ယာဉ်ဟာ စစ်ဘက်နဲ့ အရပ်ဘက် ရည်မှန်းချက်တာဝန်အမျိုးမျိုးထမ်းဆောင်နိုင်ဖို့ စက်ပစ္စည်းကိရိယာတွေ ရွေးချယ်တပ်ဆင်နိုင်ပါတယ်။ KAI အနေနဲ့လဲ Rotary Wing (ပန်ကာတပ်)ရဟတ်ယာဉ်တွေ နယ်ပယ်မှာ ပြည်တွင်း၊ ပြည်ပ ဖောက်သည်တွေရဲ့ လိုအပ်ချက်အတိုင်း ဖြည့်ဆည်းပေးနိုင်ဖို့နဲ့ လက်ရှိ ခေတ်မီနည်းပညာတွေနဲ့အပြိုင်ယှဉ်တွဲအသုံးပြုလာနိုင်ဖို့ စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်နေမှာဖြစ်ပါတယ်"ဟု KAI ဥက္ကဋ္ဌ Kang Koo-Young က ပြောကြားခဲ့သည်။



တောင်ကိုရီးယားအစိုးရသည် ယနေ့ထိ လက်နက်ကိုင်တပ်ဖွဲ့များနှင့် အရပ်ဘက် ဝန်ကြီးဌာနအဖွဲ့အစည်းများတွင် Surion ရဟတ်ယာဉ်အစင်း ၂၆၀ ကျော်ကို အသုံးပြုထားသည်။

အဆိုပါရဟတ်ယာဉ်သည် အရှည် ၁၉ မီတာရှိပြီး လူ ၁၀ ဦး သို့မဟုတ် အလေးချိန် ကီလိုဂရမ် ၂၇၀၀ ထိ တင်ဆောင်ပျံသန်း နိုင်စွမ်းရှိသည်။ ရဟတ်ယာဉ်တွင် General Electric/Hanwha Aerospace ကုမ္ပဏီထုတ် Turboshaft အင်ဂျင်နှစ်လုံးဖြင့် မောင်းနှင်ထားပြီး မြင်းကောင်ရေ ၁၉၀၀ ခန့်၊ အလျင်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၂၇၀၊ အကွာအဝေး ရေမိုင် ၄၅၀၊ အမြင့်ပေ ၁၅၀၀၀ ထိ ပျံသန်းနိုင်မည်ဖြစ်သည်။ ထို့ပြင် Surion ရဟတ်ယာဉ်တွင် စက်သေနတ်များ၊ ဝေဟင်ပစ်ဒုံးကျည်များနှင့် တင့်ဖျက်ပဲ့ထိန်းဒုံးကျည်များ တပ်ဆင်အသုံးပြုနိုင်သည်။

**Iraq Orders Surion Helicopters From South Korea ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၇၅၇ ဧကထိ စိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၇၅၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၈၅၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြောင်မြို့နယ်အတွင်း ကြက်သွန်နီ ၁၈၅၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၇၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကြက်သွန်နီ စိုက်ပျိုးမှုအနေနဲ့ကတော့ တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်လာပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် စိုက်ပျိုးသီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင် စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။ (၂၀၆)

# ဆင်ပေါင်ဝဲမြို့နယ် ရှာလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှာလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် ၄၂ ဒသမ ၁၅ သန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရှာလင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၁၈ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၂၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို ငွေကျပ် ၄၂ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျထံမှ သိရသည်။

ငြိမ်းသူ(စလင်း)

# သံဖြူဇရပ်မြို့နယ် မြမာလာကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သံဖြူဇရပ် ဒီဇင်ဘာ ၂၉**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြမာလာကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်း စီမံကိန်း (Smart Village) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ကျေးရွာတွင်း ကွန်ကရစ်လမ်းကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ဆွေးနွေးမှာကြားသည်။

သံဖြူဇရပ်မြို့နယ် မြမာလာ ကျေးရွာ၌ လမ်းအရှည် ၅၁၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၉ ဒသမ ၉၆ သန်းဖြင့် မြို့နယ်ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ပေးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အောက်တိုဘာ ၁၉ ရက်နေ့မှ စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် မြမာလာကျေးရွာရှိ ကျေးလက်နေ ပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး လွယ်ကူ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ချိုလေး




## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၉-၁၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ (၃၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ (၃၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရေဆင်းရှိ အဆိုပါတက္ကသိုလ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများနှင့် ဆရာ၊ ဆရာမများ၊ ဘွဲ့ခံကျောင်းသား၊ ကျောင်းသူများနှင့်မိသားစုများတက်ရောက်ကြသည်။

အခမ်းအနားပထမပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသည် မောင်တို့မယ်တို့ လျှောက်လှမ်းကြရမည့် ဘဝခရီးအတွက် ခြေလှမ်းအစဖြစ်ပြီးအနာဂတ်ခြေလှမ်းများကိုရှေ့ဆက်ရန် အခွင့်အလမ်းလည်းဖြစ်ကြောင်း၊ တိုးပွားလာမည့်လူသားသန်းပေါင်းများစွာအတွက် ကျန်းမာသန့်ရှင်းသော အစားအစာအလုံအလောက်ထွက်ရှိရန်၊ရှိပြီးသောအရင်းအမြစ်များ မပျက်စီးဘဲ စိုက်ပျိုးမွေးမြူနိုင်ရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချရန်၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏအနည်းဆုံးနှင့် စိုက်ပျိုးမွေးမြူနိုင်ရန် ယနေ့ကမ္ဘာတွင်စက်မှုလယ်ယာခေတ်ကို ကျော်လွန်ပြီး Second Agricultural Evolution ဆီကို စတင်ခြေလှမ်းနေပြီဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများတိုးတက်စေရန်အတွက် အလိုအလျောက်စနစ် (Automation)၊ ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence)၊မျိုးရိုးဗီဇတည်ဆောက်ပြုပြင်သောစနစ် (Genetic Engineering)၊ ဆက်သွယ်ရေးနည်းပညာ (Internet of Things )အစရှိသည့် နည်းပညာများကို မိမိတို့ မျိုးဆက်သစ်ပညာရှင်များအနေဖြင့်လည်း နိုင်ငံတကာနည်းတူအသုံးပြုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်ဖွံ့ဖြိုးအောင်၊ ကမ္ဘာနှင့် ရင်ပေါင်တန်းပြီး ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ဖြည့်ဆည်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အမိတက္ကသိုလ်ကြီး၏ ဂုဏ်သိက္ခာကို ဝင့်ထည်အောင် ကျင့်ကြံဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ပြည်ထောင်စုဝန်ကြီးက တန်းစဉ်ပေါင်းရမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ကျောင်းသူများကို ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။

အခမ်းအနားဒုတိယပိုင်းတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ပါမောက္ခချုပ်က ဘွဲ့ရမောင်မယ်များကို သက်ဆိုင်ရာဘွဲ့လက်မှတ်များပေးအပ်သည်။

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်က နှစ်စဉ်မွေးမြူရေးနှင့် တိရစ္ဆာန်ဆေးကုပညာရှင်များမွေးထုတ်ပေးလျက်ရှိရာ စတင်တည်ထောင်ခဲ့သည့် ၁၉၅၇ ခုနှစ်မှ ယနေ့ထိ ၆၇ နှစ်အတွင်း တိရစ္ဆာန်ဆေးသိပ္ပံBVS/BVSc ဘွဲ့ရ ၅၆၇၂ ဦး၊ မွေးမြူရေးပညာBAScဘွဲ့ရ ၂၅၃ ဦး၊ တိရစ္ဆာန်ဆေးပညာ DVM ဘွဲ့ရ ၁၈၃ ဦး၊ မွေးမြူထုတ်လုပ်ရေးလုပ်ငန်းဒီပလိုမာ DIP L.I.S ဦးရေ ၂၂၀၊ မွေးမြူထုတ်လုပ်ရေးဒီပလိုမာDip.L.P.A. ၄၄၉ ဦး၊ တိရစ္ဆာန်ဆေးပညာမဟာဒသနMPhil ၂၁ ဦး၊ မွေးမြူရေးမဟာပညာMASc တစ်ဦး၊ တိရစ္ဆာန်ဆေးပညာမဟာMVM ကိုးဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံMVSc ၃၄၁ ဦး၊ ပါရဂူPhD ၂၅ ဦးတို့ကို မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် BASc ဘွဲ့ရ ၅၄ ဦး၊ DVM ၇၅ ဦး၊ MASc တစ်ဦး၊ MVSc ခြောက်ဦး စုစုပေါင်း ၁၃၆ ဦးကို သက်ဆိုင်ရာဘွဲ့များ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ ပဉ္စမပတ်စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပပြုလုပ်လျက်ရှိရာ ဒီဇင်ဘာ ပဉ္စမပတ် စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နယ်မြေခံစစ်ကြောရေးနှင့် တည်းခိုရေးစခန်းစစ်ရေးပြကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့်တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့်ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ် နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ရုံးဌာနများ၏ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံးဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(၅၀၁)**




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ ပဉ္စမပတ်စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပပြုလုပ်စဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ ပဉ္စမပတ်စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်စဉ်။

**❖ စာအုပ်စာပေဖတ်ရှုမှုမှအဆက်**

ကြိုက်နှစ်သက်သည့် ကဏ္ဍစုံစာအုပ်များပါဝင်ကြောင်း၊ နံနက် ၈ နာရီမှ ည ၆ နာရီထိ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"ကိုယ်ဖတ်ချင်တဲ့စာအုပ်တွေ၊ ဖတ်လိုတဲ့စာအုပ်တွေ၊ ရှာနေတဲ့စာအုပ်တွေကို တစ်နေရာတည်းမှာ ရှာတွေ့နိုင်မယ်ထင်လို့ လာခဲ့တာပါ၊ တချို့ကျတော့လည်း e-book နဲ့ဖတ်ရတာပိုကြိုက်တယ်၊ တချို့ကျတော့လည်း စာအုပ်နဲ့ဖတ်ရတာ ပိုနှစ်သက်တယ်၊ နှစ်ခုစလုံးကတော့ အကျိုးကျေးဇူးရှိပါတယ်၊ စာအုပ်နဲ့ဆိုရင် အကြောင်းအရာတစ်ခုခုကို ပြန်ဖတ်ချင်တာပဲဖြစ်ဖြစ်၊ သဘောကျတဲ့စာကို ထပ်ခါထပ်ခါဖတ်ချင်တာပဲဖြစ်ဖြစ်၊ စာအုပ်နဲ့ဖတ်ရတာပိုပြီး သဘောကျပါတယ်၊ ဗဟုသုတရစေမယ့်စာအုပ်တွေကိုဖတ်ခြင်းအားဖြင့် ကိုယ်သိချင်တာတွေကိုသိနိုင်မယ်၊ ကိုယ့်ဘဝအတွက်ပြန်ပြီး အသုံးချနိုင်မယ့်နည်းလမ်းတွေ၊ အကျိုးကျေးဇူးတွေရမယ်ဆိုရင် ပိုပြီးကောင်းပါတယ်၊ ဒီလိုစာအုပ်ဈေးရောင်းပွဲတော်လေးတွေရှိတော့ အများကြီးကျေနပ်အားရမိပါတယ်"ဟု စာအုပ်လာဝယ်သည့် မန္တလေးမြို့မှ စာပေချစ်သူတစ်ဦးက စာဖတ်ခြင်းအကျိုးပြုပုံများကို ပြောပြသည်။

စာအုပ်ဈေးရောင်းပွဲတော်တွင် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေခြင်းကြောင့် ကဏ္ဍစုံစာအုပ်များ ရောင်းချရသည့်အကြောင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့မှ စာအုပ်လာရောက်ရောင်းချသူ နန်းတော်ဝင်စာပေစာအုပ်အရောင်းဆိုင်ရှင်က "အခြားဒေသမြို့တွေထက်စာရင် မန္တလေးမှာ စာဖတ်ပရိသတ်က အမြင့်ဆုံးပါ၊ မန္တလေးကိုခြောက်လတစ်ကြိမ်တိုင်း အမြဲလာဖြစ်ပါတယ်၊ မန္တလေးကစာဖတ်ပရိသတ်က အမြဲစောင့်နေပါတယ်၊ရှုံးသည်မြတ်သည် သဘောမထားဘဲ စာဖတ်ပရိသတ်တွေလက်ထဲ လွယ်လင့်တကူရရမယ့် စာအုပ်တွေကို ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းချပေးပါတယ်၊ အသက်အရွယ်အရွယ်စုံလာတော့ ကဏ္ဍစုံရောင်းရပါတယ်"က ဆိုကြပါတယ်။

အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်မှ စိတ်ကြိုက်ရွေး ငွေကျပ် ၁၅၀၀၊ ငွေကျပ် ၂၀၀၀ ရှိစာအုပ်များလည်းပါဝင်ပြီးကာတွန်း၊ ဝတ္ထု၊ သုတရသစာအုပ်များ၊ သင်ကြားရေးဆိုင်ရာ အထောက်အကူပြုစာအုပ်များ၊ ဗေဒင်လက္ခဏာစာအုပ်များ၊ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးသားထားသောစာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ စီးပွားရေးဆိုင်ရာစာအုပ်များအပြင် ရှားပါးစာအုပ်များ၊ နောက်ဆုံးအသစ်ထွက်ရှိသည့် စာအုပ်များစုံလင်စွာရောင်းချပေးနေခြင်းကြောင့် စာပေချစ်သူများလာရောက်ပြီး နှစ်သက်ရာစာအုပ်များရွေးချယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးတွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဒီဇင်ဘာ ၂၉**

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် အတူယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများသို့ သွားရောက်ပြီး ရုံးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စီမံကိန်းပါ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများသည် တိုင်းရင်းသားလူမျိုးများရေးရာ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်မှပြဋ္ဌာန်းထားရှိသောဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျမှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ဝန်ထမ်းများ ပီပီ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်၊ ကျင့်ဝတ်အပါး ၃၀တို့ကိုလည်း လိုက်နာစောင့်ထိန်းတတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက အားပေးစကားပြောကြား၍ ဝန်ထမ်းများကလုပ်ငန်းလိုအပ်ချက်များကို အထွေထွေဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညွှန်ကြားရေးမှူးရုံးတွင် သောက်သုံးရေလုံလောက်စွာ ရရှိနိုင်ရေးအတွက် ရေသိုလှောင်ခြင်း၊ ရေတင်ခြင်းလုပ်ငန်းနှင့် ရေဖြန့်ဝေပေးရေးလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

☆ **ကျောဖုံးမှအဆက်**

တောင်သူများအား ယူရီးယားမြေသြဇာများ ပေးအပ်ကာ ကရင်ဒုံးအကအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် ဓနုဖြူမြို့နယ် ယင်းကဒစ်ကျေးရွာရှိ ရေနက်ကွင်းတွင် ရေတစ်ဘောင်၊ ကုန်းတစ်ဘောင် စိုက်ပျိုးနည်းစနစ်ဖြင့် အလှိုင်းကုမ္ပဏီက စိုက်ပျိုးထားရှိသော အုန်းချိုမွှေးစိုက်ပျိုးရေးခြံ ဧက ၁၈၀ သို့ သွားရောက်၍ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးပြီး အုန်းချိုမွှေးလုပ်ငန်းအပြင် အုန်းသီးတန်ဖိုးကွင်းဆက်မြင့်မားရေး၊ အုန်းအခြေခံတန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအပြင် မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာရှိ တေဇဝန္တာရာမ ပဋ္ဌာန်းကျောင်းတိုက်သို့ ရောက်ရှိကာ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတအား ဖူးမြော်၍ သင်္ကန်းခြင်း၊ ဆန်နှင့် ဆီတို့အား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မအူပင်မြို့နယ် လေးအိမ်စုကျေးရွာအုပ်စုသို့ရောက်ရှိပြီး ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေး၍ လေးအိမ်စုကျေးရွာ ဓမ္မစကူးလ်ကျောင်း သီလရှင်ဆရာကြီး ဒေါ်ဟေမာစာရီအား ဆန်နှင့်ဆီများ လှူဒါန်းကာ ဓမ္မစကူးလ်ကျောင်းသား၊ ကျောင်းသူများအား ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု ချောင်းဝကျေးရွာတွင်ကျင်းပပြုလုပ်သည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်သို့တက်ရောက်ပြီး ကရင်တိုင်းရင်းသားများနှင့်တွေ့ဆုံ၍ "ကရင်လူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် စစ်မှန်သည့် ရိုးရာအမွေအနှစ်များကို မပျောက်မပျက် ထိမ်းသိမ်းကြကာ စည်းလုံးညီညွတ်စွာဖြင့် နေထိုင်သွားကြရန်လိုကြောင်း" နှစ်သစ်အကြိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကရင်ရိုးရာဒုံးအကဖြင့် ဧည့်ခံဖျော်ဖြေမှုကိုကြည့်ရှုအားပေး၍ ချီးမြှင့်ငွေများပေးအပ်သည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်သည် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ညောင်အိုင် အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဝန်းကျင်သန့်ရှင်းသာယာလှပမှုနှင့် စာသင်ခန်းအခြေအနေများကို လှည့်လည်ကြည့်ရှု၍ တိုင်းဒေသကြီး၊ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး၊ ဆရာ၊ဆရာမများ၊ ကျောင်းကော်မတီဝင်များနှင့်တွေ့ဆုံကာ ပညာရေးကဏ္ဍ ဘက်စုံတိုးတက်ဖွံ့ဖြိုးစေရေးတွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၇၅ ဒသမ ၈၆ ရာခိုင်နှုန်း၊ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရာနှုန်းပြည့်နှင့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၇၅ ရာခိုင်နှုန်းရရှိအောင် စွမ်းဆောင်နိုင်သော ညောင်အိုင်အခြေခံပညာအထက်တန်းကျောင်းအတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

❐ **ရှေ့ဖုံးမှအဆက်**

ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် ဂီတဖျော်ဖြေပွဲကျင်းပမည့် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်းများအတွင်းသို့ မိသားစုလိုက်၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့လိုက် ပါဝင်ဆင်နွှဲရန် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် လာရောက်ကြသည်ကို တွေ့မြင်ရသည်။

ထိုသို့ တေးဂီတဖျော်ဖြေပွဲသို့ လာရောက်ပါဝင်ဆင်နွှဲကြသူများကို လုံခြုံစိတ်ချစွာ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်စေရန်အတွက် ကွင်းအတွင်းသို့ဝင်ရောက်စဉ် တာဝန်ရှိသူများက ဝင်ပေါက်ဂိတ်များတွင် လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ပြီး ဖျော်ဖြေပွဲဝန်းကျင်နေရာများ၌လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များသေချာကြည့်ရှု စောင့်ကြပ်လျက်ရှိသည်ကိုလည်း တွေ့ရသည်။

တေးဂီတဖျော်ဖြေပွဲသို့ ဝင်ရောက်ရသည့် ဂိတ် (၁) နှင့် (၄)အဝင်ဝမှ ဖျော်ဖြေပွဲကျင်းပမည့် စတိတ်စင်အထိ လျှောက်လမ်းများတွင် ရောင်စုံအလှမီးများလှပဝေဆာစွာဆင်ယင်ထွန်းညှိထားသည့်အပြင် ပွဲတော်ရက်အတွင်း လာရောက်အပန်းဖြေ လည်ပတ်ကြမည့် ကလေး၊လူကြီးများစိတ်အပန်းပြေပျော်ရွှင်စေရန်အတွက် ပွဲတော်အတွင်းရှိနေရာများ၌ နီယွန်အလှမီးများဖြင့် ထွန်းညှိအလှဆင်ထားပြီးအလှဓာတ်ပုံရိုက်ရန် Photo Booth များ၊ အပျော်တမ်းဂိမ်းကစားနည်းများ၊ ချားရဟတ်နှင့် ကလေးကစားကွင်းများကို ထည့်သွင်းထားရာ လူများစိတ်ပါဝင်စားသည့် အစီအစဉ်တစ်ခုလည်းဖြစ်သည်။

တေးဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော်တေးသံရှင်များ၊ DancerများကDJ ပညာရှင်များ၊ Music Bandများဖြင့်တွဲဖက်၍ ပရိသတ်အကြိုက်တေးသီချင်းများဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံမှ Copy Show အဖွဲ့က ''The Gang Of Popular Copy Show''ဖြင့်လည်းကောင်း ကပြသီဆိုဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များက အားပါးတရလိုက်ပါသီဆိုပါဝင်ဆင်နွှဲကြရာ အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် လာရောက်လည်ပတ်ကြသူများ စာရေးသောက်ရေး အဆင်ပြေစွာဝယ်ယူစားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များအပါအဝင် ဆိုင်ခန်းပေါင်း ၅၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသောက်ကြသူများဖြင့် စည်ကားလျက်ရှိပြီး ပျော်ရွှင်မှုများနှင့်အတူ သန့်ရှင်းစွာ စည်းကမ်းရှိသည့် ပွဲတော်ဖြစ်စေရေးအတွက် အမှိုက်များစနစ်တကျစွန့်ပစ်ရန် အမှိုက်ပုံးများအပြင် Mobile Toilet များထားရှိသည်ကိုလည်း တွေ့ရသည်။



၂၀၂၅ ခုနှစ် နှစ်သစ်ကူးအကြိုတေးဂီတဖျော်ဖြေပွဲကို လာရောက်အပန်းဖြေလည်ပတ်ဆင်နွှဲကြမည့်သူများအတွက် ဒီဇင်ဘာ ၃၀ ရက်တွင် ညနေ ၃ နာရီ မှ စတင်၍ ည ၁၀ နာရီထိ ဖျော်ဖြေရေးအစီအစဉ်များဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာဇာတ်သဘင်အဖွဲ့၏"သဘင်အကနှင့်လှမည့်ည" ဖျော်ဖြေမှုအပါအဝင် ဖျော်ဖြေရေးအစီအစဉ်များကို ညနေ ၅ နာရီမှစတင်၍ ည ၁၀ နာရီထိဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကာ ဒီဇင်ဘာ ၃၁ ရက်တွင် Coundtdownရေတွက်မည့် အစီအစဉ်အပါအဝင်ဖျော်ဖြေရေးအစီအစဉ်များကို ညနေ ၅ နာရီမှစတင်၍ နံနက် ၁ နာရီထိ သီဆိုကပြ ဖျော်ဖြေတင်ဆက်သွားကြမည်ဖြစ်သည်။ ဝင်ကြေးကိုအခမဲ့သတ်မှတ်ထားပြီးပွဲတော်သို့ လာရောက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ခရီးစဉ်သုံးခုသတ်မှတ်၍ မော်တော်ယာဉ်ကိုးစီးဖြင့် အခမဲ့အသွားအပြန် ပို့ဆောင်ပေးသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်လည်ပတ်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်း-လုလင်ပျို၊ဓာတ်ပုံ-အေးပြည့်စုံ**

# တိုင်းပြည်အတွက် အကျိုးရှိသလား



**ယခုတိုင်းပြည်မှာ မငြိမ်မသက်ဖြစ်နေတဲ့ကိစ္စ ဆူဆူပူပူဖြစ်နေတဲ့ကိစ္စတွေဟာ တိုင်းပြည်အတွက် အကျိုးရှိသလား၊ အကျိုးမရှိဘူးလားဆိုတာ ခင်ဗျားတို့ ထပ်စဉ်းစားကြည့်။ ခင်ဗျားတို့ အကျိုးရှိတယ်၊ မရှိဘူးဆိုတာ ခင်ဗျားတို့ စဉ်းစားဖို့လိုတယ်။**

(၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမကြီး၌ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)
၁၃.၇.၁၉၄၇

### သဝဏ်လွှာမှအဆက်

နှစ်စဉ် ပြာသိုလဆန်း ၁ ရက်တွင် ပျော်ရွှင်ကြည်နူးစွာ ကျင်းပဆင်နွှဲကြပြီး ထိုနေ့ကို နိုင်ငံတော်အစိုးရက မြန်မာတစ်နိုင်ငံလုံး တရားဝင်ရုံးပိတ်ရက်အဖြစ် လေးစားဂုဏ်ပြု သတ်မှတ်ပေးထားပါသည်။ နှစ်သစ်ကူးနေ့ကို ကောင်းမြတ်သောနေ့ဟု အဓိပ္ပာယ်ဖွင့်ကြပြီး နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းသည့် ကရင်တိုင်းရင်းသားတို့၏ ကရင်အမျိုးသားနှစ်သစ်ကူးအချိန်အခါသမယမှသည် နှစ်သစ်အတွက် စိတ်သစ်လူသစ်ဖြင့် လန်းဆန်းတက်ကြွနေကြမည်ဟု ယုံကြည်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် တစ်ဦးနှင့်တစ်ဦး ဓလေ့ထုံးစံများ မတူကွဲပြားခြားနားကြသော်လည်း တိုင်းရင်းသားမျိုးနွယ်စုအားလုံး မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့မွေးမြူပြီး တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားလေးစား၍ အတူတကွနေထိုင်လာခဲ့ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်သည့်အရပ်ဒေသနှင့် ပြောဆိုသုံးနှုန်းသော ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်သည့် ဘာသာ၊ ဓလေ့ထုံးတမ်းအစဉ်အလာ စသည်ဖြင့် မည်သို့ပင်ကွဲပြားခြားနားစေကာမူ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး ပြည်ထောင်စုကြီးအတွင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမတို့ကဲ့သို့ စုပေါင်းနေထိုင်လာခဲ့ကြပါသည်။

**ကရင်ပြည်နယ်အပါအဝင် မိမိတို့နေထိုင်ရာ နေရာဒေသများအတွင်း တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာစေရန် အချင်းချင်းဝိုင်းဝန်းဆောင်ရွက်ပြီး တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ခြင်းဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောရေး ဖော်ဆောင်ကြကာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို ပိုမိုရရှိနိုင်...**

ကရင်တိုင်းရင်းသားများသည် မြန်မာနိုင်ငံဖွား တိုင်းရင်းသားများဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ ထို့ပြင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ဖြန့်ခွဲပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ ကရင်တိုင်းရင်းသားတို့သည် သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသားအားလုံးနှင့် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြပါသည်။ ထို့ပြင် မိမိတို့နိုင်ငံ သူ့ကျွန်ဘဝကျရောက်ခဲ့စဉ်ကာလ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ကရင်တိုင်းရင်းသားတို့သည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်အပြည့်အဝဖြင့် တိုင်းရင်းသားအားလုံးနှင့်အတူ အသက်သွေးချွေးတို့စတေးပြီး တိုက်ပွဲဝင်ခဲ့ကြသည်ကို သမိုင်းကသက်သေတည်လျက်ရှိသည်မှာ လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

ကရင်တိုင်းရင်းသားတို့သည် ပင်ကိုယ်သဘာဝအရ ရိုးသားအေးချမ်းပြီး မာန်မာနကင်းစင်ကြသည်။ သို့သော် ရဲရင့်ပြတ်သားပြီး ကတိသစ္စာလည်း ကြီးမားကြပါသည်။ နိုင်ငံအတွက် မျိုးချစ်စိတ်ဖြင့် အရေးကြီးကသွေးစည်းခဲ့ကြပါသည်။ ကရင်တိုင်းရင်းသားများသည် ဘိုးဘွားဘီဘင်အစဉ်အဆက်ထိန်းသိမ်းလာခဲ့ကြသည့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ သမိုင်းအမွေအနှစ်များကို လက်ဆင့်ကမ်း ဆက်လက်ထိန်းသိမ်းကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားများနည်းတူ အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးသည် မိမိတို့၏ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်ပြီး အားလုံးအတူတကွ ဥမကွဲသိုက်မပျက် တွဲလက်များညီညာပါက ပြည်ထောင်စုကြီးသည်လည်း စည်းလုံးညီညွတ်မှုဖြင့် အဓွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိ ပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ယနေ့အချိန်အထိ လက်နက်ကိုင်ပဋိပက္ခများဖြင့် မတည်မငြိမ်၊ မအေးမချမ်းဖြစ်နေခြင်းကို သတိထားသင့်ကြပါသည်။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ယနေ့ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ တစ်ဦးနှင့်တစ်ဦးအကြား ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်စေပြီး နားလည်မှုလွဲမှားခြင်းနှင့် ပဋိပက္ခများကို လျှော့ချကာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းနိုင်ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှ ရရှိလာသည့် သဘောထားမှတ်ချက်များကိုလည်း နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမှုများအတွက် အစဉ်အမြဲဖိတ်ခေါ်ကြိုဆိုပြီး တံခါးဖွင့်ထားပါသည်။ ရှေ့ဆက်၍လည်း ငြိမ်းချမ်းရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ ပြည်သူပြည်သားအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းတို့ဖြစ်ပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် မူလစိုက်ပျိုးမွေးမြူရေးသာမက ခေတ်မီနည်းစနစ်များဖြင့် အစာအာဟာရ ထုတ်လုပ်ခြင်းများကိုလည်း တီထွင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းထုတ်လုပ်မှုများကို တတ်နိုင်သမျှထိန်းသိမ်းပြီး ပြည်ပသို့ တင်ပို့ခြင်းမပြုလုပ်ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် ထွက်ကုန်များကိုသာ ပိုမိုတင်ပို့ခဲ့ပါသည်။ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံးကလည်း စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ဆောင်ရွက်ရေးကို အထူးအားပေးဆောင်ရွက်ကြရန်လိုပါသည်။ ပြည်ပရောင်းတန်းဝင်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာမည်ဆိုပါက ပြည်သူတို့၏လူမှုစီးပွားဘဝများလည်း တိုးတက်လာသကဲ့သို့ နိုင်ငံတော်၏စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ညီမျှစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ**

ယနေ့နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကရင်ပြည်နယ်မှ ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ **ကရင်ပြည်နယ်အပါအဝင် မိမိတို့နေထိုင်ရာ နေရာဒေသများအတွင်း တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာစေရန် အချင်းချင်းဝိုင်းဝန်းဆောင်ရွက်ပြီး တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ခြင်းဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောရေး ဖော်ဆောင်ကြကာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို ပိုမိုရရှိနိုင်**ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ကရင်အမျိုးသား နှစ်သစ်ကူးနေ့သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## စစ်သုံ့ပန်းများကို လည်လှီးသတ်ဖြတ်ခဲ့ကြသည့် ရခိုင်သူပုန် AA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်နှင့်ပတ်သတ်၍ မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(ရန်ကုန်)၏ သဘောထားထုတ်ပြန်ကြေညာချက်

**ရက်စွဲ ။ ။ ၁၃၈၆ ခုနှစ် နတ်တော်လဆုတ် ၁၃ ရက်**
**၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်၊ စနေနေ့**
**စာအမှတ်။ ။ ၁၃/ မ မ ရ သ / ၂၀၂၄**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၁၃၅ မျိုးသော တိုင်းရင်းသားတို့ စည်းစည်းလုံးလုံးဖြင့် အေးအတူပူအမျှ နေထိုင်ခဲ့ကြသောနိုင်ငံဖြစ်သည်။ ယနေ့ လှလှပပတည်ရှိနေသော မြန်မာ့မြေပုံသည် ၁၃၅ မျိုးသော တိုင်းရင်းသားတို့၏ ပိုင်နက်နယ်မြေဖြစ်သည်။ လူမျိုးစုတစ်စုတည်းက ပိုင်သောနယ်မြေဆိုသည်မှာ တစ်လက်မမျှ မရှိပါ။ လူမျိုးစုအားလုံးပိုင်သော ဘုံဆိုင်နယ်မြေသာဖြစ်သည်။

၂။ ပုဂံခေတ် ရာဇကုမာရ်ကျောက်စာကိုကြည့်လျှင် မြန်မာ့မြေပေါ်တွင် တိုင်းရင်းသားများ စုပေါင်းနေထိုင်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ရာဇကုမာရ်မင်းသားသည်ပင် ဓညဝတီခေါ် ရခိုင်ဒေသကို အုပ်ချုပ်ခဲ့သော နယ်စားမင်းသားတစ်ပါးပင်ဖြစ်သည်။ ထို့ကြောင့် ရာဇကုမာရ်ကျောက်စာသည် ပင်လုံစာချုပ်ထက် ခိုင်မာသော **"ပြည်ထောင်စုစာချုပ်တစ်ခု"** ဖြစ်သည်။ ယင်းပြည်ထောင်စုစာချုပ်ကို ကြည့်လျှင် တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံးနေထိုင်ခဲ့ကြသည်ကို တွေ့ရပါသည်။

၃။ ယနေ့အချိန်၌ မြန်မာနိုင်ငံသည် ပဋိပက္ခမျိုးစုံ ရင်ဆိုင်လျက်ရှိ၏။ ယင်းသို့ ပဋိပက္ခဖြစ်ရခြင်းမှာ လက်နက်ကိုင်သူပုန်များက စစ်ပွဲများမဖြစ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်ခြင်းကြောင့်ဖြစ်သည်။ ဒေသတွင်းစစ်ပွဲများဖြစ်သောအခါ ဒေသခံလူထုသည် အိုးအိမ်ကို စွန့်ပစ်၍ တခြားနေရာသို့ ရွှေ့ပြောင်းနေထိုင်ကြရလေသည်။ AA ကို လက်မခံကြသည့် ရခိုင်လူမျိုးများသည် စစ်ပွဲများကြောင့် အိုးအိမ်ကိုစွန့်ခွာပြီး ရန်ကုန်မြို့တွင် အခြေချနေထိုင်လျက်ရှိကြသည်။ မြန်မာလူမျိုးများကလည်း ရခိုင်တိုင်းရင်းသားများကို ကူညီရိုင်းပင်းလျက်ရှိပါသည်။

၄။ လက်နက်ကိုင်သူပုန်အဖွဲ့ထဲတွင် ရခိုင်သူပုန် AA သည် အယုတ်မာဆုံးအဖွဲ့ဖြစ်သည်။ ဒေသစစ်ပွဲများ၌ ရခိုင်လူထုကို ငဲ့ညှာ၍ အလံဖြူထောင်ခဲ့ကြသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းပြီး ၎င်းမြေကျင်းထဲသို့ထည့်၍ လည်လှီးကာ သတ်ဖြတ်ခဲ့ကြသည်။ ထို့ပြင် စစ်သုံ့ပန်းများ လည်လှီးသတ်ဖြတ်မှုကို ဗီဒီယိုရိုက်ကူး၍လည်း အွန်လိုင်းပေါ် လွှင့်တင်ခဲ့ကြသည်။ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စီးလာသော သင်္ဘောကိုဖောက်ခွဲ၍ ရေနစ်နေသည့် အမျိုးသမီးများနှင့် ကလေးများကိုလည်း သတ်ဖြတ်ခဲ့ကြသည်။ AA ၏လုပ်ရပ်သည် ဂျီနီဗာကွန်ဗင်းရှင်း၏ စည်းမျဉ်းစည်းကမ်းကို ဖောက်ဖျက်သည့်အတွက် စစ်ရာဇဝတ်မှု ကျူးလွန်းခြင်းပင်ဖြစ်သည်။

၅။ ဂျီနီဗာကွန်ဗင်းရှင်းကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ကာ စစ်ရာဇဝတ်မှုကို ကျူးလွန်နေသော ရခိုင်သူပုန် AA အကြမ်းဖက်အဖွဲ့ကို နိုင်ရေးပါတီများ၊ အသင်းအဖွဲ့များ၊ ဘာသာရေးခေါင်းဆောင်များက အသီးသီးဝိုင်းဝန်း၍ ဆန့်ကျင်ကန့်ကွက်ရှုတ်ချသင့်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကလည်း အေးချမ်းစွာနေလိုသော ရဟန်းရှင်လူပြည်သူတို့အား ထိုသို့သော လက်နက်ကိုင်သူပုန်အဖွဲ့၏ နှောင့်ယှက်မှုမှ အကာကွယ်ပေးနိုင်ရန် အမြန်ဆုံးဆောင်ရွက်သင့်ပါသည်။

၆။ မြန်မာနိုင်ငံကို စစ်နွံထဲနစ်သည်ထက်နစ်အောင် လုပ်ကိုင်ဆောင်ရွက်နေသော အကြမ်းဖက်အဖွဲ့အစည်းများအားလည်းကောင်း၊ မြန်မာနိုင်ငံမှ ခွဲထွက်ကာ ရခိုင်နိုင်ငံထူထောင်ရန် ကြိုးစားနေသော ဒေသခံလူတချို့အားလည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုမရှိဘဲ စစ်ရာဇဝတ်မှုကျူးလွန်နေသည့် ရခိုင်သူပုန် AA အဖွဲ့၏ လူမဆန်သည့် လုပ်ရပ်အားလည်းကောင်း မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(ရန်ကုန်)က ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားကြေညာချက်ထုတ်ပြန်လိုက်သည်။

**မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(ရန်ကုန်)**

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၅၉/ ၂၀၂၄**
၁၃၈၆ ခုနှစ် နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်)

**ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးညွန့်လင်းအား ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၆၀/ ၂၀၂၄**
၁၃၈၆ ခုနှစ် နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်)

**ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်နွဲ့နွဲ့ဦးအား ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(င) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့်ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ပါက အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ရက်ကျော်လွန်သည့်အခါ အဆိုပါသက်သေခံပစ္စည်းများကို စီမံခန့်ခွဲနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ ဆောလျင်စွာတင်ပြခြင်း၊

(စ) ထိန်းသိမ်းထားရှိသောသက်သေခံပစ္စည်းများကိုပျက်စီးမှုနှင့် ပျောက်ဆုံးမှုမရှိစေရေး လစဉ်စစ်ဆေးကြပ်မတ်ခြင်း၊

(ဆ) သက်သေခံပစ္စည်းများရွှေ့ပြောင်းခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျမည့်အသုံးစရိတ်များနှင့်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံး၏ အသုံးစရိတ်များကိုတွက်ချက်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြတောင်းခံခြင်း၊

(ဇ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဆောင်ရွက်ချက်အစီရင်ခံစာကို သက်သေခံပစ္စည်းစာရင်းများနှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့တင်ပြခြင်း၊

(ဈ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးအား ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) သက်သေခံပစ္စည်းအဖြစ် ထိန်းသိမ်းထားသောယာဉ်အမျိုးမျိုး၊စက်ယန္တရားများနှင့် အခြားသက်သေခံပစ္စည်းများအား မပျက်စီးစေရန်စီမံခြင်း၊

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက အခါအားလျော်စွာပေးအပ်သော သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၅)**

**သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံး တည်ထောင်ခြင်းနှင့် ရုံးဝန်ထမ်းခန့်အပ် တာဝန်ပေးအပ်ခြင်း**

၁၁။ ပြည်ထဲရေးဝန်ကြီးဌာနသည်-

(က) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်များတွင် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးကို တည်ထောင်ပေးရမည်။

(ခ) သက်သေခံပစ္စည်းစီမံထိန်းသိမ်းရေးရုံးအတွက် လိုအပ်သောဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးအပ်ရမည်။

(ဂ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးကို ကြီးကြပ်ကွပ်ကဲရန် ရဲမှူးအဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးကို ကြီးကြပ်ကွပ်ကဲသူအရာရှိအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။

**အခန်း(၆)**

**တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏တာဝန်**

၁၂။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သိမ်းဆည်းထားသောသက်သေခံပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာသက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့ အပ်နှံရမည်။

၁၃။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သိမ်းဆည်းထားသောသက်သေခံပစ္စည်းများကို သက်ဆိုင်ရာသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးသို့အပ်နှံရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ အခြားဓာတုပစ္စည်းများ၊ လက်နက်ခဲယမ်းမီးကျောက်များ သို့မဟုတ် ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီဆောင်ရွက်ခြင်း၊

(ခ) ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်ပြီး ခန့်မှန်းကာလတန်ဖိုးကျပ် ၁၀ သန်းနှင့်အထက်ဖြစ်ပြီး တန်ဖိုးလျော့ကျပျက်စီးလွယ်သည့်ပစ္စည်းဖြစ်ပါက နီးစပ်ရာသက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့ ၄၈ နာရီအတွင်း သယ်ယူပို့ဆောင်အပ်နှံခြင်း၊

(ဂ) သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသောပစ္စည်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်သည့်အချိန်ကာလအတွင်း သယ်ယူပို့ဆောင်အပ်နှံခြင်း။

၁၄။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သိမ်းဆည်းရမိသည့်သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးသို့အပ်နှံရာတွင် အောက်ပါတို့ကိုပူးတွဲပေးအပ်ရမည်-

(က) သက်သေခံပစ္စည်းတစ်ခုချင်းစီ၏ အရှေ့၊ အနောက်၊ ဘေးဝဲ၊ ယာနှင့် လိုအပ်ပါကအပေါ်နှင့်အောက်တို့အား ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ခ) ယာဉ်အမျိုးမျိုး သို့မဟုတ် စက်ယန္တရားများဖြစ်ပါက ကနဦးယာဉ်စစ်ဆေးချက်ပုံစံနှင့်အတူ ယာဉ် သို့မဟုတ် စက်ယန္တရားများ၏ အတွင်းနှင့်အပြင် အခြေအနေများအား ပေါ်လွင်အောင်ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ဂ) အဆောက်အအုံဖြစ်ပါက ယင်းအဆောက်အအုံအတွင်းနှင့်အပြင်အခြေအနေများအား ပေါ်လွင်အောင်ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ဃ) ရှာဖွေပုံစံ သို့မဟုတ် ပစ္စည်းသိမ်းပုံစံမိတ္တူ၊ကျွမ်းကျင်သူ၏စစ်ဆေးတွေ့ရှိချက်မှတ်တမ်းများ။

၁၅။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင်-

(က) ထိန်းသိမ်းရန်လွယ်ကူသည့် သက်သေခံပစ္စည်း သို့မဟုတ် ရွှေ၊ ငွေ၊ ရတနာနှင့် အဖိုးတန်သက်သေခံပစ္စည်းများကို သက်ဆိုင်ရာတရားရုံးသို့ တစ်ပါတည်းတင်ပြရမည်။

(ခ) တရားရုံးသို့တင်ပို့ရန်မလွယ်ကူသော သက်သေခံပစ္စည်းများဖြစ်ပါက အဆိုပါသက်သေခံပစ္စည်းများကို သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း သို့မဟုတ် မည်ကဲ့သို့စီမံခန့်ခွဲထားကြောင်း အထောက်အထားဖြင့် တရားရုံးသို့တင်ပြရမည်။

**အခန်း(၇)**

**သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်း**

၁၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက တရားစွဲဆိုတင်ပို့ခြင်း မပြုမီ လာရောက်အပ်နှံသော သက်သေခံပစ္စည်းများကို အောက်ပါအတိုင်းစီမံခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြုနိုင်သည်-

(က) ထိန်းသိမ်းရန်လွယ်ကူပြီး တန်ဖိုးနည်းသက်သေခံပစ္စည်းများကို သက်ဆိုင်ရာရဲစခန်းတွင်ထိန်းသိမ်းစေခြင်း၊

(ခ) ဘဏ်လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ၊ အဖိုးတန်စာတမ်းအမှတ်အသားများ၊ ရွှေ၊ ငွေ၊ ရတနာနှင့် အဖိုးတန်ပစ္စည်းများကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်၌ သတ်မှတ်ချက်များနှင့်အညီ အပ်နှံထိန်းသိမ်းစေခြင်း၊

(ဂ) အစိုးရနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသို့ စာရင်းဇယားနှင့်အတူ လွှဲပြောင်းပေးအပ်ထိန်းသိမ်းစေခြင်း၊

(ဃ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် မရွှေ့မပြောင်းနိုင်သောသက်သေခံပစ္စည်းများ သို့မဟုတ် သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသည့်သက်သေခံပစ္စည်းများကို ထိန်းသိမ်းရန် ပစ္စည်းထိန်းအားတာဝန်ပေးအပ်ခြင်း၊

(င) ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးတွင်ထိန်းသိမ်းခြင်း၊

(စ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီ၏ခွင့်ပြုချက်ဖြင့် သိမ်းဆည်းရမိသည့်တိရစ္ဆာန်များကို ထိန်းသိမ်းရန် ပစ္စည်းထိန်းအားတာဝန်ပေးအပ်ခြင်း သို့မဟုတ် ခံဝန်ချုပ်ဖြင့်အပ်နှံခြင်း။

**အခန်း(၈)**

**သက်သေခံပစ္စည်းများစီမံခန့်ခွဲခြင်း**

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက သိမ်းဆည်းထားသည့် သဘာဝအလျောက်တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၁၈။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည် သဘာဝအလျောက်တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ထုခွဲရောင်းချခွင့်ပြုရန် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားပြီး တရားရုံး၏အမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

၁၉။ တရားရုံးသည်-

(က) အမှုဖြင့်တင်ပြထားသော သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်မှုမပြီးဆုံးမီဖြစ်စေ၊ ပြီးဆုံးသည့်အခါတွင်ဖြစ်စေ သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သက်သေခံပစ္စည်းစီမံခန့်ခွဲသည့်အမိန့်ကို သက်ဆိုင်ရာဒေသဆိုင်ရာကော်မတီသို့ အကြောင်းကြားရမည်။

(ခ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆိုသည့်အမှုမှ သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အခန်း ၄၃၊ ပစ္စည်းများကို စီမံခန့်ခွဲခြင်းအခန်းပါပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

(ဂ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(၇)အရ အစိုးရက စီမံခန့်ခွဲသည့် သို့မဟုတ် စီမံခန့်ခွဲပြီးဖြစ်သည့်ပစ္စည်းဖြစ်ပါက ယင်းပစ္စည်း၏ပိုင်ရှင်အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ အရ ပြန်လည်ပေးအပ်ခြင်းမပြုလျှင် သို့မဟုတ် ဝရမ်းစွဲကပ်သည့်နေ့မှ နှစ်နှစ်အတွင်း ယင်းပစ္စည်း၏ပိုင်ရှင်သည်တရားရုံးရှေ့သို့လာရောက်ခြင်းမရှိလျှင် သို့မဟုတ် ယင်းပစ္စည်း၏ပိုင်ရှင်အား ဖမ်းဆီးရမိခြင်းမရှိလျှင် အဆိုပါပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းယူသည့်အမိန့် ချမှတ်ရမည်။

၂၀။ ဒေသဆိုင်ရာကော်မတီသည် သဘာဝအလျောက်တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်မှုပြီးဆုံးသည့်အခါ တရားရုံး၏အမိန့်နှင့်အညီဆောင်ရွက်ရမည်။

၂၁။ (က) တရားရုံး သို့မဟုတ် ဤဥပဒေနှင့် သက်ဆိုင်သည့်ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ပါက ယင်းအမိန့်ကို သက်ဆိုင်ရာဒေသဆိုင်ရာကော်မတီသို့ အကြောင်းကြားရမည်။

(ခ) ဒေသဆိုင်ရာကော်မတီသည်ပုဒ်မခွဲ(က)အရအကြောင်းကြားသည့်အမိန့်ကိုဗဟိုကော်မတီသို့ဆောလျင်စွာတင်ပြရမည်။

၂၂။ တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့်ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးက ထိန်းသိမ်းထားသောမြေနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများမှအပ အခြားသက်သေခံပစ္စည်းကို နိုင်ငံ့ဘဏ္ဍာသိမ်းရန် အမိန့်ချမှတ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ရက်ကျော်လွန်လျှင် သတ်မှတ်ချက်များနှင့်အညီ လေလံတင်ခြင်း၊ရောင်းချခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသို့လွှဲပြောင်းပေးခြင်းကို ဗဟိုကော်မတီ၏ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၃။ ဗဟိုကော်မတီသည် တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့်ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန်အမိန့်ချမှတ်သည့် သက်သေခံပစ္စည်းများအနက် မြေနှင့်အဆောက်အအုံကဲ့သို့သော မရွှေ့မပြောင်းနိုင်သည့်သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၄။ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးက ထိန်းသိမ်းထားရှိသည့် ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများရောင်းချခြင်းမှ ရရှိသောငွေများကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ခ) ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

**စာမျက်နှာ ၂၁ သို့**

စာမျက်နှာ ၂၀ မှအဆက်

၂၅။ တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးက သိမ်းဆည်းထားသော သက်သေခံပစ္စည်း လက်ဝယ်ရရှိထိုက်သူကို ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ပါက ယင်းပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ကုန်ကျသည့်စရိတ်ငွေများကို သက်သေခံပစ္စည်း လက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးသွင်းစေပြီး ယင်းသက်သေခံပစ္စည်းကို ပြန်လည်ပေးအပ်ရမည်။

၂၆။ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးတွင် ထိန်းသိမ်းထားသော သက်သေခံပစ္စည်းကိုဖျက်ဆီးရန် တရားရုံးမှ အမိန့်ချမှတ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီသို့တင်ပြပြီး လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၉)
## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခြင်း၊ အရေးယူခြင်းနှင့် အယူခံခြင်း

၂၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ထိန်းသိမ်းထားသော သို့မဟုတ် ဝရမ်းကပ်ထားသောသက်သေခံပစ္စည်းများပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် သို့မဟုတ် သတင်းရရှိလျှင် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအကြောင်းအရင်းကို စုံစမ်းစစ်ဆေးနိုင်ရန် သတ်မှတ်ချက်နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၂၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် မိမိ၏ကော်မတီအဖွဲ့ဝင်တစ်ဦးဦးအား ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်စေပြီး သင့်လျော်သည့်ဌာနများမှ ကိုယ်စားလှယ် နှစ်ဦးအပါအဝင် အနည်းဆုံး အဖွဲ့ဝင် သုံးဦးပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၂၉။ ပုဒ်မ ၂၈ အရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည်–

(က) သက်ဆိုင်သည့်ပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေးပြီး လိုအပ်သည့် သက်သေခံချက်များရယူနိုင်သည်။

( ခ ) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို သက်သေခံချက်များ၊ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ သတ်မှတ်ချက်နှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

( ဂ ) စုံစမ်းစစ်ဆေးသည့်ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရမည်။

၃၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်သေခံပစ္စည်းများပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးလျက်ရှိကြောင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှ တစ်ဆင့် ဗဟိုကော်မတီနှင့် ယင်းသက်သေခံပစ္စည်းနှင့်သက်ဆိုင်သော အမှုကိုစစ်ဆေးနေသော တရားရုံးသို့ ဆောလျင်စွာတင်ပြရမည်။

၃၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ ဆက်လက်တင်ပြရမည်။

၃၂။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီများ၏ အကြံပြုချက်များအရ–

(က) သက်သေခံပစ္စည်းများထိန်းသိမ်းရန် တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ၏ ပေ့ါလျော့မှုပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ သဘာဝဘေးအန္တရာယ်တစ်မျိုးမျိုးကြောင့် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို သက်သေခံပစ္စည်းများစာရင်းမှ ပယ်ဖျက်ခွင့်ပြုရန် သက်ဆိုင်ရာတရားရုံးသို့ တင်ပြရမည်။

( ခ ) သက်သေခံပစ္စည်းများထိန်းသိမ်းရန် တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ၏ ပေ့ါလျော့မှုပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတို့ကြောင့် သက်သေခံပစ္စည်းများ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်လျှင် ထိုသူကို ပစ္စည်းတန်ဖိုးပြန်လည်ပေးလျော်စေရန်အမိန့်ချမှတ်ပြီး ယင်းအမိန့်ကို သက်ဆိုင်ရာတရားရုံးသို့တင်ပြရမည်။

( ဂ ) သက်သေခံပစ္စည်းများထိန်းသိမ်းရန် တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူက သက်သေခံပစ္စည်းကို အခြားပစ္စည်းတစ်ခုခုဖြင့် လဲလှယ်ခြင်း၊ အတုပြုလုပ်အစားထိုးခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်ပါက ဤဥပဒေအရ အရေးယူရန် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီအား ညွှန်ကြားရမည်။

၃၃။ ပုဒ်မ၃၂ပုဒ်မခွဲ(ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီကချမှတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀အတွင်း ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

၃၄။ ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

၃၅။ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်စေရမည်။

## အခန်း(၁၀)
## တားမြစ်ချက်များ

၃၆။ သက်သေခံပစ္စည်းများထိန်းသိမ်းရန် တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့်လက်ခံထားသူမည်သူမျှ သက်သေခံပစ္စည်းများကို အခြားပစ္စည်းတစ်ခုခုဖြင့် လဲလှယ်ခြင်း၊ အတုပြုလုပ်အစားထိုးခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

၃၇။ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆောင်ရွက်သည့် တာဝန်ရှိသူ မည်သူမျှ ဤဥပဒေအရပြုလုပ်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိရ။

၃၈။ မည်သူမျှ ဒေသဆိုင်ရာကော်မတီ၏ စီမံထိန်းသိမ်းမှုအောက်ရှိ သက်သေခံပစ္စည်းကို ခိုးယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်းမပြုရ။

## အခန်း(၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၉။ သက်သေခံပစ္စည်းများထိန်းသိမ်းရန်တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့်လက်ခံထားသူ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်းငါးရာမှ အများဆုံး ကျပ်သိန်း တစ်ထောင်အထိ ငွေဒဏ်ချမှတ်ရမည်။

၄၀။ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆောင်ရွက်သည့်တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၃၇ ပါတားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်းတစ်ရာမှ အများဆုံး ကျပ်သိန်းငါးရာထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး ခုနှစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်းငါးရာမှ အများဆုံး ကျပ်သိန်းတစ်ထောင်ထိ ငွေဒဏ်ချမှတ်ရမည်။

၄၂။ မည်သူမဆို ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၄၃။ ဤဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ပါက ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ်ကိုချမှတ်ခြင်းခံရမည်။

## အခန်း(၁၂)
## အထွေထွေ

၄၄။ ဤဥပဒေနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများသည် တရားရုံးသို့တင်ပို့ရန်အတွက် သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းများဖြစ်ပါက ယင်းသက်သေခံပစ္စည်းများကို မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးသို့ သက်သေခံပစ္စည်းများတင်ပြဘိသကဲ့သို့မှတ်ယူ၍ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့်ချမှတ်ရမည်။

၄၅။ တရားရုံးသည် ဤဥပဒေနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ တရားရုံးရှေ့သို့တင်ပို့ခြင်းမပြုနိုင်သော သက်သေခံပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စစ်ဆေးစီရင်ခြင်းပြုလုပ်သည့်ကာလအတွင်း သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးက ထိန်းသိမ်းထားရန် အမိန့်ချမှတ်နိုင်သည်။

၄၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၄၇။ ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့်ဆောင်ရွက်သော မည်သူ့ကိုမဆို ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ။

၄၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မ ၃၂ ပုဒ်မခွဲ (ခ)အရ ပစ္စည်းတန်ဖိုးပြန်လည်ပေးလျော်စေရန် ပျက်ကွက်သူထံမှ ရရန်ရှိသောငွေများကို အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဒေသဆိုင်ရာကော်မတီဥက္ကဋ္ဌသည် သင့်လျော်သည့်မိမိ၏ကော်မတီအဖွဲ့ဝင် တစ်ဦးဦးအား ကော်လိတ်တော်အရာရှိအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၄၉။ ဒေသဆိုင်ရာကော်မတီသည်–

(က) ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများ စီမံခန့်ခွဲရာတွင် တရားရုံးကချမှတ်သောအမိန့်ကို အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ရက်ကျော်လွန်သည်အထိ စောင့်ဆိုင်းပြီး တရားရုံးအမိန့်နှင့်အညီ စီမံခန့်ခွဲရမည်။

( ခ ) ပုဒ်မခွဲ(က)အရ သက်သေခံပစ္စည်းများ အပြီးသတ်စီမံခန့်ခွဲပြီးစီးကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာတရားရုံးသို့ ပြန်လည်တင်ပြရမည်။

၅၀။ ဗဟိုကော်မတီသည် တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့်ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော သက်သေခံပစ္စည်းများအနက် ရွှေ့ပြောင်းနိုင်သည့် သက်သေခံပစ္စည်းများကို အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့် ရက်ကျော်လွန်ပြီး တစ်နှစ်အတွင်း စီမံခန့်ခွဲနိုင်ရေး ကြပ်မတ်ညွှန်ကြားရမည်။

၅၁။ ဗဟိုကော်မတီနှင့်သက်ဆိုင်သည့် ရုံးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်ရမည်။

၅၂။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီ တရားရုံးတွင်ထိန်းသိမ်းထားရှိသော သက်သေခံပစ္စည်းများသည် ဤဥပဒေနှင့်အကျုံးဝင်ခြင်းမရှိစေရ။

၅၃။ ပုဒ်မ ၂ ပါပြစ်မှုများနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရာတွင် တည်ဆဲဥပဒေများ၌မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရသာ လိုက်နာဆောင်ရွက်ရမည်။

၅၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်–

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ ထုတ်ပြန်နိုင်သည်။

( ခ ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊အမိန့်၊ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# စိုက်ပျိုးစီးပွား ပြည့်ခွန်အား ဆောင်ရွက်ကြစို့လား

ဘုန်းမောင်ဝင်း(ဖျာပုံ)

“တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး” ဆိုတဲ့ စီးပွားရေးဦးတည်ချက်ဟာ မြန်မာနိုင်ငံလို စိုက်ပျိုးမွေးမြူရေးကို အဓိကထားတဲ့နိုင်ငံအတွက် အလွန်သင့်တော်မှန်ကန်တဲ့ ဆောင်ရွက်ချက်ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေရာမှာ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်နေကြတဲ့တောင်သူလယ်သမားများအနေနဲ့ ကုန်ထုတ်စွမ်းအား မြင့်မားအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။



နိုင်ငံရဲ့ GDP တိုးတက်ရေးမှာ အဓိကပါဝင်တဲ့ စိုက်ပျိုးရေးကဏ္ဍမှ ထုတ်လုပ်မှုတိုးတက်ဖို့ဆိုရင် လယ်ယာကဏ္ဍမှာ အဓိကလိုအပ်တာတွေက မျိုး၊ မြေ၊ ရေ၊ နည်းပဲဖြစ်ပါတယ်။ မျိုးကောင်း မျိုးသန့်ရရှိရေး၊ မြေဆီသြဇာကောင်းမွန်ရေး၊ စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးနည်းစနစ်နဲ့ နည်းပညာ ကောင်းမွန်မှန်ကန်ရေးတို့ပဲဖြစ်ပါတယ်၊ အဲဒီလိုအပ်ချက်လေးခုစလုံးကို စိုက်ပျိုးသူတောင်သူဦးကြီးများ၊ သက်ဆိုင်ရာစိုက်ပျိုးရေးနဲ့ နီးနွယ်သုတေသနဌာနများ၊ စိုက်ပျိုးရေး ဝန်ဆောင်မှုပေးနေတဲ့ ဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ အားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဒါ့အပြင် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်မြင့်မားလာစေဖို့ဆိုရင် တောင်သူလယ်သမားများအနေနဲ့ မိမိပိုင်စိုက်ခင်း၊ စိုက်ကွက်၊ ယာမြေ၊ ကိုင်းကျွန်းမြေများပေါ်မှာ သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ သီးထပ်ဆိုတာကတော့ မြေကွက်တစ်ကွက်ပေါ်မှာ သီးနှံတစ်ခုရိတ်သိမ်းပြီး နောက်သီးနှံတစ်ခုထပ်မံစိုက်ပျိုးခြင်းပဲဖြစ်ပါတယ်။ ပထမသီးနှံရိတ်သိမ်းပြီး မြေလွတ်ဖြစ်နေချိန်မှာ မြေလပ်မထားဘဲ အစိုဓာတ်ကျန်သေးတဲ့မြေကို အကျိုးရှိစွာ အသုံးချစိုက်ပျိုးတာမျိုးဖြစ်ပါတယ်။ သီးညှပ်စိုက်ပျိုးခြင်းကတော့ မြေကွက်တစ်ကွက်တည်းပေါ်မှာ သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းမဟုတ်ဘဲ နှစ်မျိုး သို့မဟုတ် နှစ်မျိုးထက်ပိုတဲ့သီးနှံများကို တစ်ချိန်တည်းအတူတကွ အတန်းလိုက် သို့မဟုတ် သီးရောစိုက်ပျိုးခြင်းမျိုးကို ဆိုလိုတာဖြစ်ပါတယ်။ သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းတို့ကြောင့် စိုက်ပျိုးထုတ်ကုန်များဟာ အရင်ထက် နှစ်ဆတိုးလာခဲ့ရင် လိုအပ်မှုတွေနေရာမှာ ဖူလုံမှု၊ ပိုလျှံမှု အကျိုးရလဒ်တွေရလာမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ စိုက်ပျိုးနိုင်တဲ့မြေကေတွေအားလုံးမှာ စိုက်ပျိုးရေးလုပ်ငန်းတွေ အပြည့်အဝဆောင်ရွက်နိုင်မယ်၊ မျိုး၊ မြေ၊ ရေ၊ နည်း စတဲ့ခေတ်မီနည်းစနစ်တွေနဲ့ စိုက်ပျိုးမယ် သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းစွမ်းအားတွေ တိုးချဲ့မယ်၊ အထွက်တိုးအောင်လုပ်နိုင်မယ်၊ ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်မယ်ဆိုရင် စိုက်ပျိုးရေးကဏ္ဍက ထုတ်ကုန်နှစ်ဆတိုးမြှင့်ကာ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ တိုးတက်လာမှာအမှန်ပါပဲ။ စိုက်ပျိုးရေးလုပ်ငန်းတွေ တွင်ကျယ်ရင် တွင်ကျယ်သလို ပြည်တွင်းစားသုံးမှု ဖူလုံပြီး ပြည်ပတင်ပို့ရောင်းချနိုင်မှာဖြစ်ပါတယ်။ အဲဒီလိုလုပ်ဆောင်နိုင်မယ်ဆိုရင် ပြည်ပဝင်ငွေတိုးတက်ရရှိပြီး နိုင်ငံ့စီးပွားမြင့်မားလာမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေးထွက်ကုန်တွေကို အရေအတွက်ရော၊ အရည်အချင်းပါ ကောင်းမွန်အောင်ထုတ်လုပ်နိုင်ရင် ပြည်ပက တင်သွင်းနေရတာတွေကို အများကြီးလျှော့ချနိုင်မှာဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများလည်း လျော့ကျလာမှာဖြစ်ပါတယ်။ ဒီလို နိုင်ငံခြားငွေသုံးစွဲရမှုတွေ လျော့ကျလာရင် ပြည်တွင်းငွေကြေးလည်ပတ်မှုတွေလည်း တည်ငြိမ်တိုးတက်ကောင်းမွန်လာပြီး နိုင်ငံစီးပွားရေးလည်း မြင့်တက်လာနိုင်ပါတယ်၊ ဒီလိုနိုင်ငံစီးပွားရေးတိုးတက်လာပြီဆိုရင် ပြည်သူတစ်ဦးချင်းရဲ့ လူမှုစီးပွားဘဝများလည်း တိုးတက်မြင့်မားလာမှာဖြစ်ပါတယ်၊ ဒါ့ကြောင့် နိုင်ငံတော်အစိုးရရဲ့ ဦးတည်ချက်တွေမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုတာကို သတ်မှတ်လုပ်ဆောင်နေတာဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲအနေနဲ့ နိုင်ငံသာယာဝပြောရေးနဲ့ စားရေရိက္ခာ ဖူလုံရေးကို အဓိကထား လမ်းညွှန်ပြောကြားနေသလို အဲဒီကဏ္ဍအတွက် ဖြည့်ဆည်းပေးသင့်တာ၊ ဆောင်ရွက်ပေးသင့်တာတွေအားလုံး ဖြည့်ဆည်းဆောင်ရွက်ပေးနေတာတွေ့ရပါတယ်၊ မကြာမီက သွားရောက်ခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်မှာဆိုရင် တရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ဆောင်ရွက်လို့ရမယ့် အခြေအနေအားလုံးကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးချပြခဲ့ပါတယ်။

အထူးသဖြင့်စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုတွေ နည်းပညာပံ့ပိုးမှုတွေ လာရောက်ဆောင်ရွက်ကြဖို့ ဖိတ်ခေါ်ခဲ့သလို နိုင်ငံတော်အစိုးရအနေနဲ့လည်း လုပ်ငန်းရှင်တွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ကတိပြုခဲ့ပါတယ်။ လုပ်ငန်းရှင်တွေဘက်ကလည်း အားရဝမ်းသာ တုံ့ပြန်မှုတွေရှိခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံတစ်ခုဖြစ်ပြီး သဘာဝအရ တည်ရှိနေတဲ့ တည်နေရာကြောင့်ကမ္ဘာ့လူဦးရေအများဆုံးတရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံအကြား ကြီးမားတဲ့ဈေးကွက်နဲ့ လျင်မြန်စွာတိုးတက်နေတဲ့ အာဆီယံဒေသတွင်းမှာ အချက်အချာကျတဲ့နေရာမှာ တည်ရှိနေပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးလုပ်ငန်း ကောင်းကောင်းဆောင်ရွက်ဖို့ ရာသီဥတုနဲ့ မြေအကျယ်အဝန်းရှိပါတယ်။ အရှေ့တောင်အာရှမှာ လယ်ယာမြေအများဆုံးပိုင်ဆိုင်ထားတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ရှိရင်းစွဲသဘာဝက ပေးထားတဲ့စိုက်ပျိုးရေးအခြေခံကောင်းတွေကိုအသုံးချပြီး ကမ္ဘာပေါ်မှာ စားနပ်ရိက္ခာ အဓိကထုတ်လုပ်တဲ့နိုင်ငံဖြစ်အောင် ကြိုးစားနေပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းထုတ်ကုန်တွေ တိုးတက်မြင့်မားလာစေဖို့အတွက်စိုက်ပျိုးရေးနည်းစနစ်များနဲ့အတူ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ဓာတ်မြေဩဇာထုတ်လုပ်ရေး၊ သဘာဝမြေဩဇာထုတ်လုပ်ရေး၊ အပင်အားဆေးနှင့် ပိုးသတ်ဆေးလိုအပ်ချက်ရှိနေပါတယ်၊ အဲဒီကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံဖို့ ဆက်သွယ်ဆောင်ရွက်နေတဲ့ ကုမ္ပဏီအဖွဲ့အစည်းတွေလည်း ရှိနေပါတယ်။ စက်မှုလယ်ယာကဏ္ဍကို အရှိန်အဟုန်မြှင့်တင်နိုင်မယ့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခြွေလှေ့ခြင်း၊ သိုလှောင်ခြင်းတို့အတွက် ခေတ်မီစက်ကိရိယာတွေ၊ သိုလှောင်ရုံတွေရင်းနှီးမြှုပ်နှံနိုင်ဖို့လည်း တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေ လုပ်ဆောင်ကြဖို့ နိုင်ငံတော်အကြီးအကဲက ဖိတ်ခေါ်ခဲ့တာကို တွေ့လိုက်ရပါတယ်။

နိုင်ငံရဲ့စီးပွားရေးနဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် အရေးပါလှတဲ့ စိုက်ပျိုးရေးလုပ်ငန်းမှာ စိုက်ပျိုးတဲ့ သီးနှံများဟာ ပန်းတိုင်အထွက်နှုန်းရရှိဖို့ လိုအပ်ပါတယ်။ စိုက်ပျိုးရေးသီးနှံများရဲ့ ထုတ်လုပ်မှုတိုးတက်ရေး သော့ချက်က သီးနှံများရဲ့ တစ်ကေမှာဝင်ဆံ့တဲ့ အပင်အရေအတွက် ပြည့်မီရေးပဲဖြစ်ပါတယ်။

သီးနှံတွေစိုက်ပျိုးတဲ့အခါ အပင်အရေအတွက်မပြည့်မီခြင်း၊ ဝင်ဆံ့ရမယ့် အပင်အရေအတွက်ထက် များပြားခြင်းတွေဟာ သီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးတို့အပေါ်မှာ အနှောင့်အယှက်ပေးလေ့ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ သီးနှံခင်းအများစုမှာ သတ်မှတ်အပင်အရေအတွက် မပြည့်မီခြင်းများတွေ့ရှိနေရပါတယ်။

စပါးသီးနှံကိုစိုက်ပျိုးရာမှာ တစ်ဧကအပင်အရေအတွက် ကောက်ကွက် ၁၃၀၀၀၀-၁၅၀၀၀၀ ဝင်ဆံ့အောင် စိုက်ရပါတယ်။ ပင်ခြား ၉ လက်မ၊ အတန်းခြား ၄ လက်မနဲ့ ပင်ခြား ၈ လက်မ၊ အတန်းခြား ၆ လက်မ စိုက်ပျိုးရပါတယ်။ စိုက်ပျိုးချိန်ကရှိတဲ့ အပင်အရေအတွက်အတိုင်း ရိတ်သိမ်းချိန်မှာ အပင်အရေအတွက်ပြည့်မီဖို့ဆိုရင်လိုအပ်တဲ့ ထယ်ရေးပြုပြင်ခြင်း၊ သတ်မှတ်ကာလအတွင်း သားခွဲခြင်း၊ အပင်မှုန်းခြင်း၊ လိုအပ်တဲ့ သွင်းအားစုတွေထည့်သွင်းခြင်း၊ ဖြည့်စွက်ရေ ထည့်သွင်းပေးခြင်း၊ အချိန်မီရိတ်သိမ်းခြင်းတွေ လုပ်ဆောင်ရမှာဖြစ်ပါတယ်။

လယ်ယာဦးကြီးများအနေနဲ့ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းတဲ့ မနောသုခ၊ ဆင်းသုခ၊ ဆင်းနွယ်ရင်၊ ဆင်းဧကရီ (၃)၊ ရွှေသွယ်ရင်၊ ရေဆင်းလုံးသွယ်၊ သုခရင်တို့ကို ပုံမှန်အားဖြင့် စိုက်ပျိုးကြပါတယ်။ ပေါ်ဆန်း၊ ပေါ်ဆန်းမွှေး၊ မဂျမ်းတော၊ ရွှေရင်အေး စတဲ့မျိုးများကိုလည်း ဒေသအလိုက် အားသာတဲ့နေရာတွေမှာ ရွေးချယ်စိုက်ပျိုးကြပါတယ်။ အဲလိုစိုက်ပျိုးတဲ့အခါမှာ ယူရီးယားနှစ်အိတ်၊ ပိုတက်ရှ်တစ်အိတ်၊ ကွန်ပေါင်းတစ်အိတ်နဲ့ နွားချေးတင်း ၄၀ ထည့်သွင်းရပါမယ်။ အနှံပါသီးလုံးအားလုံး အောင်မြင်စေဖို့ ယူရီးယားနဲ့ ပိုတက်ရှ်ဓာတ်မြေဩဇာဆတူရောစပ်ပြီး တစ်ဧကမှာ ၁၂ ဒသမ ၅ ကီလိုခန့် အလံရွက်ထွက်ချိန်မှာ ထည့်သွင်းရပါမယ်။ မြေကို ပြုပြင်ရာမှာ တမန်းညက်ညက်ထွန်ယက်ပြီး တမန်းပူမဖြစ်စေဖို့ အချိန်ယူ အပုပ်ခံထားရပါတယ်။

စပါးပင်တွေဖြစ်ထွန်းအောင်မြင်ဖို့ အပင်ပွားစည်းချိန်မှာ ပင်ပွားများများထွက်စေဖို့ ရေသွင်း ရေခန်း စနစ်ကျင့်သုံးရပါမယ်၊ မကျင့်သုံးနိုင်ရင် ရေခပ်စပ်စပ်သာထားပြီး စိုက်ရပါမယ်။ ရွှေ့ပြောင်း စိုက်ပျိုးရာမှာ ပျိုးသန့်ရရှိရေးအတွက်ပျိုးကို ပါးပါးထောင်ပါ။ ပျိုးသက်နု(၂၁ ရက်မှ ၂၈ ရက်အတွင်း) ရအောင်စိုက်ပျိုးပါ။ ချက်ချင်းနုတ် ချက်ချင်းစိုက်ပျိုးရမှာပါ။ ရိတ်သိမ်းချိန် အလေအလွင့်မရှိစေဖို့ မောင်းညိုချိန်မှာ ရိတ်သိမ်းကြရမှာဖြစ်ပါတယ်။ ဒါကတော့ စပါးစိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ သိမှတ်ဖွယ်ရာတွေပါ။

စာမျက်နှာ ၂၃ သို့



**စာမျက်နှာ ၂၂ မှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဦးတည်ချက်တွေထဲမှာ "ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး" ဆိုတဲ့ ဦးတည်ချက်ကလည်း အမှန်တကယ်ဆောင်ရွက်ရမယ့်အချက်ဖြစ်ပါတယ်၊ လူနေမှုဘဝမှာ နေ့စဉ်ဆီစားသုံးမှုရှိပါတယ်၊ ဆီဟာ မပါမဖြစ်ဆိုပေမယ့် ဆီကိုလျှော့စားနိုင်ရင် ကျန်းမာရေးအတွက် အကောင်းဆုံးပါပဲ။ ထို့အတူ လူတိုင်းက ဆီကိုလျှော့စားကြမယ်ဆိုရင်နိုင်ငံအတွက်လည်း အကောင်းဆုံးပါပဲ။ ပြည်ပကနေ မှာယူတင်သွင်းနေရတဲ့ စားသုံးဆီတွေကို မိမိတို့နိုင်ငံမှာ အလျှံပယ်ထုတ်လုပ်နိုင်မယ်ဆိုရင် နိုင်ငံရဲ့ GDP တိုးတက်လာမှာဖြစ်ပါတယ်။ ဆီထုတ်လုပ်မှုမှာ အဓိကကျတဲ့ သီးနှံတွေကတော့မြေပဲ၊ နှမ်း၊ နေကြာ၊ အစေ့ထုတ်ပြောင်းစတာတွေဖြစ်ပါတယ်။ အဲဒီသီးနှံတွေကို အထက်မှာဖော်ပြခဲ့သလို အထွက်နှုန်းတိုးဖို့ မျိုး၊ မြေ၊ ရေ၊ နည်းဆိုတာတွေနဲ့ပြည့်စုံအောင် လုပ်ဆောင်ကြရပါမယ်။

မြေပဲသီးနှံစိုက်ပျိုးမယ်ဆိုရင် တစ်ဧကအပင်အရေအတွက် တစ်သိန်း ဝင်ဆံ့အောင် စိုက်ပျိုးခြင်း၊ ပင်ခြား ၁၅ လက်မ၊ အတန်းခြား ၄ လက်မ ထားရှိစိုက်ပျိုးရပါမယ်။ ဆင်းပဒေသာ(၆)၊ ဆင်းပဒေသာ(၇)၊ ဆင်းပဒေသာ(၁၁)၊ မကွေး(၁၁)၊ မကွေး(၁၆) မျိုးများကို စိုက်ပျိုးသင့်ပါတယ်။ ယူရီးယားလေးပုံတစ်ပုံ၊ တီစူပါတစ်အိတ်၊ ပိုတက်ရှ်လေးပုံတစ်ပုံ၊ နွားချေး ၁၂၅ တင်း၊ ကျောက်မှုန့်ငါးအိတ် ထည့်သွင်းအသုံးပြုရပါမယ်။ မြေပဲစိုက်မယ့်မြေမှာ အစိုဓာတ် ရှိနေရပါမယ်။ အစိုဓာတ်ထိန်းဖို့ သဘာဝမြေသြဇာထည့်ရပါမယ်၊ ယူရီးယားမြေသြဇာ လျှော့ချသုံးစွဲနိုင်ရေးအတွက် မျိုးစေ့များကို ရိုင်ဇိုဘီယမ်(ပဲမြစ်ဖု ဇီဝမြေသြဇာ) လူးနယ်စိုက်ပျိုးရပါမယ်။ ပန်းဖြိုင်ဖြိုင်ပွင့်ချိန်၊ စိုက်ပြီးရက်(၄၀)မတိုင်မီ မြေပဲစွယ်တွေ အချိန်မီဆင်းနိုင်ဖို့ ဂျစ်ပဆန်မြေသြဇာ ၂၅ ကီလိုတစ်အိတ်ထည့်သွင်းပြီး ပေါင်းလုံးရန် လိုအပ်ပါတယ်။



နှမ်းသီးနှံစိုက်ပျိုးမယ်ဆိုရင် တစ်ဧကကို အပင်အရေအတွက် ၁၀၀၀၀၀ မှ ၁၃၀၀၀၀ အတွင်း ဝင်ဆံ့အောင်စိုက်ရပါမယ်။ ပင်ခြား ၁၅ လက်မ၊ အတန်းခြား ၄ လက်မနဲ့ပင်ခြား ၁၂ လက်မ၊ အတန်းခြား ၄ လက်မစိုက်ပျိုးရပါမယ်။ တစ်ဧက ရိတ်သိမ်းအပင်အရေ



အတွက်ကို ကိုင်းဖြာသောမျိုးများအတွက် ၁၀၀၀၀၀ နှင့် တစ်ပင်တိုင်မျိုးများအတွက် ၁၂၈၀၀၀ ပင်ရရှိအောင် စိုက်ပျိုးရပါမယ်။ နှမ်းသီးနှံမျိုးတွေဖြစ်တဲ့ ဆင်းရတနာ (၃)၊ ဆင်းရတနာ(၄)၊ သိပ္ပံနှမ်းနက်၊ စမုန်နက်၊ ဆင်းရတနာ(၁၄)တို့ကို ရွေးချယ်စိုက်ပျိုးသင့်ပါတယ်။ စိုက်ပျိုးချိန်မှာ သင့်တော်တဲ့ အစိုဓာတ်ရှိဖို့ လိုအပ်ပါတယ်။ "ငုံးပျံဖုန်ထ နှမ်းကြဲရ" ဆိုတဲ့အတိုင်း မြေကို ထယ်ထိုးထွန်မွှေ မှုန့်အောင်လုပ်ပြီး စိုက်ပျိုးရပါမယ်။ ယူရီးယားအိတ်ဝက်၊ တီစူပါအိတ်ဝက်၊ ပိုတက်ရှ်လေးပုံတစ်ပုံနဲ့ နွားချေး ၁၂၅ တင်းခန့် ထည့်သွင်းသုံးစွဲရပါမယ်။

နေကြာသီးနှံစိုက်ပျိုးမယ်ဆိုရင်တစ်ဧကမှာအပင်အရေအတွက် ၂၈၀၀၀ ဝင်ဆံ့အောင် စိုက်ရပါမယ်။ ပင်ခြား ၂ ပေ၊ အတန်းခြား ၉ လက်မစိုက်ရပါမယ်။ ဆင်းရွှေကြာ(၂)၊ ရေဆင်းမျိုးတို့မှာ သင့်တော်ပြီး အထွက်နှုန်းကောင်းတဲ့ မျိုးတွေစိုက်ပျိုးသင့်ပါတယ်။ ယူရီးယား တစ်အိတ်ခွဲ၊ တီစူပါအိတ်ဝက်၊ ပိုတက်ရှ်အိတ်ဝက်နဲ့ နွားချေး ၁၂၅ တင်းအသုံးပြုရပါမယ်။ စိုက်ပြီး တစ်လအတွင်း လုံလောက်တဲ့အစိုဓာတ်ရစေဖို့ စိုက်ကြောင်းဖော် မျိုးစေ့ချရပါမယ်။ အစိုဓာတ် ထိန်းသိမ်းဖို့ ချက်ချင်း ကျမ်းတုံး ရိုက်ရပါမယ်၊ အပင်သားခွဲခြင်းနဲ့ ပေါင်းမြက် ရှင်းလင်းခြင်းလုပ်ငန်းတွေ လုပ်ဆောင်ရပါမယ်။ အပင်သက်တမ်း(၄၅)ရက်သားခန့်မှာ ဖြည့်စွက်ရေ (ခါးရေ) ပေးသွင်းရပါမယ်။ သီးညှပ်စိုက်ပျိုးတဲ့ နေကြာတွေကို အကန့်လိုက်စနစ်နဲ့ စိုက်ပျိုးရပါမယ်။ ပန်းဖူးစတင်ချိန် (ကြက်ချေးစုချိန်)မှ အစေ့အဆန်အောင်မြင်ချိန်အထိ ပိုးသတ်ဆေးသုံးစွဲခြင်းကို ရှောင်ရပါမယ်။ ဒါမှသာ ပျားများလာရောက်ပြီး ဝတ်မှုန်ကူးခြင်း အောင်မြင်မှာ ဖြစ်ပါတယ်။ ဒါမှလည်း နေကြာလည်းစိုက်သာ၊ ပျားလည်း စွဲသာဖြစ်နေမှာပါ။

အစေ့ထုတ်ပြောင်းစိုက်ပျိုးရေးနဲ့ပတ်သက်ရင် တစ်ဧကအပင်အရေအတွက် ၂၃၀၀၀ ဝင်ဆံ့ရမယ်။ ပင်ခြား ၃၀ လက်မ၊ အတန်းခြား ၉ လက်မရှိရမယ်။ ရေဆင်းစပ်မျိုး(၁၀)၊ CP-808၊ CP-809၊ CP-222၊ NK-625၊ GT-722 မျိုးတွေကိုရွေးချယ်စိုက်ပျိုးသင့်ပါတယ်။ ယူရီးယားတစ်အိတ်ခွဲ၊ တီစူပါတစ်အိတ်၊ ပိုတက်ရှ်တစ်အိတ်ရဲ့ လေးပုံတစ်ပုံ ထည့်သွင်းရပါမယ်။ စိုက်ပျိုးပြီး(၃၅-၄၀)ရက်သားမှာ ယူရီးယား ၂၅ ကီလို၊ ပိုတက်ရှ် ၁၂ ဒသမ ၅ ကီလိုနှုန်း ထည့်သွင်းပြီး ပေါင်းသင်ပေးရပါမယ်။ အစိုဓာတ်လိုအပ်ချိန်မှာ ရေသွင်းပေးရပါမယ်။ ပန်းဖြိုင်ဖြိုင်ပွင့်ချိန်နဲ့ နို့ရည်တည်ချိန်မှာ အစိုဓာတ်မပြတ်စေဖို့ ဂရုပြုရပါမယ်။

မြန်မာနိုင်ငံဟာဖွံ့ဖြိုးဆဲနိုင်ငံဖြစ်လို့ မော်တော်ကား၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် စတဲ့ ဘီးတပ်ယာဉ်တွေ များပြားလှပါတယ်။ ဘီးတပ်ယာဉ်တွေအားလုံးအတွက် တာယာနဲ့ကျွတ် စတဲ့လိုအပ်ချက်တွေကလည်း များပြားပါတယ်။ အဲဒီလိုအပ်ချက်ကိုလည်း နိုင်ငံတွင်းမှာ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကိုစိုက်ပျိုးပြီး ဖြည့်ဆည်းရမှာဖြစ်ပါတယ်။ လယ်ယာသုံးစက်ကိရိယာများမှာအသုံးပြုတဲ့ တာယာတွေကိုလည်း ထုတ်လုပ်နိုင်ရမှာဖြစ်ပါတယ်။ ရော်ဘာကို တိုင်းဒေသကြီးနဲ့ ပြည်နယ်ကိုးခုတို့မှာ ဧက ၁ ဒသမ ၆၄ သန်း စိုက်ပျိုးထားပြီး အစေးခြစ် ဧကတစ်သန်းနီးပါး၊ ရော်ဘာ တန်ချိန် သုံးသိန်းကျော်ထွက်ရှိပါတယ်။ နှစ်စဉ်ထွက်ရှိတဲ့ ရော်ဘာထဲက တန်ချိန် နှစ်သောင်းကျော်ကို ပြည်တွင်းမှာ သုံးစွဲပြီး တန်ချိန်သုံးသိန်းခန့်ကို ပြည်ပကို တင်ပို့ရောင်းချပါတယ်။

ချည်မျှင်ရည်ဝါသီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်လို့ စိုက်ပျိုးမယ်ဆိုရင် တစ်ဧကအပင်အရေအတွက် ၁၀၀၀၀ ဝင်ဆံ့အောင် စိုက်ပျိုးမယ်၊ ရွှေတောင်(၈)၊ ရွှေတောင်(၁၀)၊ ငွေချည်(၁၁)နဲ့ အထွက်နှုန်းကောင်းစပ်မျိုးများ စိုက်ပျိုးမယ်။ ယူရီးယားတစ်အိတ်၊ ပိုတက်ရှ်တစ်အိတ်၊ ကွန်ပေါင်း နှစ်အိတ်နဲ့ နွားချေးတင်း ၂၀၀ ထည့်သွင်းရပါမယ်။ အစိုဓာတ်မပြတ်လပ်အောင် ဖြည့်စွက်ရေ မဖြစ်မနေသွင်းပေးရပါမယ်။ စိုက်ပြီးနှစ်လအတွင်း သတ်မှတ်အစိုဓာတ်ရရှိဖို့ ရေပေးသွင်းရပါမယ်။ စိုက်ကျင်းတစ်ကျင်းမှာ နှစ်ပင်ချန်ပြီးသားခွဲရပါမယ်။ ပင်သေပင်ပျောက်မဖြစ်စေဖို့နဲ့ ဖာထေးနိုင်ဖို့သက်တမ်းတူ အရန်ပျိုးပင်တွေပျိုးထောင်ထားပြီး နှစ်ပတ်အတွင်း အစားထိုးစိုက်ပျိုးရပါမယ်။

ဒီကနေ့ကမ္ဘာကြီးမှာ လူဦးရေတိုးတက်နှုန်းမြင့်မားခြင်းနဲ့အတူ စားနပ်ရိက္ခာလိုအပ်မှုလည်း များပြားလာနေပြီဖြစ်ပါတယ်။ ရိက္ခာဖူလုံမှုပြဿနာဟာ ပိုမိုကြီးမားလာဖွယ်ရှိနေပါတယ်။ စားနပ်ရိက္ခာဖူလုံမှုဟာ နိုင်ငံတစ်နိုင်ငံရဲ့ နယ်နိမိတ်အတွင်းမှာသာ ဆောင်ရွက်နေရခြင်း မဟုတ်တော့ဘဲ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရမယ့် ကိစ္စရပ်လည်းဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးလာပါတယ်၊ စိုက်ပျိုးရေးကဏ္ဍမှာ ဆန်းသစ်တီထွင်မှုဆိုင်ရာ ဗဟုသုတတွေ မျှဝေခြင်း၊ ဒေသတွင်းစားနပ်ရိက္ခာဈေးကွက်ဖော်ဆောင်ခြင်း၊ နည်းပညာလွှဲပြောင်းမှုအပါအဝင် ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ၂၀၂၃-၂၀၂၄ ခုနှစ် ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံးနိုင်ငံများထဲမှာ မြန်မာနိုင်ငံဟာ အဆင့်(၈)ဖြစ်ပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံက တောင်သူလယ်သမားတွေ၊ လုပ်ငန်းရှင်တွေ၊ လုပ်သားတွေအားလုံးအနေနဲ့ စိုက်ပျိုးရေးကဏ္ဍကို အားတက်သရော စိတ်ပါဝင်စားစွာ လုပ်ဆောင်ကြဖို့နဲ့ လုပ်ဆောင်နိုင်ရင် လုပ်ဆောင်နိုင်သလောက် အကျိုးအမြတ်များပြားကြောင်းကိုလည်း မြင်တွေ့နေရပြီဖြစ်ပါတယ်။

ရေခံမြေခံကောင်းတွေအရ စိုက်ပျိုးရေးကို အခြေခံတဲ့မြန်မာနိုင်ငံအနေနဲ့လည်း မိရိုးဖလာစိုက်နည်းများနှင့်အတူ ခေတ်ရေစီးကြောင်းအရ တိုးတက်ထွန်းကားလာတဲ့ စိုက်ပျိုးရေးနည်းပညာများကို ပေါင်းစပ်အသုံးချကာ မိမိရပ်ရွာမှသည် မိမိတို့မြို့အထိ၊ မိမိတို့မြို့မှသည် မိမိတို့ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီးအထိ၊ ထိုကနေတစ်ဆင့် မိမိတို့တိုင်းပြည်အထိ၊ မိမိတို့တိုင်းပြည်မှသည် အခြားနိုင်ငံများအထိ မိမိတို့ရဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေကို အရည်အသွေးမြှင့် ထုတ်လုပ်နိုင်ကြရမှာဖြစ်ပါတယ်၊ မျိုး၊ မြေ၊ ရေ၊ နည်းတွေ မှန်ကန်အကျိုးရှိစွာအသုံးချမယ်။ သီးထပ်သီးညှပ်တွေကို မိုးလေဝသပေါ်မူတည်ပြီး စိုက်ပျိုးဆောင်ရွက်ကြရမှာဖြစ်ပါတယ်၊ လယ်ခင်းယာခင်းတွေကို ဒီလို နည်းစနစ်ကျကျ အချိန်နဲ့အမျှ အသုံးချနိုင်တဲ့အခါ စိုက်ပျိုးရေးထုတ်ကုန်တွေ ပန်းတိုင်ရည်မှန်းချက်မီအောင်ထွက်ရှိပြီး စိုက်ပျိုးရေးကို လုပ်ကိုင်တဲ့ လယ်၊ ယာ၊ ကိုင်း၊ ကျွန်း ဆောင်ရွက်သူများလည်း စီးပွားရေးအဆင်ပြေလာမှာဖြစ်ပါတယ်၊ သီးနှံတွေအထွက်တိုးလာတဲ့အခါ သီးနှံကိုအခြေခံတဲ့ကုန်ကြမ်း၊ ကုန်ချောထုတ်စက်ရုံ၊ အလုပ်ရုံတွေလည်း ပိုမိုလည်ပတ်လာနိုင်မှာဖြစ်ပါတယ်။ ဒီလိုစက်ရုံ၊ အလုပ်ရုံတွေ အင်အားကောင်းကောင်းနဲ့ လည်ပတ်တဲ့အခါ အလုပ်အကိုင်အခွင့်အလမ်းနေရာတွေဟာလည်း ပေါ်များလာမှာဖြစ်ပါတယ်။ ဒီလိုပေါ်များလာတဲ့အခါ အလုပ်လက်မဲ့လူဦးရေဟာလည်း နည်းသထက်နည်းလာမှာဖြစ်ပါတယ်။ လူတိုင်းနီးပါးဝင်ငွေရှိလာတဲ့အခါ စားဝတ်နေရေးတွေလည်း ပိုမိုအဆင်ပြေလာကြပြီး လူနေမှုအဆင့်အတန်းတွေလည်း ပိုမိုမြင့်မားလာပါလိမ့်မယ်။ နိုင်ငံသားတစ်ဦးချင်းဆီမှာ ဝင်ငွေရှိမယ်၊ လူနေမှုအဆင့်အတန်းမြင့်မားလာမယ်ဆိုရင်နိုင်ငံတော်မှာဝင်ငွေရှိပြီး နိုင်ငံတော်ရဲ့အဆင့်အတန်း မြင့်မားလာတာနဲ့ အတူတူပါပဲ။ နိုင်ငံတစ်ခုဟာ ဒီလိုဝင်ငွေတိုးပြီး စီးပွားရေးအဆင်ပြေလာတာနဲ့အမျှ နိုင်ငံရေးနဲ့ ကာကွယ်ရေးအင်အားပါ တောင့်တင်းလာမှာဖြစ်ပါတယ်။ ဒီလိုတည်ငြိမ်အေးချမ်းသာယာဝပြောတဲ့ နိုင်ငံတစ်ခုစီကို အလည်အပတ်လာရောက်ချင်တဲ့ ခရီးသွားဧည့်သည်တွေများမှာဖြစ်တဲ့အတွက် မီးခိုးမထွက်တဲ့ စီးပွားရေး လုပ်ငန်းလို့ တင်စားခေါ်ဝေါ်ကြတဲ့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဟာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်ချင်တဲ့ ပြည်ပနိုင်ငံတွေကလည်း ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာကြပါလိမ့်မယ်။ ဒါတွေဟာ စိုက်ပျိုးရေးကိုအခြေခံပြီး ကောင်းကျိုးဖြစ်ထွန်းစေတဲ့အကြောင်းတရားများဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ သက်ဆိုင်သူအားလုံးက **"စိုက်ပျိုးစီးပွား ပြည့်ခွန်အား ဆောင်ရွက်ကြစို့လား"** လို့ တိုက်တွန်းနှိုးဆော် အသိပေး ရေးသားလိုက်ပါတယ်။ ။

ဝတ္ထုတိုကဏ္ဍ

# စုတ်ချက်ရယ်တဲ့ မပီလေတယ်

**ယဉ်အောင်ဟိန်း**



(၁)

နေဝင်းနီနီက သူ့တာဝန်ချိန်ပြီးဆုံးတော့မှာမို့ အနားယူဖို့ အနောက်မိုးကုတ်စက်ဝိုင်းပေါ် မေးတင်နေပြီ။ အပြာရောင်မိုးသား နောက်ခံကောင်းကင်ပေါ်မှာ ငှက်မျိုးစုံဖြူတွေက အိပ်တန်းဆီကို အုပ်စုဖွဲ့ ပျံသန်းနေတယ်။ သိုးအုပ်၊ ဆိတ်အုပ် နွားအုပ်တွေကလဲ စားကျက်ကနေ ရွာဆီကို တစ်လှမ်းချင်း တရွေ့ရွေ့ ပြန်နေကြတယ်။ ဒီလို ညနေဆည်းဆာအချိန်ဟာ အညာကျေးလက်တောရွာသူတွေ ရေခပ်ဆင်းတဲ့ လွှမ်းမောဖွယ်ရာ အချိန်ပါ။

"သူငယ်ချင်းတွေ ဦးကြီးရေချမ်း အလှူက မန္တလေး ဇာတ်ပွဲငှားလာပြီတဲ့တော့"

"ဟုတ်ပ့ါအေ ပျော်စရာကြီး ပျော်လိုက်တာ"

"ငါကိုတော့ အဲဒီအလှူတက်ဖို့ အမေက ထမီနဲ့ အင်္ကျီ တစ်စုံ ချုပ်ပေးမယ်ပြောတယ်။ ညည်းတို့ကော မချုပ်ကြဘူးလား"

"ငါတို့တော့ မချုပ်နိုင်ပါဘူးဟယ်။ အမေက ရွာဦးကျောင်းဘုရားပွဲဝတ်တဲ့ ဝတ်စုံပဲ ပြန်ဝတ်ရမယ်တဲ့"

ရေအိုးကိုယ်စီရွက်ကာ စကားတပြောပြောနဲ့ ရေခပ်ပြန်လာနေကြတဲ့ မြလေးဖြူတို့ ရွှေကန်ရွာသူတစ်စု ရေခပ်လမ်းတမာပင်တန်းကိုအရောက် တမာပင်တစ်ပင်အကွယ်က ဘွားခနဲ ပြေးထွက်လာတဲ့ သာခင်က မြလေးဖြူ ခေါင်းပေါ်ကရေအိုးကို "ဝုန်း" ခနဲတွန်းချလိုက်ပြီး မြလေးဖြူလက်ကို အတင်းဆွဲကာ ခေါ်တော့တယ်။ လက်တစ်ဖက်ကလဲ ငှက်ကြီးတောင်ဓားကြီးကိုင်ထားတယ်။

"ကိုသာခင်လွှတ်...လွှတ်... ကျုပ်ကိုလွှတ်...အခုလွှတ်" မြလေးဖြူက ရုန်းကန် အော်ဟစ်နေတယ်။

"လာကြပါအုံးတော်... ကယ်ကြပါအုံး သာခင်မြလေးဖြူကို အတင်းဆွဲနေလို့"

မြလေးဖြူ သူငယ်ချင်းတွေက ထိတ်ထိတ်လန့်လန့်နဲ့ အော်ဟစ်အကူအညီတောင်းနေကြတယ်။ သာခင်က ရုန်းကန်နေတဲ့ မြလေးဖြူရဲ့ သေးသေးသွယ်သွယ် ကိုယ်လုံးလေးကို ခွေ့ခနဲ ပခုံးပေါ် ထမ်းပြေးတယ်။ နဘူးခြံတန်းတစ်ခု အကွယ်ရောက်တော့ မြလေးဖြူကို အောက်ချလိုက်တယ်။

"မရုန်းပါနဲ့တော့ မြလေးရယ် အစ်ကိုဒီလိုမှ မလုပ်ရင် အစ်ကိုတို့ နှစ်ယောက်အတူနေရမှာ မဟုတ်လို့ ကြံရတာပါ အစ်ကိုတို့ ဒီရွာနဲ့ဝေးရာ ပြေးကြပါစို့နော်"

မြလေးဖြူရင်ထဲမှာ သာခင်ကိုသနားတဲ့စိတ်၊ မိဘဆွေမျိုးသားချင်းကြောက်စိတ်တွေနဲ့ ဗလောင်ဆူနေတယ်။ မိဘနဲ့ ချစ်သူ ဘယ်သူ့ကို အလေးပေးရမလဲ ဝေခွဲရခက်နေတယ်"

"ကိုသာခင်ရယ် ကျုပ်အဖေတို့ကို ကြောက်တယ်တော် မိရင်တော့ နှစ်ယောက်စလုံး အသေသတ်လိမ့်မယ်"

"သတ်ပါစေမြလေးရယ်။ မြလေးနဲ့အတူ သေရမယ်ဆိုရင် မကြောက်ပါဘူး အစ်ကို ဆယ်ခါပြန်သေရဲပါတယ်"

သာခင်က မြလေးဖြူလက်ကလေးကို ဆွဲကာ ရှေ့ကပြေးနေတယ်။ မြလေးဖြူလဲ မရုန်းတော့ဘဲ ချစ်သူခေါ်ရာ နောက်ကို အသာတကြည် အလိုက်သင့် လိုက်နေမိတော့တယ်။

(၂)

သာခင်နဲ့မြလေးဖြူ ဘဝက ကောင်းကင်ပြာနဲ့ မြေကမ္ဘာလို ပေါင်းစပ်လို့မရနိုင်တဲ့ ဘဝနှစ်ခုပါ။ ဂုဏ်တံတိုင်း၊ ငွေတံတိုင်းတွေ အထပ်ထပ်ကာထားတဲ့ အလွှာခြင်းကွာခြားတဲ့ဘဝတွေပါ။ သာခင်က ဆွေမရှိ မျိုးမရှိ ရွှေ ငွေ၊ မြေဆိုတာ ဗလာနတ္ထိ၊ တစ်ဦးတည်းသော မုဆိုးမသားဖြစ်တယ်။ နေ့စဉ်နေ့တိုင်း စက်ရုပ် တစ်ရုပ်လို ကြံရာကျပန်း အလုပ်တွေကို အဆက်မပြတ်လုပ်နိုင်မှ သားအမိနှစ်ယောက် ထမင်းနပ်မှန်အောင်စားရတဲ့ဘဝ တစ်ခါတစ်ခါတော့လဲ မြလေးဖြူကို ချစ်ရတာ အနူလက်နဲ့ ရွှေခွက်နိုက်သလို ဖြစ်နေသလားလို့ သာခင်တွေးမိတယ်။ မြလေးဖြူ မိဘက ရွာရဲ့မျက်နှာဖုံး၊ ရွာရဲ့ထိပ်ခေါင် ချမ်းသာကြွယ်ဝမှုက ရွှေ ငွေ အသာထား မြေယာတွေက ကြိုက်တဲ့အရပ် လက်ညှိုးထိုးလိုက် လက်ညှိုးထိုး မလွဲဘူး။ ဆွေဂုဏ်၊ မျိုးဂုဏ်က တစ်နယ်လုံး ကျော်ဇောနေတယ်။အဲဒီတော့ သာခင်နဲ့ မြလေးဖြူကို ဘယ်နည်းနဲ့မှ သဘောတူမှာ မဟုတ်ဘူး။ ဒါပေမဲ့ သူတို့နှစ်ဦးသားကလဲ အောက်ချင်းငှက်ဖိုငှက်မလို သေတူရှင်မကွာ မခွဲအတူအသည်းအသက်ပေးပြီး ချစ်နေကြတဲ့ ချစ်သူတွေ ဖြစ်နေကြပြီ။ သာခင်နဲ့ မြလေးဖြူ ချစ်ကြိုက်နေတာ ရိပ်မိတဲ့ အမျိုးတွေက သာခင်ဆိုရင် မျက်စောင်းတခဲခဲ၊ သာခင်တွေးရင်း ကြက်သီးထသွားမိတယ်။

(၃)

"ဒေါင်...ဒေါင်...ဒေါင်"

သာခင်နှင့် မြလေးဖြူတို့ ရွာနဲ့ခပ်လှမ်းလှမ်း ရွှေဂူဘုရားကုန်းပေါ်အရောက် ရွာဆီက သံချောင်းခေါက်သံ၊ အော်သံတွေကြားလာရတယ်။ သာခင်တို့ရွာက ရွာလယ်ကင်းတဲ မန်ကျည်းပင်ကြီးမှာ သံချောင်းကြီးတစ်ခု ချိတ်ဆွဲထားတယ်။ ဘေးအန္တရာယ် တစ်ခုခုကျရောက်ရင် တစ်ရွာလုံးအမြန်ဆုံး သိနိုင်အောင် သံချောင်းခေါက်အချက်ပေးတယ်။ သံချောင်းခေါက်သံကြားရင် အရွယ်ရောက်သူ ယောက်ျားမှန်သမျှ နီးရာ တုတ်၊ ဓား၊ လှံဆွဲကိုင်ပြီး ကင်းတဲဆီ ပြေးရတယ်။ ပြီးမှ သံချောင်းခေါက်သူ ညွှန်ရာဆီ သွားရတယ်။ အခုလဲ ပြေးလာသူတွေ အနားရောက်တော့ သံချောင်းခေါက်နေသူက မြလေးဖြူရဲ့အမေ ဒေါ်ထွေးမေ-

"အရီးမေ ဘာဖြစ်တာလဲ"

"ကြီးဒေါ်ထွေး ဘာဖြစ်တာလဲ"

"ကယ်ကြပါအုံးကွယ်။ ငါ့သမီးလေးကို ကယ်ကြပါအုံး။ ရေခပ်လမ်းမှာ သာခင်တို့အုပ်စုက အတင်းဆွဲခေါ်သွားလို့ပါကွဲ့"

ပြောလဲပြော၊ ငိုလဲငို၊ လက်ကလဲ သံချောင်းအဆက်မပြတ် ခေါက်နေတယ်။ ပြေးလာကြသူတွေဆီက "ဩော်" ဆိုတဲ့ အသံပြိုင်တူထွက်ကာ "လိုက်ဟေ့ လိုက်ဟေ့" ဟု အော်ဟစ်ကာ ရေခပ်လမ်းဆီ ပြေးကြတယ်။ ဒါ ရွှေကန်ရွာရဲ့ ညီညွတ်တဲ့ ထုံးစံပါပဲ။ နေမင်းနီနီကြီးက ငုံ့လျှိုးပျောက်ကွယ်သွားပြီ။ မကြာမီ အမှောင်လွှမ်းမိုးတော့မယ်။ သာခင် ကြိုတွက်ထားတဲ့ အချိန်နဲ့ အံကိုက်ပါပဲ။

"ကိုသာခင် ကျုပ်ကြောက်တယ်။ ဒူးတွေ တအားတုန်နေပြီ မပြေးနိုင်တော့ဘူးတော်"

"ဟိုမှာ မန်ကျည်းကုန်းရွာ ရောက်တော့မှာပါ မြလေးဖြူရယ်။ အားတင်းထားစမ်းပါ။ ကိုသာခင် ထမ်းခေါ်ပါ့မယ်။ ရော့ ကြယ်နီ ဓားယူခဲ့ကွာ"

ကြယ်နီကို ဓားပေးပြီး မြလေးဖြူကို ထမ်းပြေးတယ်။ လမ်းဘေးဝဲယာတစ်လျှောက် ဝါခင်း၊ ပြောင်းခင်းကြီးတွေက လေငြိမ့်လိုက်တိုင်း လှုပ်ရှားနေတယ်။ သာခင်တို့ မန်ကျည်းကုန်းရွာထဲဝင်တော့ သူမှန်း၊ ငါမှန်း မကွဲအောင် မှောင်နေပြီ။ သာခင်က သူ့ဦးကြီး ဝမ်းကွဲ ဦးညီပုအိမ်ကို ဝင်တယ်။ ဦးညီပုကို တလင်းဝိုင်းထဲမှာ အခန့်သင့်တွေ့ရတယ်။

"ဦးကြီး ကျုပ်မိန်းမ ခိုးလာတာ နေရာစီစဉ်ပေးပါအုံး"

သာခင်က အသံကို နှိမ့်ပြီး ခပ်အုပ်အုပ်ပြောတယ်။

"အေးအေး အိမ်ထဲခေါ်သွား၊ မင်းကြီးဒေါ်စီစဉ်ပေးလိမ့်မယ်။ဂွက်ထော်ရေ သာခင်တို့လာတယ်ဟေ့"

ဦးညီပုက မြေပဲဆွတ်ကြမ့်ရွာသူအမျိုးသမီးအုပ်စုကို အောက်လင်းဓာတ်မီးကြိုးထွန်းပေးဖို့ ပြင်ဆင်ရင်းသူ့ဇနီးကို လှမ်းအော်ပြောတယ်။ ဒေါ်ဂွက်ထော်က သာခင်တို့ကို အိမ်ထဲခေါ်သွားပြီး နေရာချထားပေးလိုက်တယ်။ သာခင်တို့ကိုမြင်တော့ မြေပဲဆွတ်မဲ့ အမျိုးသမီးတွေ တစ်ယောက်တစ်ပေါက် စကားဝိုင်းဖွဲ့ကြတော့တယ်။

"သူတို့မြင်တော့ သာတုတ်ငါ့ကို ခိုးပြေးတုန်းက အကြောင်းတွေ သတိရမိတယ်။ သာတုတ် ငါ့ကို ဆွဲခေါ်တုန်းကလဲ သူတို့လိုပဲဟဲ့။ သူက လှည်းမပါ မြင်းမပါနဲ့ ပြေးရတာ ခြေထောက်တွေ နာလိုက်တာအေ၊ နောက်ကလိုက်တဲ့သူတွေက မိတော့မလိုဖြစ်တော့ သူ့အဖော်ထွန်းအောင်နဲ့အောင်ဘုက အရောင်ပြပြီးတစ်ဖက်ကို ပြေးတယ်။လိုက်တဲ့သူတွေက သူတို့ပြေးတဲ့ဘက်ကိုလိုက်လို့ ငါတို့သီသီလေးပဲလွတ်တယ်"

ဒေါ်သောင်းက သူတို့အဖြစ်ကို ဟန်နဲ့ပန်နဲ့ ပြောပြတယ်။

"ငါတို့တုန်းကတော့ ခွေးညိုနဲ့ ငါ တိုင်ပင်ပြီးသားဟဲ့။ ဒါပေမဲ့ လူတွေကြားထဲ ခွေးညို ငါ့ကို ဝင်ဆွဲတော့ ရှက်ရှက်နဲ့ ဖွတ်ရုန်းတာ ထမီတွေလဲ ကျွတ်၊အင်္ကျီတွေလဲ စုတ်ပြဲကုန်တယ်။ အဲဒီအချိန် သူ့လူ ကိုသာဝက လှည်းမောင်းဝင်လာတယ်။ ခွေးညိုက ငါ့ကို မနိုင်မနင်းပွေ့ပြီး လှည်းပေါ်ပစ်တင်လိုက်တယ်။ ငါလှည်းပေါ်လဲ ရောက်ရော ကိုသာဝကြီးက လှည်းကို ဒုန်းမောင်းလိုက်တာ ဂျစ်ကားတောင် အရှုံးပေးရလောက်တယ်အေ။ လှည်းက လှည်းအိမ်မပါဘူး လှည်းဘီးငုံးတိုဆိုတော့ ခွေးညိုက ငါလိမ့်မကျအောင် ဖက်ထားလိုက်တာကလဲ အသက်တောင် မရှူနိုင်ဘူး။ ဟီးဟီး"

မကြင်လှက သူ့အပျိုဘဝတုန်းက အဖြစ်အပျက်ကို ရှက်သွေးနှောပြီးပြောတော့ အားလုံးတသောသော ရယ်ကြတယ်။

အဲဒီအချိန်က အညာကျေးလက်တောရွာတွေမှာ တစ်ဦးနဲ့တစ်ဦး ဘယ်လောက်ချစ်ချစ် မိဘက ဘယ်လောက်သဘောတူတူ စေ့စပ်ကြောင်းလမ်းတောင်းရမ်းမယူဘဲ ရေခပ်လမ်းနဲ့ လုပ်ငန်းဆောင်တာတွေ သွားတဲ့နေရာမှာ ဆွဲရမ်းခေါ်ပြီး အသည်းတထိတ်ထိတ် ရင်တဖိုဖို ခွန်အားစားပြေးရတာကို သတ္တိရှိတဲ့လူ၊ အစွမ်းအစရှိတဲ့လူ ဆိုတဲ့ဂုဏ်လို့ ထင်ကြတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၇၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၇၄၇ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင်ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်းဧက ၂၅၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၇၄၇ ဧကစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်းဧက ၂၅၀၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၄၇၄၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် နှမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့် နည်းစနစ်မှန်ကန်စေရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် နှမ်းသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း ဆီစားသုံးမှုဖူလုံစေပြီး ထုတ်လုပ်မှုနှင့် ဈေးကွက် လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအား မျှတလာကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် နှမ်းအထွက်တိုးစေရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# တပ်ကုန်းမြို့နယ် ရွှေဥဒေါင်းစံပြကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တပ်ကုန်းမြို့နယ် ရွှေဥဒေါင်းစံပြကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်း စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက် ပြီးစီးမှုများကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရွှေဥဒေါင်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ် လမ်းခင်းခြင်း



လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ရွှေဥဒေါင်းစံပြကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၁၂၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၃ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အင်ဂျင်နီယာများက အောက်တိုဘာလ စတုတ္ထအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၉၈ အိမ်၊ လူဦးရေ ၇၃၄ ဦးတို့ကို အကျိုးပြုပေးနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

**သူသူ**

# ရှာငံမြို့နယ် ပိန္နဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရှာငံ ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်( တောင်ပိုင်း)ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိန္နဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၈ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှာငံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ပိန္နဲကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၃ ဒသမ ၄၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပိန္နဲကုန်းကျေးရွာရှိ စိုက်ပျိုးလုပ်ငန်းရေး၊ မွေးမြူရေး လုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ၁၃၉ဦးကို အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၃ ဒသမ ၄၅သန်း ထုတ်ချေးပေးခဲ့ကြောင်း ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**

## နှစ်တစ်ရာပြည့် ကန်တော်ကြီးပန်းဥယျာဉ်

\- နှစ်တစ်ရာ ပြည့်ပြီကော
လှပသော သည်ဥယျာဉ်၊
နှင်းမှုန်တွေ ဖြန့်ကာကျဲ
အေးဆဲပေ့ါခင်၊
ထင်းရှူးရနံ့ ထုံဝေလွင်
လေပြေတွင် ဝေ့ဝေ့ဝဲ၊
ပန်းမျိုးစုံ ရောင်စုံတင့်
ပွင့်ကြသည်ပဲ။

\- ကန်တော်ကြီး ရေပြင်က
စိမ်းမြမြ လှရိပ်ဆင်၊
လှိုင်းနုတွေ လေအငွေ့
ရွှေ့ရွှေ့ငယ်ထင်၊
ငန်းနက်တို့ တူစုံယှဉ်
ရေပြင်မှာ ကူးခတ်နွဲ၊
ရွက်မေဘယ် လှိုင်းယဉ်စီးလို့
ခရီးနှင်ဆဲ။

\- မြက်ခင်းပြင် စိမ်းရောင်ဝင့်
ဆင့်ခဲ့ပေ့ါ အလှနယ်၊
ကြည့်လေရာ စိမ်းရောင်လွှမ်း
မြပန်းချီခြယ်၊
မြကမ္ဗလာရဲ့ လွင်ပြင်ကျယ်
ဆေးရောင်ရယ် စုံလင်ကဲ၊
မြင်မြင်ရာ ရှုမဝတယ်
လှရောင်စုံထဲ။

\- သစ်ပင်တွေ စုံလင်လှ
ရုက္ခဗေဒ သည်ဥယျာဉ်၊
ရှေးက ခေါ်မည်နာမ
လှပသည်ပင်၊
လေသွေးလို့ ကရိပ်ဆင်
ယဉ်ပါပေ့ သည်ကကြိုး၊
မြရိပ်ပင် လေယူတိမ်း
ယိမ်းကသလိုမျိုး။

\- ပြင်ဦးလွင် ကန်တော်ကြီး
ခွဲခြားပြီး မမြင်ချင်၊
နှစ်ကိုယ်မှာ တစ်စိတ်ထဲ
ယှဉ်တွဲလို့မြင်၊
ပြင်ဦးလွင်က အစ်ကိုပင်
ကန်တော်ကြီးလျှင် ညီငယ်ထွေး၊
သံယောဇဉ် သည်နှောင်ကြိုး
တိုးလို့ချည်သေး။

\- နှစ်တစ်ရာ သည်မြင်ကွင်း
ဝင်းပလို့ ထိန်ဝေစည်၊
ဥယျာဉ်သာ လှယမင်း
ကျော့ရှင်းလှသည်၊
လာခဲ့ပ့ါ ပျိုမဒီ
ကြိုနေမည် ဝမ်းသာလို့၊
ဒီဇင်ဘာ သည်ကာလပေမို့
ကြည်ရွှင်စရာ အတည်သာပြုရင်
ပီအပြင်ပါ မေမြို့ပန်းတွေက
စည်ပင်ကာ မသွေမချို့လန်းပါလို့
မှန်းကာကြိုသမို့။ ။

**ပြေအေးသက်**

# ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည့် မြန်မာ့လွတ်လပ်ရေး

ဇင်မင်းစိုး(ဗိုလ်ကလေး)

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်သည် မြန်မာနိုင်ငံ၏ ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်။ တစ်မျိုးသားလုံး၏ အောင်ပွဲဖြစ်သည့် လွတ်လပ်ရေးနေ့တွင် မြန်မာနိုင်ငံ၏ နေရာဒေသအသီးသီး၌ လွတ်လပ်ရေးနေ့ အခမ်းအနားများ ပြုလုပ်ကျင်းပခြင်း၊ ပညာပေးဟောပြောခြင်း၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း၊ ရုံးဌာနများတွင် နိုင်ငံတော်အလံကို ဂုဏ်ယူဝင့်ကြွားစွာ လွှင့်ထူခြင်းများ ပြုလုပ်ကြပြီး လွတ်လပ်ရေးနေ့အောင်ပွဲကို ဂုဏ်ပြုကြိုဆိုကြပါသည်။

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကပင် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများဖြင့် လွတ်လွတ်လပ်လပ်နေထိုင်ခဲ့ကြသည်။ ရှေးဘုရင်မင်းအဆက်ဆက် စိုးမိုးအုပ်ချုပ်ခဲ့သော နှစ်ပေါင်းများစွာအတွင်း လောကခံ အကောင်းအဆိုးအတိုင်း ရှင်သန်နေထိုင်လာခဲ့သည်။ တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်သော နိုင်ငံဖြစ်ပြီး နှစ်ပေါင်းများစွာ လွတ်လပ်စွာနေထိုင်ခဲ့ကြခြင်းဖြစ်သည်။

နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်တွင် ပထမကျူးကျော်စစ်ကိုလည်းကောင်း၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယကျူးကျော်စစ်ကိုလည်းကောင်း၊ ၁၈၈၅ ခုနှစ်တွင် တတိယကျူးကျော်စစ်ကိုလည်းကောင်း ကျူးကျော်စစ် သုံးကြိမ်ပြုကာ မြန်မာတစ်နိုင်ငံလုံးကို ကျူးကျော်သိမ်းပိုက်ခဲ့သည်။ ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါမင်းလက်ထက်တွင် မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးခဲ့ရပြီး ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် မြန်မာနိုင်ငံ၏ အရှင်သခင် သီပေါမင်းနှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့ကိုနန်းချ၍ အင်္ဂလိပ်စစ်တပ်က စောင့်ကြပ်ကာ ဂေါဝိန်ဆိပ်ကမ်းမှတစ်ဆင့် အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ပို့ဆောင်ခဲ့ချိန်မှစ၍ မြန်မာ့လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်း သွတ်သွင်းလိုက်ပြီဖြစ်ကြောင်း အိန္ဒိယဘုရင်ခံချုပ် လော့ဒပ်ဖရင့်က ကြေညာခဲ့လေသည်။

အသည်းနာစရာ၊ ခံပြင်းစရာ၊ နာကြည်းစရာ အကောင်းဆုံး ကြေညာချက်ပင်တည်း။ မြန်မာ့လွတ်လပ်ရေးဆုံးရှုံးပြီး တစ်ပြည်လုံး သူ့ကျွန်ဘဝ ရောက်ရှိချိန်တွင် ဘယ်သောအခါမှ မတရားကျူးကျော်မှုကို ခေါင်းငုံ့မခံသော မြန်မာတိုင်းရင်းသားတို့သည် ခုခံကာကွယ် တိုက်ခိုက်ခဲ့ကြသည်။ သို့သော် လူအင်အား၊ လက်နက်အင်အား မမျှတမှုကြောင့် တော်လှန်ရေးအစပိုင်းတွင် အကျအဆုံး အထိအခိုက်များခဲ့သည်။ သို့သော် အင်္ဂလိပ်တို့သည် မြန်မာလူမျိုးတို့၏ အမျိုးကိုချစ်သော ဇာတိသွေး၊ ဇာတိမာန်၊ ဖွဲလုံ့လဝီရိယနှင့် သတ္တိတို့ကို နှိမ်နင်းချေဖျက်နိုင်ခဲ့ခြင်းမရှိပေ။

ရတနာပုံနေပြည်တော်ကျဆုံးချိန်မှစ၍ နေရာဒေသအသီးသီး၌ နယ်ချဲ့တော်လှန်ရေးများ ဆင်နွှဲခဲ့ကြရာ ကချင်တောင်တန်းဒေသတွင် ဆမားဒူးဝါး၊ ဖုန်ကန်ဒူးဝါး၊ ကယားတောင်တန်းဒေသတွင် စောလဖော်၊ ကချင်ပြည်နယ်တွင် ရွှေချိုးဖြူမင်းသား၊ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ လင်းပင်မင်းသားနှင့် မြင်စိုင်းမင်းသား၊ ပုဂံနယ်တွင် ဗိုလ်ချို၊ ဝဲလောင်နယ်တွင် ဗိုလ်ရာညွန့်၊ ပုပ္ပားနယ်တွင် ဗိုလ်နက်ကျော်နှင့် ဧရာဝတီတိုင်းတွင် ဗိုလ်မြတ်ထွန်းတို့ကအင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် လူပုဂ္ဂိုလ်များသာမက ရဟန်းသံဃာများဖြစ်သော ဆရာတော် ဦးဥတ္တမနှင့် ဦးဝိစာရတို့သည်လည်း နယ်ချဲ့တို့ကို ဆန္ဒပြတော်လှန်ခဲ့ကြသည်။

၂၀ ရာစု နှစ်ဦးပိုင်းကာလ ၁၉၂၀ ပြည့်နှစ်တွင် တက္ကသိုလ်အက်ဥပဒေ ပြဋ္ဌာန်းခြင်းကို အကြောင်းပြု၍ ပထမကျောင်းသားသပိတ်ကြီး ပေါ်ပေါက်ခဲ့လေသည်။ အမျိုးသားကျောင်းများ၊ အမျိုးသားစာပေများ ထွန်းကားရေး ကြိုးစားဆောင်ရွက်ခဲ့ပြီး သွေးတို့မြေခကြွေကျခဲ့ရသည်။ ထိုမှတစ်ဆင့် ၁၉၃၀ ပြည့်နှစ်တွင် ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားအရေးတော်ပုံကြီး ဆက်လက်ပေါ်ပေါက်ခဲ့ရာ အင်္ဂလိပ်တို့အတွက် များစွာအခက်တွေ့ခဲ့ပြီး အိန္ဒိယမှစစ်ကူခေါ်ကာ ချေမှုန်းရသည်ထိ ရှိခဲ့လေသည်။ တောင်သူလယ်သမားအရေးတော်ပုံမှတစ်ဆင့် တောင်သူလယ်သမားများသာမက မြန်မာတစ်မျိုးသားလုံး ဇာတိသွေး၊ ဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ်တို့ ရှင်သန်နိုးကြား ထက်သန်လာခဲ့ပြီး လွတ်လပ်ရေးရသည်ထိ ဆက်လက်တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

> ❖ ဤသို့ဖြင့် မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေး ပေးရမည်ဆိုသည့် အချက်ဖြင့် နှစ်ပေါင်း ၁၀၀ ကျော်မျှ မိမိတို့လက်ထဲမှ လုယူသွားခဲ့သော မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပြန်လည်ရရှိခဲ့လေသည်။ မြန်မာတစ်မျိုးသားလုံး အသက်၊ သွေးချွေးများ ရင်းနှီးစတေးကာ ပြန်လည်တိုက်ခိုက်ရယူခဲ့သော လွတ်လပ်ရေးသည် နှိုင်းယှဉ်ဖော်ပြရန် မစွမ်းနိုင်သော တန်ဖိုးတို့ဖြင့် ပြည့်စုံကြီးမားခဲ့ပြီး လွတ်လပ်ရေးကို မဆုံးရှုံးအောင် ကျွန်ုပ်တို့အနေဖြင့် အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။ ❖

ထို့နောက် ၁၃၀၀ ပြည့်နှစ်တွင် သခင်ဖိုးလှကြီး ခေါင်းဆောင်သော ရေနံမြေအလုပ်သမားသပိတ် ပေါ်ပေါက်လာခဲ့ရာ အင်္ဂလိပ်နယ်ချဲ့တို့ကို များစွာ တုန်လှုပ်ချောက်ချားစေပြီး အမျိုးသားရေး လှုပ်ရှားမှုများနှင့် အမျိုးသားရေးစိတ်ဓာတ်များ တိုးပွားလာခဲ့သည်။

ထိုအချိန်မှစ၍ "လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ"ဟူသော ကြွေးကြော်သံများဖြင့် ပြည်သူတို့ကို လွတ်လပ်ရေးအမြင်များ ထည့်သွင်းလှုပ်နှိုးသတိပေးခဲ့လေသည်။ ထို့နောက် ဝံသာနုရက္ခိတ တရားများနှင့် အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်ရန် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ အသင်းကြီးများ တည်ထောင်လှုပ်ရှားခဲ့သည်။ ထိုအတောအတွင်း သခင်ဘသောင်းဦးဆောင်သော နာမည်ကျော် တို့ဗမာအစည်းအရုံးကြီး ပေါ်ပေါက်ခဲ့ပြီး မြန်မာတို့သည် သခင်များဖြစ်ကြသည်ဟု မှတ်ယူ၍သခင်အမည်များခံယူကာ မြန်မာ့လွတ်လပ်ရေးအတွက် ရှေ့တန်းမှ ပါဝင်ခဲ့ကြလေသည်။ မြန်မာအမျိုးသမီး အာဇာနည်များ၏ ကုမ္မာရီအသင်းကြီးလည်း ပေါ်ပေါက်ခဲ့လေသည်။ တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံဖြစ်သော "ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ တို့ပြည်ကိုချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကိုလေးစားပါ"ဟူသော ကြွေးကြော်သံများသည်လည်း နေရာဒေသအသီးသီးတွင် ကျယ်လောင်လာခဲ့ပြီး လူငယ်တို့၏ မျိုးချစ်စိတ်ဓာတ်ကို တိုးမြှင့်ပေးနိုင်ခဲ့သည်။

ထိုသို့ သခင်ခေါင်းဆောင်များ၏ ကြိုးပမ်းမှုဖြင့် သခင်အောင်ဆန်းဦးဆောင်သော ရဲဘော်သုံးကျိပ် အဖွဲ့ဝင်များသည် ဂျပန်တို့၏ အကူအညီဖြင့် ဂျပန်ပြည်တွင် စစ်ပညာသင်ယူ၍ မြန်မာ့လွတ်လပ်ရေးကို အရယူရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် သွေးသစ္စာရည်သောက်ကာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ၁၉၄၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြသည်။

၁၉၃၉ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားခဲ့ရာ အင်္ဂလိပ်တို့သည် ကမ္ဘာ့နေရာ ဒေသအသီးသီးမှ စစ်မျက်နှာဖွင့် တိုက်ခိုက်နေရချိန်ဖြစ်၍ များစွာ အင်အားယိုင်နဲ့လျက်ရှိသော အခြေအနေတွင် "အင်္ဂလိပ်အခက် မြန်မာအချက်" အဖြစ် မှတ်ယူကာ စစ်ပညာသင်ယူပြီး ပြန်လည်ရောက်ရှိနေသော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တို့၏ အကူအညီဖြင့် အင်္ဂလိပ်တို့ကို တိုက်ခိုက်ခဲ့ပြီး မြန်မာ့မြေပေါ်မှ မောင်းထုတ်နိုင်ခဲ့သည်။

သို့သော် မဟာမိတ်ပြုထားသော ဂျပန်တို့သည် ကတိမတည်ရုံသာမက မြန်မာလူမျိုးတို့အပေါ် ဖက်ဆစ်စနစ်ဖြင့် မတရားဖိနှိပ်ချုပ်ချယ် နိုင်ထက်စီးနင်းပြုလုပ်လာသဖြင့် ၁၉၄၅ ခုနှစ် မတ် ၁ ရက်တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖတပလ)ဖွဲ့စည်းကာ တော်လှန်ရေး တစ်ရပ်ဆင်နွှဲပြီး ဂျပန်တို့ကို တိုက်ထုတ်ရပြန်လေသည်။

ဂျပန်တို့ထွက်ခွာ၍ အင်္ဂလိပ်တို့ တစ်ဖန်ပြန်လည်ဝင်လာချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များသည် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ)ကို အခြေခံကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အလုပ်သမား၊ လယ်သမားတို့ ပါဝင်ကူညီမှုဖြင့် တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် အင်္ဂလိပ်တို့ကို တောင်းဆိုခဲ့လေသည်။

ထိုအချိန်မှစ၍ အင်္ဂလိပ်အစိုးရသည် မနေသာတော့ဘဲ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များကို အင်္ဂလန်နိုင်ငံသို့ ဖိတ်ခေါ်၍ ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် လန်ဒန်မြို့ အမှတ် (၁၀) ဒေါင်းနင်းလမ်းတွင် မြန်မာ့လွတ်လပ်ရေးရရှိရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှနန်းရင်းဝန် မစ္စတာ အက်တလီတို့သည် အောင်ဆန်း-အက်တလီစာချုပ်ကို သမိုင်းဝင် လက်မှတ်ရေးထိုး ချုပ်ဆိုကြလေသည်။

ထို့နောက် မြန်မာတစ်ပြည်လုံး တစ်စုတစ်စည်းတည်း လွတ်လပ်ရေးအရယူရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ရှမ်းပြည်နယ် ပင်လုံမြို့သို့ သွားရောက်ကာ ရှမ်းခေါင်းဆောင်များ၊ စော်ဘွားများ၊ ဒူးဝါးများ၊ ကချင်နှင့် ချင်းခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ပြည်နယ်နှင့်ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးကို တစည်းတလုံးတည်း ရယူရန် သဘောတူဆုံးဖြတ်ကြ၍ ဖေဖော်ဝါရီ ၁၂ ရက်တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။

ထိုသို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေချိန်မှာပင် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များသည် နယ်ချဲ့လက်ပါးစေ မသမာသူတို့၏ လက်ချက်ဖြင့် ဝန်ကြီးများရုံးတွင် ကျဆုံးခဲ့ရလေသည်။ ဝမ်းနည်းဖွယ် အလွန်ကောင်းသည့် ဖြစ်ရပ်ပင်ဖြစ်လေသည်။ သို့သော် လွတ်လပ်ရေးရရှိရန်အတွက် ဝန်ကြီးချုပ်ဦးနုနှင့် အင်္ဂလိပ်နန်းရင်း ဝန်မစ္စတာအက်တလီတို့ ထပ်မံတွေ့ဆုံကြကာ ညှိနှိုင်းဆွေးနွေး၍ နု-အက်တလီစာချုပ်ကို ထပ်မံချုပ်ဆိုခဲ့ကြသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရမည်ဆိုသည့် အချက်ဖြင့် နှစ်ပေါင်း ၁၀၀ ကျော်မျှ မိမိတို့လက်ထဲမှ လုယူသွားခဲ့သော မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပြန်လည်ရရှိခဲ့လေသည်။ မြန်မာတစ်မျိုးသားလုံး အသက်၊ သွေးချွေးများ ရင်းနှီးစတေးကာ ပြန်လည် တိုက်ခိုက်ရယူခဲ့သော လွတ်လပ်ရေးသည် နှိုင်းယှဉ်ဖော်ပြရန် မစွမ်းနိုင်သော တန်ဖိုးတို့ဖြင့် ပြည့်စုံကြီးမားခဲ့ပြီး လွတ်လပ်ရေးကို မဆုံးရှုံးအောင် ကျွန်ုပ်တို့အနေဖြင့် အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

လွတ်လပ်ရေးသည် ဆုံးရှုံးရန် လွယ်ကူသလောက် ပြန်လည်ရရှိရန် မည်မျှခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ကြရသည်ကို သမိုင်းသင်ခန်းစာ အတွေ့အကြုံများမှတစ်ဆင့် ပြည်သူအားလုံး သိရှိခဲ့ရပြီဖြစ်လေသည်။ လွတ်လပ်ရေးမဆုံးရှုံးရန် အဓိက အသက်သွေးကြောဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နောင်မျိုးဆက်သစ်လူငယ်လူရွယ်တို့အနေဖြင့် လွတ်လပ်ရေး၏တန်ဖိုးနှင့် အနှစ်သာရတို့ကို သိရှိနားလည်ပြီး တန်ဖိုးထားထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရန်တာဝန်မှာ ပခုံးပြောင်းကျရောက်လာပြီ ဖြစ်လေသည်။ အတိတ်သမိုင်းကိုသိမှ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ထုဆစ်ကြရမည် ဖြစ်ရာ အမှားကင်းစွာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ ကြိုးစားအကောင်အထည်ဖော် လျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းရင်း ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်မည့် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**
- **အယ်ဒီတာ့အာဘော်များ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၂၇၈ ဧက စိုက်ပျိုးပြီးစီး



**ဟုမ္မလင်း ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၂၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၀၂၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၂၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟုမ္မလင်းမြို့နယ်အတွင်း မြေပဲ ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် ပိုမို တိုးတက်လာပါတယ်" ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ မြေပဲတစ်ဧကကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျပြီး တစ်ဧကစိုက်ပျိုးပါက တင်းရေ ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

မြေပဲသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင် စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ကဝမြို့နယ် လက်ပံကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ကဝ ဒီဇင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများက လက်ပံကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ တစ်ဖက်လျှင် လမ်းအရှည် ပေ ၉၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ယခုနှစ် ဇွန်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ကျေးရွာရှိပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်ထံမှ သိရသည်။

အေးမြတ်

# နိုင်ငံ့စီးပွားရေးတိုးတက်လာရန် ရုန်းကန်နေရသောတာလီဘန်အဖွဲ့ အပိုင်း(၂)

တိုင်းပြည်အတွင်း အာဖဂန်ငွေကြေး (afghani–AFN) ငွေစက္ကူရရှိနိုင်မှုကန့်သတ်ချက်ရှိနေခြင်း၊ ပြည်ပရောက်အာဖဂန်များထံမှလွှဲပြောင်းငွေများ၊ ဘဏ်စာရင်းမရှိဘဲ ဒေါ်လာစီးဝင်မှုများနှင့် ပုဂ္ဂလိကဘဏ်များနှင့် ငွေလွှဲကိုယ်စားလှယ်(DAB) မှဒေါ်လာလေလံတင်ရောင်းချမှုများသည် စီးပွားရေးလုပ်ငန်းများ၌ ဒေါ်လာငွေစီးဆင်းမှုမြင့်တက်လာပြီး အာဖဂန်ငွေကြေး(afghani–AFN) လိုအပ်ချက်လည်း မြင့်တက်လာလျက်ရှိသည်။ သို့သော် AFN လိုအပ်ချက်မြင့်တက်လာခြင်းသည် စဉ်ဆက်မပြတ်အသုံးစရိတ်လျှော့ချရသဖြင့် အာဖဂန်စီးပွားရေးကို ပိုမိုကျုံ့လာစေမည်ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံကြားဖြတ် တာလီဘန်အုပ်ချုပ်မှုအဖွဲ့(ITA) သည် စီးပွားရေးအပေါ်ဆိုးကျိုးသက်ရောက်မှုများကို လျစ်လျူရှုကာ အသုံးစရိတ်လျှော့ချသည့်ငွေကြေးမူဝါဒကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ ITA အနေဖြင့် အသုံးစရိတ်လျှော့ချမှုသည် ငွေကြေးဖောင်းပွမှုထက် စီးပွားရေးအပေါ်ဆိုးကျိုးသက်ရောက်မှု ပိုမိုဖြစ်ပေါ်လျက်ရှိကြောင်းကို အသိအမှတ်ပြုထားခြင်းမရှိပေ။

အသုံးစရိတ်လျှော့ချသည့်ကာလများတွင် ဈေးနှုန်းကျဆင်းမှုကြောင့် တိုင်းပြည်၏ငွေကြေးသည် တန်ဖိုးတက်လာလျက်ရှိသည်။ ကုန်ဈေးနှုန်းကျဆင်းခြင်းသည် စီးပွားရေးလုပ်ငန်းအတွက် အကျိုးအမြတ်လျော့နည်းစေမည်ဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုလျှော့ချခြင်းနှင့် အလုပ်သမားလျှော့ချခြင်းတို့ဖြစ်ပေါ်လာစေမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် စားသုံးသူများ၏ ဝယ်ယူသုံးစွဲမှုအားကျဆင်းလာပြီး ဝယ်လိုအားလည်း ကျဆင်းလာစေမည်ဖြစ်သည်။ ထို့ပြင် စီးပွားရေးလှုပ်ရှားမှုများနှေးကွေးလာမှုကြောင့် စီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းတို့၏ထုတ်ကုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများရောင်းချနိုင်ရေး ရုန်းကန်ရလျက်ရှိသဖြင့် စီးပွားရေးကျုံ့မှုဖြစ်ပေါ်လာစေမည်ဖြစ်သည်။

လက်ရှိအချိန်တွင် အာဖဂန်ဈေးကွက်များသည် ကုန်စည်များစွာရှိနေသော်လည်း ပြည်သူအနည်းငယ်သာလျှင် ဝယ်ယူနိုင်သဖြင့် ဝယ်ယူမှုအားနည်းလျက်ရှိသည်။ စီးပွားရေးလုပ်ငန်းများသည် ရောင်းချရန် ရုန်းကန်ရလျက်ရှိသောကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်စေခြင်း၊ သို့တည်းမဟုတ် လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းရခြင်းများဖြစ်လာသောကြောင့် လက်ရှိစီးပွားရေးလုပ်ငန်းများ ဆိတ်သုဉ်းမှုဖြစ်ပေါ်စေလျက်ရှိသည်။

ထို့ပြင် အာဖဂန်သည် အခြေခံကုန်စည်များအတွက် သွင်းကုန်များအပေါ်အလွန်အမင်း မှီခိုအားထားရလျက်ရှိသည်။ အာဖဂန်ငွေကြေးခိုင်မာခြင်း၊ သို့မဟုတ် အသုံးစရိတ် လျှော့ချမှုအခြေအနေများသည် ကုန်ဈေးနှုန်းနည်းလာခြင်းတို့ ဖြစ်ပေါ်လာလျက်ရှိသဖြင့် ရေတိုကာလတွင် သွင်းကုန်စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများကိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ သို့သော် ဈေးနှုန်းချိုသာသောကုန်စည်များ တင်သွင်းလာခြင်းသည် ပြည်တွင်းကုန်ထုတ်လုပ်မှုကျဆင်းစေမည်ဖြစ်သည့်အတွက် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ယှဉ်ပြိုင်ရန်အခက်အခဲဖြစ်ပေါ်စေမည်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်ခြင်းသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပိတ်သိမ်းခြင်း၊ သို့မဟုတ် အင်ပြည့်အားပြည့်လည်ပတ်နိုင်စွမ်းမရှိခြင်းတို့ဖြစ်ပေါ်လာလျက်ရှိသဖြင့် သွင်းကုန်များအပေါ် ဆက်လက်မှီခိုနေရမည်ဖြစ်သည်။

ထို့ပြင် AFN သည် လက်ရှိအချိန်တွင် အာဖဂန်နိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံများမှ ငွေကြေးများထက် ပိုမိုခိုင်မာအားကောင်းလျက်ရှိသည်။ အဓိကကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် ပါကစ္စတန်တို့၏ရူပီးငွေကြေးများသည် အာဖဂန်ငွေကြေးနှင့် နှိုင်းယှဉ်လျှင် အားနည်းလျက်ရှိသည်။ ထိုအခြေအနေသည် အာဖဂန်ကုန်သည်များကို ဒေသတွင်း၌ ကုန်ထုတ်လုပ်ခြင်းထက် အဆိုပါနိုင်ငံများမှ ကုန်စည်တင်သွင်းခြင်းက ပိုမိုဈေးနှုန်းသက်သာစေမည်ဖြစ်သည်။ အာဖဂန်နိုင်ငံအနေဖြင့် ငွေကြေးတန်ဖိုးဆက်လက်မြှင့်ထားပါက ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံကို ဖြေရှင်းရန် ရုန်းကန်သွားရမည်ဖြစ်သည်။




ဆိုရလျှင် စီမံထိန်းချုပ်ဆောင်ရွက်ထားသော ငွေကြေးများသည် နိုင်ငံရေးဆိုင်ရာတွက်ချက်မှုများဖြင့် မကြာခဏလွှမ်းမိုးခံရလျက်ရှိသဖြင့် ငွေကြေးအပေါ် ယုံကြည်မှုအားနည်းလာစေပြီး မကြာခဏ အတက်အကျဖြစ်ပေါ်နိုင်ပေသည်။ တန်ဖိုးမြင့်နေသော အာဖဂန်ငွေကြေးနှင့်အတူ ငွေကြေးလဲလှယ်မှုနှုန်းအတက်အကျအပေါ် စိုးရိမ်ပူပန်မှုသည်ကုန်သည်များကို သွင်းကုန်များအပေါ် ဈေးချသွားရန်ချီတုံချတုံဖြစ်စေလျက်ရှိသည်။ ကုန်သည်များသည် အာဖဂန်ငွေကြေးတန်ဖိုး အချိန်မရွေးကျဆင်းပြီး အရှုံးပေါ်နိုင်မှုအပေါ် စိုးရိမ်ပူပန်လျက်ရှိသည်။ အကျိုးဆက်အနေဖြင့် သွင်းကုန်များ၏တန်ဖိုးသည် တင်သွင်းမှုကုန်ကျစရိတ်ထက် မြင့်မားစေလျက်ရှိသည်။ ငွေလဲနှုန်းတည်ငြိမ်ခြင်းသည် စီးပွားရေးလုပ်ငန်းအပေါ်ယုံကြည်မှုအတွက် အရေးပါလျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါလျက်ရှိသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာရည်ရွယ်ချက်များအတွက် ကုလသမဂ္ဂကအာဖဂန်သို့ လွှဲပြောင်းပေးသည့် ဒေါ်လာပမာဏသည် အနည်းငယ်သာရှိသော်လည်း ၎င်းအစီအစဉ်သည် အာဖဂန်စီးပွားရေးအတွက် ထူးခြားသောတန်ဖိုးဖြစ်ပြီး ပြည်သူများအကြား အာဖဂန်ငွေကြေးအပေါ် အပြုသဘောဆောင်သော အမြင်များရှိလာစေမည်ဖြစ်သည်။ ဒေါ်လာပို့ဆောင်မှုရပ်ဆိုင်းခြင်းသည် ဆင်းရဲတွင်းနက်နေသော အာဖဂန်ပြည်သူသန်းပေါင်းများစွာ၏ မရှိမဖြစ်လိုအပ်သော အကူအညီများ ဆုံးရှုံးစေရုံသာမက အာဖဂန်ငွေကြေးအပေါ် ယုံကြည်မှု ရုတ်တရက်ကျဆင်းလာသဖြင့် AFN တန်ဖိုးကျဆင်းလာစေမည်ဖြစ်သည်။ ထို့ပြင် ဈေးကွက်လည်ပတ်မှုအပေါ် ဆိုးကျိုးသက်ရောက်သဖြင့် သွင်းကုန်ကဏ္ဍနှင့် ကုန်ဈေးနှုန်းများအပေါ် သက်ရောက်မှုဖြစ်ပေါ်စေမည်ဖြစ်သည်။

**ဘဏ်လုပ်ငန်းကဏ္ဍ**

ယေဘုယျအားဖြင့် အာဖဂန်ပြည်သူများသည် ဘဏ္ဍာငွေလွှဲပြောင်းမှုနှင့် စာချုပ်စာတမ်းများအတွက် ယုံကြည်မှုကိုအခြေခံသော ရိုးရာအစဉ်အလာနှင့် တရားဝင်မဟုတ်သောစနစ်များကိုသာ ပိုမိုနှစ်သက်ကြသည်။ တာလီဘန်တို့ အာဏာမသိမ်းမီ ဘဏ်လုပ်ငန်းကဏ္ဍသည် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများအတွက် သာမန်ပြည်သူများ၏ယုံကြည်မှုစတင်ရရှိလာခဲ့သဖြင့် ရိုးရာစနစ်များနေရာတွင် တဖြည်းဖြည်း အစားထိုးလာခဲ့သည်။ သို့သော် ယခင်အစိုးရလက်ထက်တွင် အာဖဂန်ပြည်သူ ၁၅ ရာခိုင်နှုန်းခန့်သာလျှင် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများအတွက် ဘဏ်များကိုအသုံးပြုခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံတကာပိတ်ဆို့မှုများနှင့် ITA က ငွေထုတ်ယူမှုများအပေါ် ကန့်သတ်ချက်များကြောင့် မူလကတည်းက ဘဏ်လုပ်ငန်းကဏ္ဍအပေါ် နည်းပါးနေသည့် ယုံကြည်မှုပိုမိုပျက်ပြယ်လာစေခဲ့သည်။ ထိုသို့ယုံကြည်မှုဆုံးရှုံးသွားခြင်းသည် ဘဏ်များရှိ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများမှသည် တရားမဝင်လမ်းကြောင်းများဆီသို့ ပြန်လည်ရွေ့ပြောင်းသွားစေခဲ့သည်။

ငွေလဲလှယ်မှုလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်သူများသည် ငွေကြေးစုဆောင်းမှုများစွာကို လက်ခံပြီးစီးပွားရေးလုပ်ငန်းများ ကိုယ်စားပြည်တွင်းနှင့် ပြည်ပငွေကြေးလွှဲပြောင်းမှုများအဆင်ပြေချောမွေ့အောင်လုပ်ဆောင်ပေးခဲ့ပြီး နိုင်ငံခြားငွေလဲလှယ်မှုလုပ်ငန်းများ ဝန်ဆောင်မှုပေးခဲ့သည်။ လက်ရှိအချိန်တွင် ဘဏ်များသည် အသေးစားငွေလွှဲပြောင်းမှုများအပေါ်တွင်သာ မှီခိုရလျက်ရှိသည်။ ယခုနှစ် ဧပြီလတွင် ကမ္ဘာ့ဘဏ်၏အစီရင်ခံစာအရ ဘဏ်လုပ်ငန်းကဏ္ဍသည် ၂၀၂၀ ပြည့်နှစ်ကတည်းက စုစုပေါင်းပိုင်ဆိုင်မှုမှ ၂၅ ရာခိုင်နှုန်းခန့် အရှုံးပေါ်လျက်ရှိသည်။

ITAသည် ဘဏ်လုပ်ငန်းစနစ်တစ်ခုလုံးကိုအစ္စလာမ္မစ်ဘဏ်သို့ကူးပြောင်းရန် ရုတ်တရက် ဖိအားပေးခြင်းသည် ဘဏ်လုပ်ငန်းကဏ္ဍတွင် ယုံကြည်မှုပိုမိုပျက်ပြားလာစေခဲ့သည်။ စနစ်တကျထူထောင်ထားရှိသည့် ခေတ်မီသမားရိုးကျဘဏ်လုပ်ငန်းစနစ်ကို အစ္စလာမ္မစ်ဘဏ်ပုံစံပြောင်းလဲခြင်းသည် စနစ်တကျစီစဉ်ထားသော မဟာဗျူဟာလိုအပ်လျက်ရှိပြီး အချိန်ယူကာ တဖြည်းဖြည်းချင်း ပြောင်းလဲအကောင်အထည်ဖော်သင့်ပေသည်။ ထို့ပြင် အစ္စလာမ္မစ်ဘဏ်ပုံစံပြောင်းလဲခြင်းသည် ဘဏ္ဍာရေးဆိုင်ရာထုတ်ကုန်များ ဒီဇိုင်းရေးဆွဲရန်နှင့် ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ ထူထောင်ရန်ကျွမ်းကျင်မှု၊ အသိပညာနှင့် သုတေသနလုပ်ငန်းများလိုအပ်သည်။ လက်ရှိအချိန်တွင် အာဖဂန်နစ္စတန်နိုင်ငံသည် ဘဏ်လုပ်ငန်းစနစ်ကို အစ္စလာမ္မစ်ပုံစံပြောင်းလဲရန် လူသားအရင်းအမြစ် များ လိုအပ်လျက်ရှိသည်။

အကျိုးဆက်အနေဖြင့် တရားဝင်မဟုတ်သော လမ်းကြောင်းများမှတစ်ဆင့် စီးပွားရေးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလွှဲပြောင်းမှုများလုပ်ဆောင်ခြင်းသည် တရားဝင်စီးပွားရေးလုပ်ငန်းအတွက် အနည်းငယ်သာ အထောက်အကူပြုနိုင်သည်။ အကြောင်းမှုကား အဆိုပါလွှဲပြောင်းမှုများကို ခြေရာခံရန်စိန်ခေါ်မှုဖြစ်ပေါ်နေသောကြောင့်ပင်ဖြစ်သည်။ အချို့သော ငွေလွှဲလုပ်ငန်းများသည် Da Afghanistan Bank တွင် မှတ်ပုံတင်ထားသော်လည်း အများစုသည်ခွင့်ပြုချက်နှင့် မှတ်ပုံတင်ခြင်းမရှိဘဲ လုပ်ငန်းလည်ပတ်လျက်ရှိသည်။ ထို့ပြင် ငွေကြေးလွှဲပြောင်းမှုများစွာသည် အခွန်ရှောင်တိမ်းရန်ဖြစ်ပြီး တရားမဝင်ငွေကြေးစုဆောင်းမှုများရှိလာနိုင်ပေသည်။

**နိဂုံး**

ITA ၏ စီမံအုပ်ချုပ်မှုအောင်မြင်သော်လည်း ပြည်သူများရင်ဆိုင်နေရသော စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများသည်အထင်အရှားပင်ဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (UNDP)အစီရင်ခံစာ၌ အာဖဂန်ပြည်သူ ၈၅ ရာခိုင်နှုန်းခန့်သည် တစ်နေ့လျှင်ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာအောက်သာရရှိကြောင်း ဖော်ပြထားသည်။

ITA ၏ကြိုးပမ်းမှုများသည်ပြည်သူများအတွက် စားနပ်ရိက္ခာလုံခြုံမှုမရှိခဲ့ပေ။ အလားတူ ငွေကြေးခိုင်မာအောင် လုပ်ဆောင်ခြင်းနှင့် အတင်းအကျပ်အခွန်ကောက်ခံခြင်းသည် သာမန်ပြည်သူများအတွက် အပြုသဘောဆောင်သောရလဒ်များ ထွက်ပေါ်လာခဲ့ခြင်းမရှိပေ။ တာလီဘန်အစိုးရအဖွဲ့အပါဝင် လူအနည်းငယ်သာလျှင် တိုးမြှင့်ကောက်ခံသော အခွန်ဘဏ္ဍာနှင့် ငွေကြေးခိုင်မာမှုအကျိုးကျေးဇူးခံစားရမည်ဖြစ်သည်။ အဆိုပါအောင်မြင်မှုများသည် သာမန်ပြည်သူများအပေါ် ဆိုးကျိုးသက်ရောက်စေပြီး စီးပွားရေးကျုံ့လာမည့်အပြင် ဆင်းရဲမွဲတေမှုအဆင့်မြင့်မားလာစေမည်ဖြစ်သည်။

တိုင်းပြည်လုံခြုံရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသော်လည်း ITA အနေဖြင့် ကာလရှည်ကြာ ဆင်းရဲမွဲတေမှုကိုဖြေရှင်းနိုင်စွမ်းမရှိလျှင် ရေရှည်တွင်အန္တရာယ်ရှိလာမည်ဖြစ်ပေသည်။ ဆင်းရဲမွဲတေမှုကာလကြာရှည်ပြီး ပြည်သူများကြား ကူကယ်ရာမဲ့ဖြစ်နေသည်ဆိုသော ခံစားချက်ဖြစ်လာခြင်းသည် ပဋိပက္ခများ၊ မလုံခြုံမှုများဖြစ်ပေါ်လာပြီး စစ်မက်လိုလားသောအုပ်စုအသစ်များ ပေါ်ပေါက်လာစေနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **Evaluating the Taliban's Economic Policies by The Diplomat.**

**ဝင်းဇင်(သုတေသန)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ပေါက်ပေါက်

# ဆောင်းရာသီမှာ အသားအရေထိန်းသိမ်းပါ

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတုသုံးမျိုးရှိရာ ပူပြင်းခြောက်သွေ့သော နွေရာသီနှင့် ပူအိုက်စိုစွတ်သော မိုးရာသီတို့ကို အန်တုလာခဲ့ပြီးနောက် ရာသီစက်ဝန်း တစ်ပတ်လည်ကာ ဆောင်းရာသီရောက်ခဲ့ပြန်ပါပြီ။ နေ့လယ်နေခင်း နေပူ၍ လေသရမ်းကာ ဆောင်းရာသီ ညချမ်းတွင် အသားအရေက သိသိသာသာ ခြောက်သွေ့လာသည်။ လူတချို့ကမူ အသားအရေ ခြောက်သွေ့ရုံမျှမက အက်ကွဲလာတတ်ကြသည်။ အသားနုသူများက မျက်နှာ၊ ပါး၊ နှာခေါင်းထိပ် စသည့်လေအေးဖြင့် အများဆုံးထိတွေ့ရသောနေရာများတွင် အသားပပ်ကြသည်။ လူအများစုတင် အေးသောရာသီ၌ ခြေသလုံးအသားပပ်၍ ယားယံသဖြင့် ခပ်ကြမ်းကြမ်းကုတ်မိ၍ သွေးစို့ကာရေချိုးချိန်ရောက်မှ အရေပြားစပ်သော ဝေဒနာကိုခံစားမိကြရသည်။

ထို့အတွက် စိတ်မညစ်စေလိုပါ။ ဆောင်းရာသီအတွက် ရိုးရှင်းလွယ်ကူစွာ အသားအရေထိန်းသိမ်းနိုင်မည့် အောက်ဖော်ပြပါ နည်းလမ်းအသွယ်သွယ်တို့ဖြင့် ဆောင်းရာသီကို ကျော်ဖြတ်ကြစေချင်သည်။

- ဗီတာမင်အီးပါဝင်မှုပမာဏများသော မျက်နှာသစ်ဆပ်ပြာကို ဦးစားပေးရွေးချယ်ပါ။ ၎င်းက အသားအရေကို သန့်စင်စေရုံသာမက၊ အာဟာရလည်းဖြစ်စေသည်။
- ရက်သတ္တပတ်လျှင် တစ်ကြိမ်ခန့် နွားနို့(အစိမ်း)နှင့် မျက်နှာသစ်ပါ။ နွားနို့က အသားအရေကို ဖြူစင်ဝင်းမွတ်ရုံသာမက အစိုဓာတ်ကိုပါ ထိန်းပေးနိုင်သဖြင့် ဆောင်းရာသီတွင် အသားအရေ ခြောက်သွေ့ကြမ်းတမ်းမှုကို မဖြစ်ပေါ်စေတော့ပေ။
- ရောဂါပိုးမွှားသေစေနိုင်သော ဆပ်ပြာပြင်းပြင်းများကို ဆောင်းရာသီကဲ့သို့ အေးသောချိန်မှာ သုံးစွဲမိပါက ကောင်းကျိုးထက် ဆိုးကျိုးကပိုများသည်။ ၎င်းဆပ်ပြာက အရေပြားထဲရှိအဆီဓာတ်ကို ခြောက်သွေ့စေသည်။ ထို့ကြောင့် ပိုးသတ်ဆပ်ပြာများနှင့် ရနံ့ပါသောဆပ်ပြာတို့ကိုရှောင်ပြီး ဆပ်ပြာအပျော့စားကိုသာ အသုံးပြုပါ။ အဝတ်လျှော်ရာမှာလည်း ဆပ်ပြာအပျော့စားကိုသာ သုံးသင့်ပါသည်။
- ဆောင်းရာသီ၏နေပူဒဏ်က နွေနေကဲ့သို့ ပူပြင်းခြောက်သွေ့သဖြင့် နေ့ဘက်အပြင်ထွက်ရသူများက ခရမ်းလွန်ရောင်ခြည်ဒဏ်ကို ခံစားရမြဲဖြစ်သည်။ နေလောင်ဒဏ်ကာကွယ်နိုင်ရန်နှင့် အသားအရေကို အစိုဓာတ်ပြုပြီး ထိန်းသိမ်းစေရန်အတွက် SPF များများပါသော မျက်နှာအောက်ခံကရင်မ်ကို ရွေးချယ်သုံးစွဲပါ။ အထူးသဖြင့် ကရင်မ်နှင့် မိတ်ကပ်ဘူးခွံများပေါ်တွင် Winter Cream သို့မဟုတ် Winter Makeup စာသားပါသော အလှကုန်ပစ္စည်းကိုသုံးပါ။
- သိသိသာသာ အသားပပ်တတ်သူများက ရေဓာတ်ထိန်းသိမ်းပေးသော ပေါင်ဒါ သို့မဟုတ် ကရင်မ်ကို ရွေးချယ်လိမ်းပေးသင့်ပါသည်။ ၎င်းက မျက်နှာအစိုဓာတ်ကို ထိန်းသိမ်းပေးသဖြင့် ဆောင်းရာသီမှာ အသားပပ်ခြင်း၊ အသားကြမ်းခြင်းနှင့် မလိုလားအပ်သည့် အသားအရေခြောက်သွေ့မှုများကို လျော့ပါးသက်သာစေသည်။ ထိခိုက်လွယ်သော အသားအရေပိုင်ရှင်အချို့ကမူ ညအိပ်ယာဝင်ခါနီး ရှားစောင်းလက်ပပ်(ဂျယ်လီ) လိမ်းပေးပြီး ၁၅ မိနစ်ခန့်အကြာ မျက်နှာကို သဘာဝရေအေးဖြင့် သန့်စင်ပြီးမှ အိပ်ယာဝင်ပါ။
- အမျိုးသားများ မျက်နှာပေါ်က အမွေးအမှင်ရိတ်စဉ် သတိထားပါ။ အထူးသဖြင့် ဆောင်းကာလ အရေပြားခြောက်သွေ့နေချိန်တွင် အမွှေးအမှင်ရိတ်ခြင်းက အရေပြားကို ပိုမိုပျက်စီး စေတတ်သည်။ ထို့ကြောင့် အဆီတစ်ခုခု သုံးပေးပါ။ အမွေးရိတ်ဓားကို မကြာခဏ အသစ်လဲပေးပါ။
- ခန္ဓာကိုယ်တွင်း အပူဓာတ်များသူက ဆောင်းရာသီရောက်တိုင်း နှုတ်ခမ်းအသားပပ်လေ့ရှိကြသည်။ လူအချို့က ပြင်းပြင်းထန်ထန် နှုတ်ခမ်းအသားကွဲ အဖတ်လန်ကာ သွေးထွက်လာတတ်သည်။ ဟင်းရည်၊ ရေနွေး၊ ကော်ဖီ၊ လက်ဖက်ရည်စသည့်အရည်ပူပူများကို ခွက်ပူပူမှာ နှုတ်ခမ်းတွေ့၍ သောက်ခြင်းမပြုပါနှင့်။



- နှုတ်ခမ်းအသားပပ်နေချိန်မှာ ခဲဓာတ်ပါဝင်မှုများသော နှုတ်ခမ်းဆိုးဆေး အရောင်ရင့်ရင့်ကိုမသုံးဘဲ၊ အဆီပါဝင်မှုများသည့် နှုတ်ခမ်းဆိုးဆေးမျိုးကိုသာ ရွေးချယ်ပါ။
- ဆောင်းနံနက်ခင်း မည်မျှချမ်းအေးပါသော်လည်း အလုပ်သွားရန် နံနက်အိပ်ရာထ ရေချိုးကြရသည့်အခါ၊ သွေးပူ လေ့ကျင့်ခန်းလုပ်ပြီးမှ ရေချိုးသင့်သည်။ လူအများစုက ဆောင်းရာသီမှာ ရေနွေးဖြင့် ရေချိုးကြသည်။ ရေနွေးသုံးလေ့ မရှိသူများတွင် သိသိသာသာ အသားအရေခြောက်သွေ့ ပက်ကြားအက်လာပြီး အရေပြား ယားယံလာတတ်သည်။ ထို့ကြောင့် ရေနွေးသုံးပါက မိမိအသားအရေခံနိုင်ရုံလောက် အပူကိုသာသုံးပါ။ အလွန်ပူသော ရေနွေးဓာတ်ကြောင့် အသားအရေ မစိုပြည်တော့ဘဲ ညိုညစ်သွားတတ်သည်ကို သတိရှိပါ။
- လူအများစုက ဆောင်းရာသီရောက်တိုင်း ခြေသလုံးသားအရေပြားပေါ်မှာ ငါးအကြေးခွံသဏ္ဍာန် အသားပက်လာပြီး ယားယံသောကြောင့် ခပ်ကြမ်းကြမ်းကုတ်မိကာ အရေပြားသွေးစို့လာသည်။ ထိုပြဿနာအတွက် သကြားရည် (အလှဆီ)၊ သံလွင်ဆီ၊ အုန်းဆီတို့ကို လိမ်းပေးပါ။
- ရှေးလူကြီးများဆိုရိုးစကား "နွေအချို၊ မိုးအခါး၊ ဆောင်းအချဉ်"ကို သတိရပေးပါ။ အေးမြသည့် ဆောင်းရာသီမှာအချဉ်များများ စားပေးခြင်းက ခန္ဓာကိုယ်ရေဓာတ်(အစိုဓာတ်)ကို ထိန်းညှိပေးပါသည်။ ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားရုံသာမက အသည်းနှင့် ဆီးအိမ်ကို ကျန်းမာစေသည့်အပြင် မိမိစားသုံးလိုက်သော အစားအသောက်များထဲရှိ သတ္တုဓာတ်များကို အလွယ်တကူစုပ်ယူနိုင်ပြီး ခန္ဓာကိုယ်တစ်ရှူးများကို သန့်စင်ပေးသည်။ ၎င်းဖြစ်စဉ်က ကိုဗစ်-၁၉ ရောဂါဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်ပိုးများကို ခုခံတိုက်ခိုက်ပေးနိုင်သည်။ ထို့ကြောင့် သံပရိုသီး၊ ရှောက်သီး၊ သံပရိုသီး၊ ဂရိတ်ဖရုသီး၊ နာနတ်သီး၊ ပန်းသီး၊ မန်ကျည်းသီး၊ သစ်တော်သီး၊ ဒိန်ချဉ်၊ ပဲငပိအချဉ်ရည်၊ ရှလကာရည်စသည့် အချဉ်အရသာကို ဆောင်းရာသီဓာတ်စာအဖြစ် စားသုံးပေးသင့်သည်။
- ဆောင်းရာသီမှာ လေထုစိုထိုင်းစနည်းပါးမှုက ဆံသားနှင့်ဦးရေပြားတို့ ပိုမိုခြောက်သွေ့စေပြီး ဗောက်ထယားယံတတ်သည်။ သံလွင်ဆီ သို့မဟုတ် အုန်းဆီကိုအပူပေးပြီး ခေတ္တအအေးခံပါ။ ပြီးနောက် ဦးရေပြားနှင့် ဆံသားအနှံ့လူးပြီး ညင်ညင်သာသာ နှိပ်နယ်ပေးပါ။ တစ်ပတ်တစ်ကြိမ် မှန်မှန်ပြုလုပ်ပေးခြင်းဖြင့် ဆံပင်ကို အရင်းမှအဖျားထိ အာဟာရပြည့်ဝစေပြီး ဆောင်းရာသီ အအေးဒဏ်ကြောင့် ဦးရေပြားနှင့် ဆံသားများ ထိခိုက်ပျက်စီးမှုကို သက်သာစေနိုင်ပါသည်။
- ခန္ဓာကိုယ်အတွင်း အပူဓာတ်လျော့ချပေးနိုင်သောဆောင်းရာသီ အစားအစာများဖြစ်ကြသည့် မုန်လာဥဖြူ၊ မုန်လာဥနီ၊ ခရမ်းချဉ်သီး၊ ဖရဲသီး၊ အုန်းရည်၊ ဘယ်ရီသီးအမျိုးမျိုး၊ စိမ်းစားဥ၊ သခွားသီး၊ ဘူးသီး၊ ဂေါ်ရခါးသီးစားပါ၊ နွားနို့သောက်ပါ။ ဗီတာမင်နှင့် ပရိုတင်းဓာတ်များကြွယ်ဝသော ဗာဒံစေ့၊ သစ်ကြားသီးစားပါ။ မုန်ညင်းစိမ်း၊ ဘူးညွန့်၊ ဟင်းနုနယ်၊ ကိုက်လန်ကဲ့သို့ အစိမ်းရောင် လတ်လတ်ဆတ်ဆတ်ဟင်းသီးဟင်းရွက်များစားပါ။
- ချမ်းအေးသော ဆောင်းရာသီမှာ ပျမ်းမျှ လူ ၁၀ ဦးလျှင် ရှစ်ဦးခန့် ဝမ်းချုပ်တတ်ကြသည်။ "နံနက်ငှက်ပျော ညသဘော်၊ "ဆိုသည့် မြန်မာဆိုရိုးစကားအတိုင်း နေ့မွန်းမတည့်ခင်မှာ ငှက်ပျောသီးမှည့်မှည့်စားပြီး အိပ်ယာဝင်ခါနီး သဘော်သီးမှည့်မှည့် စားပေးသင့်သည်။
- ကောက်ညှင်းပေါင်းနှင့် ကောက်ညှင်းဖြင့်ပြုလုပ်ထားသော အစားအစာမျိုးစုံတို့ကို ဆောင်းတွင်းကာလတွင် အထူးရှောင်ရှားသင့်သည်။
- ဆောင်းရာသီချမ်းအေးသော်လည်း ရေလျော့မသောက်ကြဘဲ နွေရာသီမှာ ရေသောက်သကဲ့သို့ ဆောင်းရာသီမှာလည်း ရေများများသောက်ပေးရန်လိုသည်။ ထိုမှသာ အသားအရေအတွက် အစိုဓာတ်ထိန်းသိမ်းရာရောက်ပြီး အသားပပ်ခြင်း၊ အသားခြောက်သွေ့ယားယံခြင်း၊ နှုတ်ခမ်းသားအဖတ်လန်ခြင်း၊ ကျီးကန်းပါးစပ်ဖြစ်ခြင်း၊ ခံတွင်းခြောက် လည်ချောင်းနာခြင်းနှင့် ခံတွင်းရနံ့ဆိုးခြင်းများ မဖြစ်လာတော့ပေ။ ထိုမျှမက ခန္ဓာကိုယ်အတွင်း အူနှင့်ကလီစာများကို အလုပ်ကောင်းကောင်းလုပ်စေကာ သွေးလည်ပတ်မှုမှန်ကန်ပြီး ဝက်ခြံဖုများ ထွက်မလာနိုင်တော့ပေ။

**ဆောင်းရာသီတွင် ရေချိုးမကြောက်သင့်**

ရှေးလူကြီးများက ရေချိုးချိန်ကို "နွေကိုး၊ မိုးတစ်ဆယ်၊ ဆောင်းဆယ့်တစ်"ဟုဆိုကြသည်။ ထို့ကြောင့် ကိုယ်ခံအားနည်းသော သက်ကြီးရွယ်အိုများနှင့် ကလေးများအတွက် နံနက် ၁၁ နာရီတွင် ရေချိုးခြင်းက သင့်တော်သည်။ ချမ်းအေး၍ ရေချိုးရန်ကြောက်နေပါက ဦးစွာသွားတိုက်ပါ။ ပြီးမှရေချိုးပါ။ အအေးကြောက်သူများက ရေနွေးစပ်၍ ချိုးပေးနိုင်သည်။ သတိပြုရမည့်အချက်မှာ ရေနွေးပူပူဖြင့် အချိန်ကြာမြင့်စွာ ရေချိုးခြင်း၊ အနံ့အလွန်မွှေးသော ကိုယ်တိုက်ဆပ်ပြာသုံးစွဲခြင်းတို့သည် အသားအရေကို ခြောက်သွေ့စေတတ်သည်။

ရာသီဥတုမည်မျှအေးပါစေ ရေနွေးဖြင့် ခေါင်းမလျှော်သင့်ပေ။ မိမိခန္ဓာကိုယ်အတွင်း အပူချိန်ထက်ပို၍ပူသောရေနွေးဖြင့် ခေါင်းလျှော်ခြင်းက ဆံသားကို ကာကွယ်ပေးသော သဘာဝအဆီဓာတ်ကိုဆုံးရှုံးသွားကာ ဆံသားများ ခြောက်သွေ့မာဆတ်လာသည်။ ထို့ပြင် ရေနွေးဖြင့်ခေါင်းလျှော်ခြင်းက မျက်စိထိခိုက်စေပါသည်။

အိမ်မှာအမြဲနေရသူများကလည်း ဆောင်းရာသီမှာရေချိုးမကြောက်ပါနှင့်။ ဆောင်းရာသီအအေးဓာတ်ကြောင့် ခန္ဓာကိုယ်ပြင်ပမှ အသားအရေက အေးမြနေသော်လည်း၊ ရာသီဥတုမရွေး ခန္ဓာကိုယ်အတွင်း အပူဓာတ်ရှိမြဲလျက်သာဖြစ်သည်။ ဆောင်းရာသီတွင် အအေးဒဏ်ကြောင့် ရေချိုးကြောက်သူများက နေ့စဉ်ပုံမှန် ရေချိုးသူများထက် လေးလံထိုင်းမှိုင်းနေတတ်ပြီး ကျန်းမာရေးကိုထိခိုက်စေနိုင်သည်။ ရေချိုးခြင်းက ခန္ဓာကိုယ်အတွင်းရှိ အပူဓာတ်များကို ဖယ်ရှားပေးပြီး စိတ်ကိုကြည်လင်လန်းဆန်းစေသည်။ အေး၍ရေမချိုးသူများတွင် ခန္ဓာကိုယ်တွင်း အခိုးငုပ်ခြင်း၊ မသန့်ရှင်းခြင်း၊ လေချုပ်ခြင်း၊ သွားနာခြင်း၊ မျက်စိဝေခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ခေါင်းမူးခေါင်းကိုက်ခြင်း စသည်တို့ကို ဖြစ်စေနိုင်သည်။ ထို့ပြင် ဖျတ်လတ်သွက်လက်ခြင်းမရှိတော့ဘဲ ထိုင်းမှိုင်းမှုကိုဖြစ်စေသည်။

ထို့ကြောင့် ဆောင်းရာသီတွင် အသက်အရွယ်မရွေးရေချိုးသင့်ပြီး ပုံမှန်ရေချိုးခြင်းကြောင့် အဆစ်အမျက်ကိုက်ခဲခြင်းနှင့် ဇက်ကြောတက်ခြင်းဝေဒနာများမှလည်း ကာကွယ်ရာရောက်သည်။ အကယ်၍ အလွန်အေးသောဒေသတွင် နေထိုင်သူဖြစ်ပါက မိမိနေထိုင်ရာပတ်ဝန်းကျင်၊ ရာသီဥတုအအေးဓာတ်ပိုသောနေ့ရက်ပေါ်မူတည်၍ ရေနွေးစပ်၍ တစ်ရက်ခြား ရေချိုးသင့်သလို၊ ရေခပ်နွေးနွေးဖြင့် ရေချိုးခြင်းကလည်း အကြောအခြင်များကို ပြေစေကာ ညောင်းညာကိုက်ခဲမှုဝေဒနာများကို အမှန်တကယ်သက်သာပြေလျော့စေမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် နိစ္စဓူဝလှုပ်ရှားမှုတိုင်းကို လေ့ကျင့်ခန်းမှန်မှန် ခပ်သွက်သွက်ပြုလုပ်၍ ချွေးထွက်အောင်နေထိုင်ပါ။ ဆောင်းရာသီမှာ ချွေးထွက်ခြင်းက သွေးလေလည်ပတ်မှုကို ကောင်းမွန်စေပြီး အသားအရေကိုလည်း ထိန်းသိမ်းရာရောက်သည်။ အထက်ပါနည်းလမ်းများကို လက်ကိုင်ထားရင်း ဆောင်းရာသီတွင် အေးသောဒဏ်ကို အန်တုကာ ပျော်ပျော်ကြီး ကျော်ဖြတ်ကြစေလိုသည်။ အလှအပမြတ်နိုးသူတိုင်း လှသည်ထက်ပို၍လှနိုင်ကြပါစေ။







ABL APP is now AVAILABLE in both MM and ENG versions!

## “အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အမှတ်(၁)နယ်မြေ၊ စိတ္တရမဟီရပ်ကွက်နေ အဖ ဦးဝေလွင်(၉/တတဥ(နိုင်)၀၀၅၆၈၅)၏သမီး မထက်ထက်လွင် (ခ) မထက်ထက်ဝေလွင်(၉/တတဥ(နိုင်)၁၅၃၂၆၂)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ မထက်ထက်လွင် (ခ) မထက်ထက်ဝေလွင်

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

လက်ကိုဆပ်ပြာ (သို့မဟုတ်) Alcohol ၆၀ ရာခိုင်နှုန်းပါဝင်သော လက်သန့်ဆေးရည်ဖြင့် မကြာခဏစနစ်တကျဆေးကြောပါ။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

အရက်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။



❖ MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့ကို ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်က အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်...

❖ ထို့ကြောင့် ၎င်းတို့နှင့် ဆက်နွယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည့်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



## မအူပင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပုသိမ် ဒီဇင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မအူပင်ခရိုင် ပန်းတနော်မြို့နယ် မရမ်းကျေးရွာအုပ်စု မရမ်းကျေးရွာရှိ တောင်သူဦးအောင်ကျော်မိုး၏ ဆင်းရွှေကြာ(၂) ဆောင်းနေကြာစံပြစိုက်ခင်း ၁၀ ဧကတွင် ဆောင်းနေကြာသီးနှံရွက်ဖျန်းမြေဩဇာပက်ဖျန်းခြင်းကို ကြည့်ရှုအားပေးပြီး ကရင်ဒုံးယိမ်းအကအဖွဲ့များကို ချီးမြှင့်ငွေများ ပေးအပ်၍ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဒေသခံတောင်သူများကို ဆေးဖျန်းပုံးများနှင့် ရွက်ဖျန်းမြေဩဇာများပေးအပ်သည်။

ထို့နောက် ပန်းတနော်မြို့နယ် ဒေါဝါးကျေးရွာအုပ်စု ဒေါဝါးကျေးရွာရှိ တောင်သူဦးကျော်ခိုင်ဝင်း၏ နွေစပါးစိုက်ကေငါးကေတွင် ဆိုလာရေတင်စနစ်ဖြင့် နွေစပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး စာမျက်နှာ ၁၇ ကော်လံ ၁ ☆

## မန္တလေးမြို့တွင် စာပေချစ်မြတ်နိုးသူ အသက်အရွယ်မရွေး စာအုပ်စာပေဖတ်ရှုမှု ပိုမိုနှစ်သက်

မန္တလေး ဒီဇင်ဘာ ၂၉

စာပေချစ်မြတ်နိုးသူများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ရည်ရွယ်၍ စာအုပ်စျေးရောင်းပွဲတော်ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်း ကျုံးတောင်ဘက် Public Area တွင် ခင်းကျင်းပြသရောင်းချပေးလျက်ရှိပြီး စာအုပ်စာပေဖတ်ရှုမှုကို ပိုမိုနှစ်သက်ကြောင်း သိရသည်။

မန္တလေးမြို့တွင် စာပေချစ်သူများပြားပြီး စာဖတ်ပရိသတ်အမြင့်ဆုံးဖြစ်ခြင်းကြောင့် စဉ်ဆက်မပြတ်ကျင်းပပေးနေကြောင်း၊ ယခုကဲ့သို့ စာအုပ်စျေးရောင်းပွဲတော်များကိုလည်း တစ်နှစ်လျှင် နှစ်ကြိမ်နှုန်းဖြင့် ခြောက်လတစ်ကြိမ် လာရောက်ရောင်းချလျက်ရှိရာ အသက်အရွယ်မရွေး စာမျက်နှာ ၁၆ ကော်လံ ၁ ❖



## ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၂၈၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ